# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်   ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၁၉ ရက်၊ တနင်္လာနေ့   အတွဲ (၅၈)၊ အမှတ် (၃၂၃)


# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံ၌ ကျင်းပသည့် International Army Games - 2019 ပိတ်ပွဲ တက်ရောက်

**နေပြည်တော် ဩဂုတ် ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့ The Mound of Glory တွင် ကျင်းပပြုလုပ်သည့် International Army Games-2019 ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် Patriot Part တွင် ခင်းကျင်းပြသထားသည့် House of Friendship ပြခန်းများမှ မြန်မာနိုင်ငံဆိုင်ရာပြခန်းသို့ ရောက်ရှိကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergei Shoigu နှင့် အဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်ကာ မြန်မာနိုင်ငံဆိုင်ရာ ပြခန်းနှင့်ပတ်သက်၍ ရှင်းလင်းပြသသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် International Army Games-2019 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာ့ တပ်မတော်မှ တင့်တပ်ဖွဲ့ပြိုင်ပွဲဝင်များနှင့်ယှဉ်ကျေးမှုအဖွဲ့များကို တွေ့ဆုံအားပေးစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❇




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergei Shoigu တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။**

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး



# ဂုတ်တွင်းတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ဘေလီတံတား ယာယီအစားထိုးတည်ဆောက်လျက်ရှိ ရှောင်ကွင်းလမ်းများမှ ကားများ ဖြတ်သန်းသွားလာနိုင်

**ရန်ကုန် ဩဂုတ် ၁၈**

ဩဂုတ် ၁၅ ရက်က မိုင်းခွဲဖျက်ဆီးခြင်းခံရသော မန္တလေး-လားရှိုး-မူဆယ် နယ်စပ်ကုန်သွယ်ရေးကားလမ်း မိုင်တိုင်အမှတ် (၈၃ / ၇ နှင့် ၈၄) ကြား ပြင်ဦးလွင်-နောင်ချိုအပိုင်းရှိ ဂုတ်တွင်းတံတားကို ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က ဘေလီတံတားဖြင့် ယာယီအစားထိုး တည်ဆောက်လျက်ရှိသည်။

အဆိုပါ တံတားသည် မူဆယ်-ရွှေလီနှင့် ချင်းရွှေဟော်-မိန်းတိန်နယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုတို့မှ အားထားနေရသော၊ တရုတ်နိုင်ငံနှင့် တစ်နေ့လျှင် ဒေါ်လာ ၁၅ သန်းဖိုးခန့် ကုန်သွယ်မှုပြုလုပ်နေသော လမ်းပေါ်ရှိအချက်အချာ တံတားဖြစ်ပြီး တစ်နေ့လျှင် ကားအစီးရေ ၅၀၀၀ ကျော် ဖြတ်သန်းလျက်ရှိသော တံတားဖြစ်သည်။

ထို့ကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးချုပ်နှင့် တံတားဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် တံတားအထူးအဖွဲ့ ၂၊ ၄၊ ၆ တို့က အလျား ပေ ၂၁၀ ရှိနှစ်လမ်းသွား ဘေလီတံတားကို ငါးရက်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ◆





# ကိုယ်ရေးကိုယ်တာနေရာ အများဆိုင်နေရာ

လူ့အခွင့်အရေးဟူသည် လူတစ်ယောက်၏ မွေးရာပါအခွင့်အရေးဟုပဲ ဆိုရပါမည်။ လူတစ်ယောက်အဖြစ် မွေးဖွားလာသည်နှင့် မည်သူမဆို ဘာခွဲခြားမှုမျှ ရှိစရာမလို တန်းတူညီမျှ ကိုယ်ပိုင်အခွင့်အရေး ရှိကြသည်ချည်းတည်း။

မည်သူတစ်ဦးတစ်ယောက်၏ ကိုယ်ရေးကိုယ်တာဆိုင်ရာ အခွင့်အရေးကိုမဆို မည်သူတစ်စုံတစ်ယောက်ကမျှ ပိတ်ပင်တားဆီးရန်မသင့်၊ ပိတ်ပင်တားဆီးဖို့ မဖြစ်နိုင်၊ ပိတ်ပင်တားဆီးလို့မရ ဟူသည်က အခြေခံဖြစ်ပါသည်။

လူတိုင်းသည် ဥပဒေ၏ အရိပ်အောက်တွင် အခြားသူ တစ်ဦးတစ်ယောက်ကို မထိခိုက်ဘူးဆိုလျှင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာယုံကြည်ခွင့်၊ လွတ်လပ်စွာ ရှင်သန်ခွင့်၊ လွတ်လပ်စွာ သက်မွေးဝမ်းကျောင်းခွင့် အစရှိသည့် အခြေခံလူ့အခွင့်အရေးများအပြည့်အဝရှိချေ၏။ သည်လို လူတိုင်းရရှိခံစားနိုင်သည့် အခြေခံလူ့အခွင့်အရေးများကို အခြေခံဥပဒေကလည်း အကာအကွယ်ပေးထားရလေသည်။

သို့သော်လည်း ထိုသို့သော လူ့အခွင့်အရေးဟူသည် မိမိတစ်ဦးတည်းအတွက်သာမဟုတ်ဘဲ အခြားသူများတွင်လည်း လူ့အခွင့်အရေးရှိသည်ဆိုခြင်းကို သတိပြုရန် လိုအပ်ပါမည်။ မိမိတွင် လူ့အခွင့်အရေးများရှိသကဲ့သို့ အခြားသူများတွင်လည်း တူညီသော လူ့အခွင့်အရေးများရှိသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ လူတစ်ဦးစီ၏ လူ့အခွင့်အရေးများအတွက် လူတိုင်း၏ ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်ဆက်စပ်ရာ နယ်မြေရှိသကဲ့သို့ အများနှင့် ပတ်သက်စပ်ဆိုင်ရာ နယ်မြေဟူသည်လည်း ရှိပါသည်။

မိမိ၏အခွင့်အရေးကို အသုံးပြုရာတွင် အများပြည်သူနှင့် ပတ်သက်စပ်ဆိုင်ရာနယ်မြေဖြစ်လျှင် ထိုအခွင့်အရေးသည် အကန့်အသတ် ရှိနေမည်ဖြစ်၏။ မိမိ၏ ကိုယ်ရေးကိုယ်တာနယ်မြေတွင် မိမိယုံကြည်သလို၊ မိမိသဘောကျသလို နေထိုင်ပြောဆို၍ ဖြစ်သည်ဆိုသော်လည်း အများဆိုင်နယ်မြေတွင် မည်ရွေ့မည်မျှ သို့မဟုတ် မည်သို့မည်ပုံဆိုသည့် အကန့်အသတ်ရှိပါမည်။

အများပြည်သူနှင့် စပ်ဆိုင်ပတ်သက်ရာနယ်မြေတွင် စောင့်ထိန်းရသည်များရှိပါသည်။ အများနှင့်ပတ်သက်ရာမြေတွင် ဆေးလိပ်မသောက်ရဟု ကန့်သတ်ထားခြင်းမျိုး။

အများနှင့် ပတ်သက်စပ်ဆိုင်သော နေရာနှင့် မိမိ၏ ကိုယ်ရေးကိုယ်တာနေရာဟူသည့် ကွဲပြားသော အနေအထားပေါ်မူတည်ကာ ဥပဒေအရ၊ လူမှုကျင့်ဝတ်အရ၊ ဓလေ့ထုံးစံအရ ကွဲပြားမှုအမျိုးမျိုးရှိသည်ကို နားလည်ကြရန် လိုပါမည်။

ဤသို့သော ကွဲပြားသည့် နေရာဌာနကို ခွဲခြားသိရှိနားလည်ကာ ဥပဒေ၊ ကျင့်ဝတ်နှင့် ဓလေ့တို့ကို လိုက်နာခြင်းက လူမှုအသိုက်အဝန်းထဲတွင် အလွန်အင်မတန် အရေးကြီးပါသည်။

မိမိကိုယ်ပိုင်အခွင့်အရေးအရ ဆေးလိပ်သောက်သည် ဆိုနိုင်သော်လည်း ထိုဆေးလိပ်ငွေ့များကြောင့် အနားရှိ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ အဆုတ်မကောင်းသူများ၊ ပန်းနာရင်ကျပ်ရှိသူများ စသည့်သူများရှိနေလျှင် မိမိကြောင့် သူတစ်ပါးထိခိုက်နစ်နာမှုမဖြစ်ရအောင် ကန့်သတ်ရခြင်းမျိုး ဖြစ်ပါသည်။

အများပြည်သူလမ်းများ၊ ရပ်ကွက်များအတွင်း ဆူညံနေအောင် ဖွင့်လှစ် ထားသော လော်စပီကာသံများ၊ မော်တော်ကားဟွန်းတီးသံများ၊ အများပြည်သူနေရာ ဘတ်စ်ကားများပေါ်တွင်လည်းကောင်း၊ လေဆိပ်ဘူတာရုံစောင့်ဆိုင်းနေရာများတွင် မိမိတို့အစုအဖွဲ့လိုက် ဆူညံစွာ အော်ဟစ်ပြောဆိုနေသံများ၊ ရုပ်ရှင်ရုံအတွင်းက တယ်လီဖုန်းသံများ၊ စကားပြောဆိုသံများ၊ လူမြင်ကွင်းများပေါ်က မဖွယ်မရာ ပြုမူပြောဆိုနေမှုများ အစရှိသည်တို့က မိမိတို့ တစ်ဦးချင်းနှင့် မိမိတို့ လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုအဆင့်အတန်း၊ မိမိတို့လူ့အဖွဲ့အစည်း၏ ဥပဒေစိုးမိုးမှု၊ မိမိတို့ လူ့အဖွဲ့အစည်း၏ ဓလေ့ထုံးစံတို့ပေါ် လေးစားမြတ်နိုးတတ်သော တန်ဖိုးထားမှု အစရှိသည်တို့ကို ဖော်ပြနေသည်ကို သတိပြုသင့်ပါသည်။

အများဆိုင်နေရာများပေါ်က ကျူးကျော်အိမ်များ၊ လမ်းဘေးဈေးသည်များ၊ အကျအန နေရာယူထားသော ကားကြီးကားငယ်အသွယ်သွယ်များနှင့်အတူ ဆေးလိပ်မီးတဖွားဖွား၊ ဆေးလိပ်ငွေ့တထောင်းထောင်း၊ ကွမ်းသွေးတပြစ်ပြစ်၊ တံတွေး တထွေးထွေး၊ အမှိုက်တချချ၊ ဆဲဆိုအော်ဟစ်သံ တဆူဆူ၊ လော်စပီကာ တညံညံ၊ မော်တော်ကားဟွန်းသံ တပွမ်ပွမ် တဂွမ်ဂွမ်တို့ကြားမှာနေရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လက်သီးလက်မောင်းတန်းနေကြလို့ မရနိုင်။

တစ်ဦးချင်း၏ ထိန်းသိမ်းစောင့်ရှောက်တာဝန်ယူတတ်မှု၊ လူမှုစည်းမျဉ်းစည်းကမ်းတို့ကို လိုက်နာတတ်မှု၊ လူမှုကျင့်ဝတ်တို့ကို စောင့်ထိန်းမှု၊ ဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသည့် မဏ္ဍိုင်များအားလုံးက အလေးအနက်ထား၍ စနစ်တကျတာဝန်ခံဆောင်ရွက်မှု၊ လူမှုအဖွဲ့အစည်းက ဝိုင်းဝန်းထိန်းကျောင်းမှုတို့ဖြင့် ယဉ်ကျေးဖွယ်ရာသည့် လူမှုဝန်းကျင်ပေါ်ထွန်းနိုင်ပါစေသတည်း။ ။

# (၁၃၆) ကြိမ်မြောက် မိတ္ထီလာမြို့ သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**မိတ္ထီလာ ဩဂုတ် ၁၈**

မိတ္ထီလာမြို့ သမိုင်းဝင်ဖောင်တော်ဦးစေတီတော်၏ (၁၃၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို စက်တင်ဘာ ၆ ရက်မှ စက်တင်ဘာ ၁၆ ရက် (တော်သလင်းလဆန်း ၈ ရက်မှ တော်သလင်းလပြည့်ကျော် ၂ ရက်) အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါစေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်ညိုထံမှ သိရသည်။

"ဒီနှစ် မိတ္ထီလာမြို့ သမိုင်းဝင်ဖောင်တော်ဦးစေတီတော်ရဲ့ (၁၃၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို တော်သလင်းလဆန်း ၈ ရက်ကနေ တော်သလင်းလပြည့်ကျော် ၂ ရက်အထိ နှစ်စဉ်ကျင်းပမြဲအတိုင်း စည်ကားသိုက်မြိုက်စွာကျင်းပသွားမှာ ဖြစ်ပါတယ်။ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပမှာဖြစ်ပြီး လှေပြိုင်ပွဲဝင်မယ့် အသင်းအရေအတွက် အနေအထားကို ကြည့်ပြီးတော့ အကြီးတန်း၊ အငယ်တန်းခွဲခြားပြီး ကျင်းပမှာပါ။ တော်သလင်းလပြည့်နေ့မှာ လှေပြိုင်ပွဲ



ဗိုလ်လုပွဲကို ကျင်းပမည်ဖြစ်ပြီး ပင့်သံဃာတော်အပါး ၁၀၀ ကျော် ဆွမ်းသပိတ်ဆက်ကပ်လှူဒါန်းပွဲကိုလည်း အဲဒီနေ့မှာ ကျင်းပမှာ ဖြစ်ပါတယ်"ဟု သမိုင်းဝင်ဖောင်တော်ဦးစေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးခင်ညိုက ပြောသည်။

မိတ္ထီလာမြို့သမိုင်းဝင်ဖောင်တော်ဦးစေတီတော်ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်တော်သလင်းလတိုင်း အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ဘုရားပွဲတော်ကာလတွင် ဆိုင်ခန်းကြီး၊ ဆိုင်ခန်းငယ် ၈၀၀ကျော်ဖြင့် ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချခြင်း၊ ပင်လယ်ဓားပြလှေများ၊ ချားရဟတ်များ၊ ပျော်ပွဲရွှင်ပွဲများလည်း ထည့်သွင်းကျင်းပလျက်ရှိသည်။ မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲမှာ ဘုရားပွဲတော်လာရောက်လည်ပတ်သူများ စိတ်ဝင်တစားဖြင့် စည်ကားသိုက်မြိုက်စွာ ကြည့်ရှုအားပေးကြသည့် အထင်ကရ လှေပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကျောင်းကုန်းမြို့ လဟာကြိုက်အင်းအတွင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းခွဲ ငါးမျိုးစိုက်ထည့်

**ကျောင်းကုန်း ဩဂုတ် ၁၈**

ငါးသယံဇာတတိုးပွားရေး၊ ဒေသတွင်း ငါးစားသုံးမှုဖူလုံရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ နှစ်စဉ် ငါးမျိုးစိုက်ထည့်ပေးလျက်ရှိရာ ကျောင်းကုန်းမြို့နယ် ရောင်ပြစ်ကွင်းကျေးရွာရှိ လဟာကြိုက်အင်းအတွင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းခွဲကို ယနေ့နံနက် ၉ နာရီက ငါးမျိုးစိုက်ထည့်ကြသည်။

အဆိုပါငါးမျိုးစိုက်ထည့်ပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး စောအောင်ရဲထွဋ်လွင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးအေးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းကြီးကြပ်ရေးကော်မတီဝင်များ၊ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ တက်ရောက်၍ ငါးမြစ်ချင်းကောင်ရေ တစ်သိန်းခွဲ၊ တောင်ပေါ်ငါးသလောက် ကောင်ရေ ငါးသောင်း၊ ငါးခုံးမကြီးကောင်ရေ ငါးသောင်း စုစုပေါင်းကောင်ရေနှစ်သိန်းခွဲကို ငါးမျိုးစိုက်ထည့်ပေးကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

**ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

မန္တလေး ဩဂုတ် ၁၈

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။**


အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီး



အတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိ စုစုပေါင်း ၁၈၆ ဦး တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်းက ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးများ၏ မှာကြားချက်များကို လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများက တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ခင်ခင်ချိုက ပြည်ထောင်စုတရားလွှတ်တော်ချုပ် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ၏ မှာကြားချက်များကိုလည်းကောင်း ထပ်ဆင့်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**တင်မောင်**
**(မန်းကိုယ်ပွား)**



*ရှေ့ဖုံးမှ*

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ တင့်ကား မောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ရုရှားနိုင်ငံ၊ ဘီလာရုစ်နိုင်ငံ၊ ကာဇက်စတန်နိုင်ငံနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့မှ တင့်တပ်ဖွဲ့ဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ပြိုင်ပွဲတွင် ရုရှားနိုင်ငံ တင့်တပ်ဖွဲ့ဝင်များက စံချိန် ၁ နာရီ ၃၃ မိနစ် ၂၀ စက္ကန့်ဖြင့် ပထမနေရာမှ ပန်းဝင်ခဲ့ကြောင်း သိရသည်။

**ဆွေးနွေး**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့သည် Patriot Part ဧည့်ခန်းမဆောင်၌ သီးခြားတွေ့ဆုံ၍ International Army Games-2019 တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အခြေအနေများနှင့် နောက်နှစ်များတွင်လည်း ဆက်လက်ပါဝင်ယှဉ်ပြိုင်သွားမည့်ကိစ္စ၊ ယခုကဲ့သို့ ပြိုင်ပွဲများ ကျင်းပခြင်းဖြင့် စစ်မက်ပဋိပက္ခ ဖြစ်ပွားမှုမရှိဘဲ ကာကွယ်ရေးစွမ်းရည်ကို ပြသနိုင်သည့်အတွက် ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နေမှုကို ဖော်ပြနေသည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည် မြှင့်တင်ရေးဆောင်ရွက်မှုများတွင် ကူညီဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် International Army Games-2019 ပိတ်ပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်ဂုဏ်ပြုကြပြီး ရုရှားကာကွယ်ရေးဝန်ကြီးမှ တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

**ဂုဏ်ပြုချီးမြှင့်**

ဂုဏ်ပြုညစာစားပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးက International Army Games-2019 ပြိုင်ပွဲ အောင်မြင်မှုရရှိအောင် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ပြိုင်ပွဲဝင်နိုင်ငံများမှ စစ်ဘက်ဆိုင်ရာ အကြီးအကဲများအား "Army Game အောင်မြင်ဖြစ်မြောက်အောင် ပါဝင်ကူညီမှုအတွက် ရုရှားကာကွယ်ရေးဝန်ကြီးမှ ချီးမြှင့်သည့် ဆုတံဆိပ်" ကို ဂုဏ်ပြုချီးမြှင့်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ခံရယူခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် နိုင်ငံပေါင်း ၃၉ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး စစ်မြေပြင်စွမ်းရည် ပြိုင်ပွဲ ၃၂ မျိုးပါဝင်ကာ ရုရှားနိုင်ငံအပါအဝင် ၁၀ နိုင်ငံ၌ ပြိုင်ပွဲများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့တပ်မတော်အနေဖြင့် ဒုတိယအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကာ တင့်ကားစွမ်းရည်ပြိုင်ပွဲ၊ လက်ဖြောင့်သေနတ်ပစ်စွမ်းရည်ပြိုင်ပွဲနှင့် စစ်မြေပြင်ဆေးတပ်ဖွဲ့ စွမ်းရည်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယင်းပြိုင်ပွဲများ၏ ဆက်စပ်ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် Creative Competition သို့လည်း မြန်မာ့တပ်မတော်မှ ယဉ်ကျေးမှုအဖွဲ့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ထိုသို့ ယှဉ်ပြိုင်ခဲ့ရာတွင် တင့်တပ်ဖွဲ့အနေဖြင့် ပြိုင်ပွဲဝင်နိုင်ငံ ၃၂ နိုင်ငံအနက် အုပ်စု ၂ တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အကြိုဗိုလ်လုပွဲအဆင့်ထိ တက်ရောက်နိုင်ခဲ့ကာ နိုင်ငံအလိုက် အဆင့် ၁၃ နေရာတွင်လည်းကောင်း၊ ဆေးတပ်ဖွဲ့အနေဖြင့် ပြိုင်ပွဲဝင် ၁၂ နိုင်ငံ၊ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းအနက် နိုင်ငံအလိုက် အဆင့် ၅ နေရာတွင်လည်းကောင်း၊ လက်ဖြောင့်သေနတ်ပစ်တပ်ဖွဲ့အနေဖြင့် ပြိုင်ပွဲဝင် ၂၁ နိုင်ငံ၊ ပြိုင်ပွဲဝင်အသင်း ၂၃ သင်းအနက် နိုင်ငံအလိုက် အဆင့် ၁၇ နေရာတွင်လည်းကောင်း အသီးသီးရပ်တည်နိုင်ခဲ့ပြီး မြန်မာ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့က မြန်မာ့ရိုးရာတူရိယာပစ္စည်းများ၊ သီချင်းများ၊ အကများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေခဲ့ကြကာ ပြိုင်ပွဲဝင် ကိုးနိုင်ငံအတွင်း အဆိုအကောင်းဆုံးဆု၊ အကအကောင်းဆုံးဆုနှင့် အတီးအကောင်းဆုံးဆုတို့ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ (မော်စကို) သို့ သွားရောက်ပြီး ကျောင်းထိုင်ဆရာတော် ဒေါက်တာဘဒ္ဒန္တအစ္စရိယအား ဖူးမြော်ကြည်ညိုကြကာ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာထေရဝါဒဗုဒ္ဓဝိဟာရ (မော်စကို) တွင် ဆက်လက်ဆောင်ရွက်သွားမည့် သာသနိကအဆောက်အဦ တည်ဆောက်ရေးကိစ္စရပ်များ၊ ဗုဒ္ဓဘာသာသာသနာထွန်းကားပြန့်ပွားရေးဆိုင်ရာ ကိစ္စရပ်များအား မေးမြန်းလျှောက်ထားပြီး ကျောင်းဝင်းအတွင်း ကျောင်းထိုင်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအစ္စရိယနှင့်အတူ လိုက်လံကြည့်ရှုခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Patriot Part ၌ ခင်းကျင်းပြသထားသည့် House of Friendship ပြခန်းများမှ မြန်မာနိုင်ငံဆိုင်ရာပြခန်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Army General Sergei Shoigu နှင့် အဖွဲ့ဝင်များအား ပြခန်းနှင့် ပတ်သက်၍ ရှင်းလင်းပြသစဉ်။**

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အကြံပေးပညာရှင်များနှင့် တွေ့ဆုံ




**ရန်ကုန် ဩဂုတ် ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးမှူးရုံး၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အကြံပေးပညာရှင်များနှင့် တွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် အကြံပေးပညာရှင်များက အကြံပြုချက်များနှင့်စပ်လျဉ်း၍ အကျိုးဖြစ်ထွန်းမှုနှင့် ထိရောက်စွာ ဆောင်ရွက်နိုင်မှု၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ခန့်မှန်းထုတ်ပြန်ချက်အရ မိုးလယ်ကာလတွင် မိုးပိုနိုင်မှုနှင့် ယင်း၏ အကျိုးဆက်များကို သတိထားရန်လိုအပ်မှု၊ အချိန်တိုအတွင်း မိုးရေချိန်များများရွာသွန်းခြင်းကြောင့် မြေပြိုအန္တရာယ်ရှိနိုင်မှု၊ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့၏ မြစ်ရေအခြေအနေနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီးတွင် တာများဆောင်ရွက်ရန်လိုအပ်မှု၊ ရေကြီးရေလျှံဘေးအန္တရာယ်ဖြစ်ပွားနိုင်မှုကို ခရိုင်နှင့် မြို့နယ်အလိုက် Mapping ပြုလုပ်ထားရန်လိုအပ်မှု၊ မိုးကြိုကာလတွင် သဘာဝဘေးခံနိုင်အောင် ဆောင်ရွက်ထားရှိရန်နှင့် ရေပိုလွှဲမှု ရေများစနစ်တကျ စီးဆင်းမှုရှိစေရေး ဆောင်ရွက်ရန် လိုအပ်မှု၊ ဆည်များ၏ အခြေအနေနှင့် မွန်ပြည်နယ် ပေါင်မြို့နယ် မြေပြိုမှုဖြစ်စဉ်အတွက် ကွင်းဆင်းလေ့လာဆန်းစစ်မှု ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးတင်ပြကြသည်။

**ဆွေးနွေးပြောကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တို့တွင် နှစ်စဉ်ရေကြီးမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ ဆက်စပ်သော မြစ်များ၏ အခြေအနေကို ပညာရပ်ဆိုင်ရာ ဆန်းစစ်လေ့လာမှုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပညာရှင်များ၏ အကြံပြုချက်များကို အလေးထားဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပညာရှင်များကလည်း နိုင်ငံတော်အစိုးရ၏ လိုအပ်ချက်အရ အကြံပေးတင်ပြခြင်းနှင့် လိုအပ်သောစီမံချက်များ ရေးဆွဲတင်ပြခြင်းများ ပြုလုပ်ပေးရန် လိုအပ်ပါကြောင်း၊ အကြံပေးအဖွဲ့ဝင်များ၏ အစည်းအဝေးများကို ပုံမှန်ကျင်းပသွားရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**သတင်းစဉ်**

*ရှေ့ဖုံးမှ*

ယာယီဘေလီတံတားတည်ဆောက်နေစဉ် ကာလအတွင်း လားရှိုးမြို့နှင့် နောင်ချိုမြို့မှ ခရီးသွားမည့်သူများအနေဖြင့် ၉ မိုင်လမ်းခွဲ နမ့်လန်-နောင်ဝိုး-ကျောက်ဂူသို့ ယာဉ်ငယ်များ ၁၃ တန်အထိ ဖြတ်သန်းသွားလာနိုင်ကြောင်း၊ ထို့ပြင် ကျောက်ဂူရွာမှ ဒုဋ္ဌဝတီတံတား (နောင်ချို) ကို ဖြတ်သန်း၍ နောင်ချိုမြို့သို့လည်းကောင်း၊ ကျောက်ဂူရွာမှ အင်တော-ရပ်စောက်-ရွှေညောင်မှတစ်ဆင့် တောင်ကြီး၊ နေပြည်တော်၊ မန္တလေး စသည့်မြို့များသို့ လည်းကောင်း၊ ၉ မိုင်လမ်းခွဲ -နမ့်လန်-မိုင်းကိုင်-လဲချား၊ လွိုင်လင်မှတစ်ဆင့် တောင်ကြီးမြို့နှင့် အခြားမြို့များသို့ လည်းကောင်း၊ မယ်ဟန် လမ်းဆုံ-မိုင်းနောင်လမ်းခွဲ- လဲချား-လွိုင်လင်မှတစ်ဆင့် အခြားမြို့များသို့ လည်းကောင်း၊ မယ်ဟန် လမ်းဆုံ-မိုင်းနောင်လမ်းခွဲ-ဝမ်ဆင်း-ခိုလမ်မှတစ်ဆင့် အခြားမြို့များသို့လည်းကောင်း မော်တော်ယာဉ်များ ပုံမှန်အတိုင်းဖြတ်သန်းသွားလာနိုင်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

ဂုတ်တွင်းတံတားကို ရှောင်ကွင်းသွားလာနိုင်သည့် လမ်းပိုင်းများ၏ အကွာအဝေးမှာ ၉ မိုင် လမ်းခွဲ- နမ့်လန်-နောင်ဝိုး-ကျောက်ဂူ- ဒုဋ္ဌဝတီတံတား(နောင်ချို)သည် ၁၃၃ မိုင်နှစ်ဖာလုံ ၊ ၉ မိုင်လမ်းခွဲ-နမ့်လန်-နောင်ဝိုး-ကျောက်ဂူ-အင်တော - ရပ်စောက် - ရွှေညောင်လမ်းသည် ၁၇၃ မိုင် သုံးဖာလုံ၊ ၉ မိုင်လမ်းခွဲ-နမ့်လန်-မိုင်းကိုင်-လဲချား-လွိုင်လင်လမ်းသည် ၁၃၁ မိုင် ခုနစ်ဖာလုံ၊ မယ်ဟန်လမ်း-မိုင်းနောင်လမ်းခွဲ-လဲချား၊ လွိုင်လင်လမ်းသည် ၁၇၄ မိုင် သုညဖာလုံ၊ မယ်ဟန်လမ်းဆုံ-မိုင်းနောင်လမ်းခွဲ-ဝမ်ဆင်း-ခိုလမ်လမ်းကြောင်းသည် ၁၄၅ မိုင် သုညဖာလုံဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

## စာရေးဆရာမ မီးအိမ်ရှင် ဒေါက်တာနိုက်တင်ဂေးလ် အာဆီယံချစ်ကြည်ရေးဝတ္ထုတို စာအုပ်အတွက်ရွေးချယ်ခံရ

**ရန်ကုန် ဩဂုတ် ၁၈**

ထိုင်းနိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံစာရေးဆရာအသင်းတို့၏ အစီအစဉ်အဖြစ် အာဆီယံ ၁၀ နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ် ဂုဏ်ပြုဝတ္ထုတိုပေါင်းချုပ်စာအုပ်တစ်အုပ် ထုတ်ဝေသွားမည်ဖြစ်သည်။

စာအုပ်၏အမည်မှာ "I was Born To Be Yours" ဟု အမည်ပေးထားပြီး "The 2019 Anthology of ASEAN Short Stories" ဖြစ်သည်။ ထိုင်းနိုင်ငံစာရေးဆရာအသင်းမှ တိုက်ရိုက်ရွေးချယ်ခြင်းဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံစီမှ စာရေးဆရာတစ်ဦးစီ၏ ဝတ္ထုတိုတစ်ပုဒ်စီကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုဝတ္ထုတိုစာအုပ်အတွက် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ဆရာဝန်စာရေးဆရာမ မီးအိမ်ရှင်ဒေါက်တာနိုက်တင်ဂေးလ် ရေးသားသော ဝတ္ထုများအနက်မှ "အဘမှိုး လူနှစ်ယောက်နှင့် ဆောင်းတစ်ည" (The Old Man, Two Refugees and The Winter Night) ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

**ဂုဏ်ပြုပို့ဆောင်ပေး**

စာအုပ်မိတ်ဆက်ပွဲနှင့် စာပေအနုပညာနှီးနှောဖလှယ်ပွဲကို ဩဂုတ် ၂၃ ရက်မှ ၂၅ ရက်အတွင်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ပြုလုပ်မည်ဟုသိရသည်။ ရွေးချယ်ခံရသော စာရေးဆရာများအား စာမူခအပြင် စရိတ်ငြိမ်းဖိတ်ခေါ်ပြီး ထိုင်းနိုင်ငံ အတွင်းရှိ သမိုင်းဝင်ယဉ်ကျေးမှုအနုပညာလေ့လာရေးအဖြစ် ဂုဏ်ပြုပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သျှင်ဝင်းသျှင်**

# ကျောင်းအခြေပြုကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်း ဗဟိုအဆင့်ညှိနှိုင်းစည်းဝေး

မန္တလေး ဩဂုတ် ၁၈

**ကျောင်းအခြေပြု ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်း ဗဟိုအဆင့်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကျောင်းအခြေပြုကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်း ဗဟိုအဆင့်ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။** သတင်းစဉ်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျောင်းအခြေပြု ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန နှင့် နီးနွယ်သက်ဆိုင်သည့် ဝန်ကြီးဌာန၊ ဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ အားလုံး ပူးပေါင်းပါဝင်၍ မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စသဖွယ် ဆောင်ရွက်ကြမှသာ အောင်မြင်မှုရရှိနိုင်မည် ဖြစ်ပါကြောင်း၊ ကျောင်းအခြေပြုကျန်းမာရေး အဆင့်မြှင့်တင်မှုလုပ်ငန်း အကြောင်းအရာ (၇) ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် "ကျန်းမာရေး အဆင့်မြှင့်ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲ"ကို ၂၀၁၉ ခုနှစ် ဇွန် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကျင်းပခဲ့ပါကြောင်း၊ အဆိုပါ လုပ်ငန်းအကြောင်းအရာ (၇) ရပ်ကို ကျောင်းကျန်းမာရေး လုပ်ငန်းကိုးခုနှင့် ချိန်ထိုးတိုက်ဆိုင်၍ တူညီရာလုပ်ငန်းများကို စုစည်းလုပ်ဆောင်သွားရမည်ဖြစ်ပါကြောင်း။

**အလေးပေးဆွေးနွေး**

ယနေ့ကျင်းပသည့် ဗဟိုအဆင့်ညှိနှိုင်းဆွေးနွေးပွဲတွင် သဘောတရားများ ဆွေးနွေးခြင်းထက် လက်တွေ့ကျ၍ တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများဆိုင်ရာ လမ်းပြမြေပုံ၊ ဗဟာဗျူဟာ၊ ဦးစားပေး အဆင့်အလိုက် လုပ်ငန်းစဉ်များနှင့် လုပ်ငန်းကဏ္ဍအလိုက် တာဝန်ခွဲဝေဆောင်ရွက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု မှုဘောင်များ ပေါ်ထွက်လာရေးကို အဓိကအလေးပေး ဆွေးနွေးသွားကြရမည်ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ မိဘများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘ-ဆရာအသင်းများ၊ ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များက လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်မှုရှိမှသာ လုပ်ငန်းများရေရှည်တည်တံ့ကာ အောင်မြင်နိုင်မည် ဖြစ်ပါကြောင်း၊ ထိုသို့ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ရှိသူများက လက်တွဲခေါ်ယူသွားရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှု လမ်းကြောင်း မှန်ကန်မှုရှိမရှိနှင့် အောင်မြင်မှုအခြေအနေများကို စောင့်ကြည့်ခြင်းနှင့် ဆန်းစစ်သုံးသပ်ခြင်းကိုလည်း checklist များအသုံးပြု၍ စနစ်တကျ လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း။

**ရင်းနှီးစွာချိတ်ဆက်ပူးပေါင်း**

လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မာကာ အောင်မြင်မှုရရှိနိုင်ရေးအတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးနှင့် အားကစားကဏ္ဍတို့မှ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်တွင် ရင်းနှီးစွာချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အရည်အသွေးရှိသည့် ပညာရေးကိုဦးတည်၍ ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် သင်ယူမှုဝန်းကျင်ကောင်းဖြင့် သင်ယူတတ်မြောက်မှု စွမ်းရည်မြင့်မားရေးအတွက် ကာယ၊ ဉာဏကျန်းမာပြီး ပျော်ရွှင်စွာဖြင့် သင်ယူနိုင်စွမ်းရှိရန် အရေးအကြီးဆုံးဖြစ်ပါကြောင်း၊ သို့သော် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ တစ်သက်တာသင်ယူသူများကို ပြုစုပျိုးထောင် သင်ကြားသင်ယူလေ့ကျင့်ရန်အတွက် သင်ရိုးညွှန်းတမ်းပြုပြင်ပြောင်းလဲခြင်း၊ သင်ကြားသင်ယူမှုနည်းလမ်းမြှင့်တင်ခြင်း၊ အလွတ်ကျက်မှတ်သည့်စနစ်မှ စဉ်းစားတွေးခေါ်မှုကို အားပေးသည့် စစ်ဆေးအကဲဖြတ်မှု ပြောင်းလဲခြင်း၊ ကျောင်းလိုအပ်ချက်များ ဖြည့်ဆည်းခြင်း စသည့်ပညာရေးပြုပြင်ပြောင်းလဲမှုများကို မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းပါဝင်ခြင်းစသည်တို့ဖြင့် ထိထိရောက်ရောက် ပွင့်လင်းမြင်သာစွာ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေသော်လည်း အဓိကစိန်ခေါ်မှုများဖြစ်သည့် မူးယစ်ဆေးဝါး၊ ဆေးလိပ်၊ အရက်၊ ဘီယာ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာမှုနှင့် ထိခိုက်မှုအန္တရာယ်၊ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသော လူနေမှုဘဝပုံစံများ များပြားလာမှု၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာနည်းပါးမှု၊ ဂိမ်းအလွန်အကျွံစွဲလမ်းခြင်း စသည်တို့၏ အန္တရာယ်များကို ကြုံတွေ့နေရပါကြောင်း။

**ဝိုင်းဝန်းပူးပေါင်းဆွေးနွေး**

ကျောင်းများ၊ တက္ကသိုလ်များတွင် ထိုစိန်ခေါ်မှုများကို ရင်ဆိုင်စီမံခန့်ခွဲဖြေရှင်းနိုင်ရေးအတွက် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များမှ ဆရာ၊ ဆရာမများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လိုအပ်သော လုပ်ငန်းလမ်းညွှန်များပြုစုခြင်း၊ ကာလတို ဆင့်ပွားသင်တန်းများ ပို့ချလေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ပြီးအခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းသား၊ ကျောင်းသူများအား လူထုလှုပ်ရှားမှုအသွင်ဖြင့် အကျိုးရှိထိရောက်စွာ အသိပညာပေးခြင်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် အားလုံးက ညီညီညွတ်ညွတ် ဝိုင်းဝန်းပူးပေါင်းဆွေးနွေး အကြံပြုကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက အမှာစကား ပြောကြားသည်။

**အပြန်အလှန်ဆွေးနွေး**

အဆိုပါ ညှိနှိုင်းစည်းဝေးပွဲတွင် ကျောင်းများကိုအခြေပြု၍ ကျန်းမာရေးအဆင့်မြှင့်တင်ခြင်း၊ ကိုယ်လက်လှုပ်ရှားဆေးတစ်ပါးနှင့် ဂိမ်းအလွန်အကျွံသုံးစွဲခြင်း အန္တရာယ်လျှော့ချခြင်း၊ ဆေးလိပ်ကင်းစင်ကျောင်းများ၊ ကျောင်းသားများနှင့် အရက်စွဲအန္တရာယ်၊ မူးယစ်အန္တရာယ်ကြိုတင်ကာကွယ်၊ မျိုးဆက်ပွားကျန်းမာရေး ပညာပေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် တားဆီးကာကွယ်၊ ကျောင်းမုန့်ဈေးတန်းများတွင် အစားအသောက်အန္တရာယ်ကင်းရှင်းရေး၊ ဘဝတွက်တာကျွမ်းကျင်စရာသင်ရိုး၊ ကျောင်းအခြေပြုကျန်းမာရေးမြှင့်တင်မှု လုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ မိဘဆရာအသင်း၏ အခန်းကဏ္ဍ၊ ကျောင်းသားသမဂ္ဂ၏ အခန်းကဏ္ဍ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းအုပ်ကြီး၏ အခန်းကဏ္ဍစသည့် အကြောင်းအရာခေါင်းစဉ်များဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မိဘဆရာအသင်း ကိုယ်စားလှယ်၊ ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်နှင့် ကျောင်းအုပ်ကြီး ကိုယ်စားလှယ်များက ဝိုင်းဖွဲ့ဆွေးနွေးတင်ပြခြင်း၊ တက်ရောက်လာသူများနှင့် အပြန်အလှန်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းမူဘောင်၊ မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များချမှတ်နိုင်ရေး ဆွေးနွေးအကြံပြုမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများအသင်းတို့မှ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း




**မန္တလေး ဩဂုတ် ၁၈**

မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်းတို့မှ ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများ အသင်း ဥက္ကဋ္ဌ ဦးဇော်မိုးခိုင်က အလှူရှင်များ ကိုယ်စား လှူဒါန်းမှုအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး နှင့် တာဝန်ရှိသူများက ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများ အသင်းနှင့် အသင်းဝင်ကုမ္ပဏီ ၂၉ ခုတို့က ရေဘေးအန္တရာယ်သင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန် လှူဒါန်းငွေကျပ် ၃၅၄၃၀၈၅၀ ကို လက်ခံသည်။ (ဝဲပုံ)

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဦးသန့်ဇင်မောင် အင်းစိန်ဒီဇယ်စက်ခေါင်းစက်ရုံ တိုးချဲ့နေမှုနှင့် မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်ဇင်မောင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ အင်းစိန် ဒီဇယ်စက်ခေါင်းစက်ရုံအနီးတွင် တိုးချဲ့တည်ဆောက်မည့် စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထို့နောက် ရန်ကုန်မြို့ပတ်ရထားလမ်း အနောက်ခြမ်းစီမံကိန်း ရှင်းလင်းဆောင်၌ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ(မြို့ပြ) ဦးမောင်မောင်သွင်က အင်းစိန်ဒီဇယ်စက်ခေါင်းစက်ရုံ တိုးချဲ့တည်ဆောက်ရေးစီမံကိန်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းအစီအစဉ်များ၊ အေဝမ်းကုမ္ပဏီလီမိတက်မှ စီမံကိန်းဒါရိုက်တာက ရန်ကုန်မြို့ပတ်ရထားလမ်း အနောက်ခြမ်းစီမံကိန်း၏ ဘုရားလမ်း - တညင်းကုန်း ရထားလမ်းပိုင်းဆောင်ရွက်နေမှု၊ ရွှေတောင်ဆောက်လုပ်ရေးကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာက တညင်းကုန်း - မင်္ဂလာဒုံ - ကျိုက္ကလော့ ရထားလမ်းပိုင်းနှင့် တညင်းကုန်း - အင်းစိန် ရထားလမ်းပိုင်း အဆင့်မြှင့်တင်နေမှုများကို ရှင်းလင်းတင်ပြကြရာ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဦးသန့်ဇင်မောင်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ကာလ အချိန်မီပြီးစီးရေး၊ စနစ်တကျဖြင့် ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ရထားလမ်းခင်းကျောက်များ လိုအပ်ချက်ရှိပါက ကျောက်ရထားများ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရေး တို့ကို မှာကြားသည်။

**သတင်းစဉ်**

**ပြည်ထောင်စုဝန်ကြီး ဦးသန့်ဇင်မောင် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်နေမှု ကြည့်ရှုစစ်ဆေးစဉ်။**

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရေဘေးသင့်ဒေသများအတွက် အလှူငွေ လှူဒါန်းပွဲသို့ တက်ရောက်

ရန်ကုန် ဩဂုတ် ၁၈

**မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့်ဒေသများအတွက် အလှူငွေ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။**




လှူဒါန်းပွဲတွင် အလှူရှင်များက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြပြီး (၁၉၇၂ - ၁၉၈၀) ဆေးတက္ကသိုလ်(၁) ကျောင်းသား ကျောင်းသူဟောင်းများက ငွေကျပ် ၄၂ သိန်း၊ စက်မှုတက္ကသိုလ် ၁၉၈၃ ခုနှစ်ဝင် သူငယ်ချင်းများက ငွေကျပ် ၁၄၃ သိန်း၊ Tech Myanmar Family က ငွေကျပ် ငါးသိန်း၊ ဦးတင်မောင်စိုး+ ဒေါက်တာခင်မာစိုး၊ အစ်မဒေါ်တင်မကြီးနှင့် ဒေါ်ခင်အေးမူ(ပြင်ဦးလွင်) မိသားစုက ငွေကျပ် ခုနစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(ဝဲပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လှူဒါန်းငွေများကို ဘေးဒဏ်ခံရသော ပြည်သူများ သာတူညီမျှရရှိရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေသို့ တိုက်ရိုက်ထည့်သွင်းပြီး ကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် လိုအပ်ချက်များ ထောက်ပံ့ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများတွင် ထိရောက်စွာ အသုံးပြုသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော ရှာဖွေကယ်ဆယ်ရေးပစ္စည်းများနှင့် စပ်လျဉ်းပြီး မြေပြိုဒဏ်ခံရသူများအတွက် ရှာဖွေရေးစက်နှင့် ကင်မရာ၊ နှလုံးခုန်နှုန်းနှင့် အသက်ရှူနှုန်းရှာဖွေရေးစက်၊ ပုံရိပ်ရှာဖွေရေးနှင့် အပူချိန်ပုံဖမ်းကင်မရာ၊ ရွှံ့လျားမှုအာရုံခံကိရိယာ၊ အသံလှိုင်းဖြင့် ရေအောက်တည်နေရာရှာဖွေရေး ရေအောက်ကင်မရာများ၏ အသုံးဝင်ပုံနှင့် လက်တွေ့အသုံးချဆောင်ရွက်နိုင်မှုတို့နှင့် စပ်လျဉ်း၍ ကုမ္ပဏီများ၏ ရှင်းလင်းတင်ပြမှုကို ကြည့်ရှုလေ့လာသည်။

**သတင်းစဉ်**

## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဩဂုတ် ၁၈** - ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**



**နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း အေးချမ်းသာယာရေးနှင့် နယ်မြေလုံခြုံရေးအတွက် မြို့မရဲစခန်းမှ ရဲအုပ် တင်ရှိန်နှင့် ပူးပေါင်းအဖွဲ့ဝင်များ ဩဂုတ် ၁၇ ရက်က ကြို့ပင်သာ မြို့ဝင်စစ်ဆေးရေးဂိတ်တွင် နေပြည်တော်သို့ ဝင်ရောက်လာသည့် ယာဉ်များ၊ ဆိုင်ကယ်များနှင့် ခရီးသည်များအား ပိတ်ဆို့ရှာဖွေစစ်ဆေးဆောင်ရွက်ကြစဉ်။**

တင်ထွန်းတာ(တပ်ကုန်း)

# ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဖလမ်းမြို့ မြို့မိမြို့ဖများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များ တွေ့ဆုံ

**ဖလမ်း ဩဂုတ် ၁၈**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် ဖလမ်းမြို့ မြို့မိမြို့ဖများ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီက ဖလမ်းမြို့ တောင်ဇလပ်ရိပ်သာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်း၊ ပြည်နယ် စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်၊ ပြည်နယ် စာရင်းစစ်ချုပ် ဦးလာလ်တင်မန်းနှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆက်လက်ဆောင်ရွက်ရန်လိုအပ်သည့်အခြေအနေများကို ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ဆက်လက်၍ ဖလမ်းမြို့ ရေပေးဝေရေး၊ ဂေါက်ကွင်းကိစ္စရပ်ဆိုင်ရာများနှင့် ပတ်သက်ပြီး မြို့နယ်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးဒါရ်လျန်အုပ်က လည်းကောင်း၊ ဖလမ်းမြို့ မြို့ပြစီမံကိန်းအတွင်း လမ်းဖောက်လုပ်နေမှုအခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြားအွယ်ကလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများ၊ ခရိုင်/ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# လွတ်လပ်တရားမျှတသန့်ရှင်း၍ အများယုံကြည်လက်ခံနိုင်သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်ရေး

ဟံသာဝတီ - ဦးအုန်းကြိုင်

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်းပြီး မန္တလေးတိုင်းဒေသကြီးရှိ သတင်းမီဒီယာသမားများနှင့် ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ဩဂုတ်လ ၂၂ ရက်နေ့တွင် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။**

### ၂၀၂၀ ပြည့် ရွေးကောက်ပွဲကြီး အောင်မြင်ရေး

ထိုတွေ့ဆုံဆွေးနွေးပွဲ၏ အဓိကဦးတည်ချက်မှာ “အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီ နိုင်ငံသို့” (Credible Elections Paving the way to Democracy) ဟူသည့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ မဟာဗျူဟာ ဦးတည်ချက်ဆောင်ပုဒ်ကို ဆွဲကိုင်ပြီး လွတ်လပ်တရားမျှတသန့်ရှင်းသော ၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင်ရှိကြသည့် သတင်းမီဒီယာသမားများနှင့်အတူ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာမြောက် လုပ်ဆောင်ပုံဖော်ဖန်တီးချက်များကို တစ်တပ်တစ်အား ဝိုင်းဝန်းကူညီအားဖြည့်ပေးနိုင်ရန်အတွက် အဓိကဦးတည်ဖော်ဆောင်ခြင်းဖြစ်ပါသည်။

### ရွေးကောက်ပွဲအတွက်ယုံကြည်ချက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဥပဒေပြဋ္ဌာန်းချက်များအရ လွတ်လပ်ပြီး အမှီအခိုကင်းသော အဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်သလို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည်လည်း စာနယ်ဇင်း(သတင်းမီဒီယာ) သမားများနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ် သတင်းမီဒီယာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းကြီး တစ်ရပ်ဖြစ်သည်။

ထိုအဖွဲ့အစည်းကြီးနှစ်ရပ် တူညီလက်တွဲ၍ ပုံဖော်ဆောင်ရွက်နိုင်ကြမည်ဆိုပါလျှင် “အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲကြီး” ကို လွတ်လပ်တရားမျှတအောင်မြင်စွာ ကျင်းပနိုင်မည်ဟု ယုံကြည်မိပါသည်။

### ဒီမိုကရေစီ၏ အဓိကသွင်ပြင်လက္ခဏာ

ယနေ့ခေတ် ကမ္ဘာပေါ်တွင် ပုံဖော်တည်ဆောက်နေကြသော ဒီမိုကရေစီစနစ်၏ အဓိကအကျဆုံး သွင်ပြင်လက္ခဏာတစ်ရပ်မှာ ကာလအပိုင်းအခြားတစ်ခု သတ်မှတ်ပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးကဏ္ဍများအတွက် ရွေးကောက်ပွဲများကို ပုံမှန်ကျင်းပပေးကြခြင်း ဖြစ်သည်။ အလားတူ ဒီမိုကရေစီစနစ်၏ နောက်ထပ်လက္ခဏာတစ်ရပ်မှာ သတင်းမီဒီယာများ၏ ရွေးကောက်ပွဲဆိုင်ရာ အခန်းကဏ္ဍကို အလေးပေး အရေးထားခြင်းပင်ဖြစ်သည်။

### သတင်းမီဒီယာ၏ အဓိကတာဝန်

ပါလီမန် (လွှတ်တော်) အထွေထွေရွေးကောက်ပွဲကြီး တစ်ရပ် ကျင်းပကြသည့်နေရာတွင် သတင်းမီဒီယာသမားများ အနေဖြင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများနှင့် အရွေးချယ်ခံကြမည့် ကိုယ်စားလှယ်လောင်းများနှင့် ပတ်သက်သည့် အကြောင်းအချက်များ၊ နိုင်ငံတော်နှင့် ပြည်သူများအတွက် အရေးအကြီးဆုံးဖြစ်သည့် ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီ အသီးသီးတို့၏ မူဝါဒဆိုင်ရာ Issues များနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများဟူသော အရေးအကြီးဆုံး အကြောင်းအရာကြီးသုံးရပ်နှင့် ပတ်သက်ပြီး မဲဆန္ဒရှင်ပြည်သူများကို အသိပေးရမည့်တာဝန်သည် သတင်းမီဒီယာသမားများအတွက် အထူးအဓိကကျသောအချက်ဖြစ်သည်။

### တာဝန်ယူမှု တာဝန်ခံမှုရှိရမည်

ထိုသို့မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးရာတွင် သတင်းမီဒီယာသမားများအနေဖြင့် တိကျမှန်ကန်မှု၊ ဘက်မလိုက်မှု၊ ရေးသားသည့် သတင်းအပေါ်တွင် အပြည့်အဝ တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့်လည်း ပြည့်စုံရန်အထူးလိုအပ်သည်။

### လိုက်နာရမည့် မီဒီယာကျင့်ဝတ်

ရွေးကောက်ပွဲဆိုင်ရာ သတင်းများ ရေးသားတင်ပြကြရာတွင် သတင်းမီဒီယာသမားများ လိုက်နာစောင့်ထိန်းကြရမည့် ကျင့်ဝတ်စည်းကမ်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ပြဋ္ဌာန်းထုတ်ပြန်ထားသော မီဒီယာကျင့်ဝတ်များလည်းရှိသည်။

### ကိုယ်တွေ့ဖြစ်ရပ်များက

သို့သော် ဤနေရာ၌ ဖြည့်စွက်တင်ပြလိုသည့် အချက်များရှိသည်။ ၁၉၅၁ - ၅၂၊ ၁၉၅၆၊ ၁၉၆၀ ခုနှစ်များက ပါလီမန် အထွေထွေရွေးကောက်ပွဲများ ကျင်းပစဉ်က ကိုယ်တွေ့ကြုံခဲ့ရသော အကြောင်းအချက်အချို့ကို တင်ပြလိုသည်။

> **“ယနေ့ခေတ် ကမ္ဘာပေါ်တွင် ပုံဖော်တည်ဆောက်နေကြသော ဒီမိုကရေစီစနစ်၏ အဓိကအကျဆုံး သွင်ပြင်လက္ခဏာတစ်ရပ်မှာ ကာလအပိုင်းအခြားတစ်ခု သတ်မှတ်ပြီး ဥပဒေပြုရေး အုပ်ချုပ်ရေးကဏ္ဍများအတွက် ရွေးကောက်ပွဲများကို ပုံမှန်ကျင်းပပေးကြခြင်းဖြစ်သည်။ အလားတူ ဒီမိုကရေစီစနစ်၏ နောက်ထပ်လက္ခဏာတစ်ရပ်မှာ သတင်းမီဒီယာများ၏ ရွေးကောက်ပွဲဆိုင်ရာ အခန်းကဏ္ဍကို အလေးပေးအရေးထားခြင်းပင်ဖြစ်”**

### မီဒီယာကျင့်ဝတ်ထက် တိုက်ရှင်အကြိုက် ဘက်လိုက်ခဲ့ကြ

ထိုစဉ်က အာဏာရ ဖဆပလ အဖွဲ့ချုပ်ကြီး နှစ်ခြမ်းကွဲပြီး သဲကြီးမဲကြီးယှဉ်ပြိုင်ကြသည့် ရွေးကောက်ပွဲသတင်းများ ဖော်ပြကြရာတွင် တည်မြဲအုပ်စုဘက်က ဘက်လိုက်ကြသည့် သတင်းစာများက “တည်မြဲပါတီ ရှုံးရင်လည်း နိုင်ရမယ်၊ နိုင်ရင်လည်း နိုင်ရမယ်၊ တစ်နိုင်ငံလုံး စည်ပြောသံသာစေရမယ်။ တစ်ပြည်လုံး (တည်မြဲတို့၏အရောင်) အနီရောင်တွေချည်း လွှမ်းနေတယ်” ဟူ၍ သတင်းစာမျက်နှာဖုံး ထိပ်စီးခေါင်းစာလုံးကြီးများဖြင့် အတင်းအဓမ္မရေးသားဖော်ပြ ဘက်လိုက်ခဲ့ကြသည်။ ရွေးကောက်ပွဲမဲစာရင်းများ ရေတွက်ပြီးလို့ နိုင်ရှုံးစာရင်းများ ကြေညာသည့်အခါတွင် မြန်မာတစ်နိုင်ငံလုံး ရွှေဝါရောင် သန့်ရှင်းအဖွဲ့က တောင်ပြိုကမ်းပြိုနိုင်ခဲ့သည်။

### သတင်းမီဒီယာလောက၌ ရှိခဲ့ဖူး၏

ဤသည့်ဖြစ်ရပ်က ဘာကိုပြသလဲဆိုလျှင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြည်သူပိုင်မီဒီယာလုပ်ငန်းများ၊ ပုဂ္ဂလိကပိုင် မီဒီယာလုပ်ငန်းများတွင် တိုက်ပိုင်ရှင်များ၊ ထိပ်ပိုင်းအဆင့် စီမံခန့်ခွဲကြသူများ၊ အယ်ဒီတာများသည် သတင်းမီဒီယာသမား၊ သတင်းထောက်များအပေါ်တွင် ဩဇာသက်ရောက်မှုက အလွန်ကြီးမားကြသည်ကြောင့် သတင်းမီဒီယာကျင့်ဝတ်အတိုင်း လိုက်နာကြဖို့ထက် ၎င်းတို့အား အထက်ကချပေးသည့် ညွှန်ကြားချက်အတိုင်း လိုက်နာရေးသားခဲ့ကြရသည်။ ထို့ကြောင့် ထိုသို့သော သတင်းမီဒီယာများ ပြည်သူ့ရှေ့မှောက် ဝက်ဝက်ကွဲပျောက်ဆုံးကုန်ကြသည့်သမိုင်း မြန်မာသတင်းမီဒီယာလောက၌ ကျန်ရှိခဲ့သည်။

### ထိုသို့သမိုင်းမရိုင်းကြစေရန်

ထိုသို့ဆက်လက်၍ သမိုင်းမရိုင်းကြစေရန် လာမည့် ၂၀၂၀ ပြည့် ပါတီစုံရွေးကောက်ပွဲကြီးကို “အများယုံကြည်လက်ခံပြီး တရားမျှတလွတ်လပ်သန့်ရှင်းအောင်မြင်သည့် ရွေးကောက်ပွဲကြီး” ဖြစ်စေနိုင်ရန်အတွက် မိမိစဉ်းစားရသလောက် အောက်ပါအချက်များကို အလေးထားသတိပြုဆင်ခြင်ကြဖို့ရာ အမှန်တကယ်လိုအပ်မှာဖြစ်ပါသည်။

### အလေးထားဆင်ခြင်ကြစေဖို့ရာ

(၁) သတင်းမီဒီယာ အဖွဲ့အစည်းတစ်ရပ်အနေဖြင့် သတင်းအချက်အလက် (Facts) နှင့် သဘောထားအမြင် ဝေဖန်ချက် (Comment) ကို တိတိကျကျခွဲခြားသတ်မှတ်ထားသင့်သည်။ အယ်ဒီတာအဖွဲ့ဝင်၏ သဘောထားအမြင်များအတိုင်း ထင်ဟပ်စေသည့် ရေးသားချက်များကို သတင်းများတွင် ထည့်သွင်းဖော်ပြခြင်း မပြုသင့်ပါ။

(၂) အများပြည်သူပိုင် (Publicly Owned) မီဒီယာများ အနေဖြင့် ပုဂ္ဂိုလ်တစ်ဦး၊ ပါတီတစ်ခုကို ဘက်လိုက်အသားပေးသော (သို့မဟုတ်) ထိခိုက်နစ်နာစေသော သတင်းဆောင်းပါးများ၊ အယ်ဒီတာအာဘော်များကို ရေးသားဖော်ပြခြင်း မပြုသင့်ပါ။ ဘက်မလိုက်သည့် တည့်မတ်သည့် သတင်းမီဒီယာမူဝါဒကို တိတိကျကျလိုက်နာကျင့်သုံးသင့်သည်။

(၃) ရွေးကောက်ပွဲဝင်ပါတီအားလုံး၊ ကိုယ်စားလှယ်လောင်း အားလုံးတို့အပေါ်တွင် တူညီမျှတသမာသမတ်ကျသည့် သတင်းများကို ဖော်ပြပေးရမည်ဖြစ်သည်။

(၄) မဲဆန္ဒရှင်ပြည်သူတို့၏ သဘောထားနှင့် အမြင်များကိုလည်း ထင်ဟပ်ဖော်ပြပေးရမည်ဖြစ်သည်။

(၅) ပါတီတစ်ခု၊ ပုဂ္ဂိုလ်တစ်ဦးက ၎င်းအနေဖြင့် သိက္ခာကျစေရန် သတင်းမီဒီယာက ရေးသားဖော်ပြကြသည်ဟုထင်လျှင် ထိုပါတီ၊ ထိုပုဂ္ဂိုလ်၏ ပြန်လည်ဖြေရှင်းတင်ပြချက်ကို ထိုသတင်းမီဒီယာက အမြန်ဆုံးပြန်လည်ဖော်ပြပေးရမည်ဖြစ်သည်။ လိုအပ်လျှင် ဝေဖန်ရေးသားဖော်ပြသည့် အဖွဲ့အစည်း၏ တောင်းပန်ချက် သို့မဟုတ် အမှားပြင်ဆင်ချက်၊ ဖြေရှင်းချက်တို့ကို အမြန်ဖော်ပြပေးရမည်ဖြစ်သည်။

(၆) အာဏာရပါတီ၊ အစိုးရ၊ လွှတ်တော်ကိုယ်စားလှယ်၊ ကိုယ်စားလှယ်လောင်းများ၏ သတင်းထုတ်ပြန်ချက်များ၊ သတင်းစာရှင်းလင်းပွဲများသည် ရွေးကောက်ပွဲဝင်အခြားပါတီ၊ ပုဂ္ဂိုလ်များနှင့်ပတ်သက်၍ ငြိစွန်းထိခိုက်သည့် အငြင်းပွားဖွယ် သတင်းအချက်အလက်များ ပါဝင်ခဲ့လျှင် ကာယကံရှင်၏ ပြန်လည်ဖြေရှင်းချက်ကို ဖော်ပြပေးရမည်။ (Right to Reply)။ ဤသို့ ဖြေရှင်းဖော်ပြပေးသည့်အခါတွင် ဖြစ်နိုင်သမျှ နှစ်ဦးနှစ်ဖက်စလုံးအတွက် တူညီမျှတသော အခွင့်အရေးကို ပေးရမည်ဖြစ်သည်။

### လက်တွေ့မှာမလွယ်ဘူး

စတုတ္ထမဏ္ဍိုင်အဖြစ်ရပ်တည်ကြမည့် သတင်းမီဒီယာများအနေဖြင့် ဘက်မလိုက်ဘဲ သတင်းများကို တိကျမှန်ကန်အောင် ရေးသားဖော်ပြရမည်ဟုဆိုသည့်နေရာတွင် သာမန်လောကီလူသား ပုထုဇဉ်များသာဖြစ်ကြသည့် သတင်းမီဒီယာသမားများအနေဖြင့် မိမိ၏ခံစားချက်၊ မိမိယုံကြည်ချက်၊ မိမိလိုလားချက်များကို လျစ်လျူရှုပြီး ဘက်မလိုက်ဘဲ တိတိကျကျ ရေးသားဖော်ပြရမည်ဆိုသော်ငြား တကယ်တမ်းလက်တွေ့တွင်မူ ယခုကဲ့သို့ လိုက်နာနိုင်ကြဖို့ရာ လွယ်ကူကြမည်မဟုတ်ပါ။

### ဝါရှင်တန်ပို့စ် မမှန်မကန်ဘက်လိုက်ခဲ့

အမေရိကန်နိုင်ငံမှ အလွန်ဩဇာတိက္ကမကြီးမားလှပါသည်ဟုဆိုသော ဝါရှင်တန်ပို့စ် သတင်းစာကြီးသည်ပင်လျှင် ဘက်လိုက်ရေးသားဖော်ပြမှုများနှင့် မကင်းခဲ့သည်ကို တွေ့ရသည်။ ၂၀၀၈ အမေရိကန်သမ္မတရွေးကောက်ပွဲ ကျင်းပစဉ် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း အိုဘားမားနှင့် ရီပတ်ဘလစ်ကန် သမ္မတလောင်း ဂျွန်မက်ကိန်းတို့ ယှဉ်ပြိုင်ခဲ့ကြရာတွင် မဲဆွယ် သတင်းများကို ၎င်းဝါရှင်တန်ပို့စ်မျက်နှာဖုံးကနေ အိုဘားမားအတွက်က ၃၅ ကြိမ်၊ မက်ကိန်းအတွက်က ၁၃ ကြိမ် ဖော်ပြပေးခဲ့သည်။ သတင်းစာတစ်စောင်လုံး အခြားစာမျက်နှာများတွင် ဖော်ပြပေးရာတွင်လည်း အိုဘားမားက ၁၄၂ ကြိမ်၊ မက်ကိန်းက ၉၆ ကြိမ်သာ ဖော်ပြပေးခဲ့သည်။ သတင်းဓာတ်ပုံများ ဖော်ပြရာတွင်လည်း အိုဘားမားကို ၁၂၂ ကြိမ် ဖော်ပြပေးခဲ့ပြီး မက်ကိန်းအတွက် ၇၈ ကြိမ်သာ ဖော်ပြပေးခဲ့သည်ကို တွေ့ရှိမှတ်သားကြရသည်။ သတင်းစာ၏ ဩဇာအရှိန်အဝါကြီးမှုကြောင့် မဲဆန္ဒရှင်များ၏အမြင်အပေါ် အကျိုးသက်ရောက်မှုရှိခဲ့သည်ကတော့ အမှန်ပင်ဖြစ်သည်။

### သတင်းမီဒီယာအပေါ် ဖိအားများခဲ့ကြသည်

၎င်းအပြင် သက်ဆိုင်ရာနိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများကလည်း သတင်းမီဒီယာများအပေါ် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း၊ လာဘ်လာဘဖြင့်လည်းကောင်း၊ တခြားသော နည်းလမ်းများဖြင့်လည်းကောင်း၊ နည်းလမ်းမျိုးစုံတို့ဖြင့် ဘက်လိုက် ရေးသားဖော်ပြကြစေရန် အစဉ်တစိုက် လုပ်ဆောင်နေကြသည့်အလျောက် ထိုသို့ရွေးကောက်ပွဲကြီးများ ကာလတစ်လျှောက်တွင် သတင်းမီဒီယာသမားများ ရင်ဆိုင်ကြရသည့် ဖိအားများကလည်း အလွန်များပြားလှသည်။

### ခက်ခဲသောကိစ္စကြီးတစ်ရပ်အလား

ထို့ကြောင့် ရွေးကောက်ပွဲကာလများတွင် သတင်းမီဒီယာသမားများအနေဖြင့် ဘက်လိုက်မှုမရှိ တရားမျှတ တိကျမှန်ကန်စွာ ရေးသားဖော်ပြရမည်ဟု ဆိုကြပေမယ့် တကယ်တမ်းလက်တွေ့တွင်မူ များစွာခက်ခဲသော ကိစ္စကြီးတစ်ရပ်အဖြစ် ဖြစ်နေဆဲဖြစ်သည်။

### မမှန်မကန် ဖွဆွပြီးရေးကြမည်ဆိုလျှင်

ယခုကဲ့သို့ သတင်းမီဒီယာသမားများ ဘက်လိုက်ပြီး မမှန်မကန် ဖွဆွရေးကြ၊ ဖော်ပြနေကြမည်ဆိုလျှင် “အများယုံကြည် လက်ခံသည့် တိကျမှန်ကန် တရားမျှတလွတ်လပ်သည့် ရွေးကောက်ပွဲကြီး ” ဆိုသည်ကရော ဖြစ်နိုင်ပါ့ဦးမလား။ အထူးသဖြင့် လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေးပဋိပက္ခအခြေအနေများနှင့် နှစ်ပေါင်းများစွာ ရင်ဆိုင်ခဲ့ရသော တစ်ခါတင်းကျပ်သည့် ဗဟိုဦးစီးစနစ်ဖြင့် အုပ်ချုပ်မှုအောက်မှာ အချိန်ကာလများစွာ နေထိုင်ခဲ့ကြရသည့် နိုင်ငံများတွင် ဗဟုဝါဒ ဒီမိုကရေစီစနစ်သို့ ကူးပြောင်းပြီး ရွေးကောက်ပွဲများ ကျင်းပကြသည့်အခါတွင် သတင်းမီဒီယာများ၏ တာဝန်သည် ပိုပြီးခက်ခဲကြီးမားသည်ဟု ဆိုရမည်ဖြစ်သည်။

### ဗဟုဝါဒကူးပြောင်းခြင်းဆိုင်ရာ အခြေအနေသုံးရပ်

ထို့အပြင် တစ်ပါတီအာဏာရှင်စနစ်၊ ဗဟိုမှတင်းကျပ်စွာချုပ်ကိုင်သည့်စနစ်များ ကျင့်သုံးရာကနေ ဗဟုဝါဒကို ပြောင်းလဲကျင့်သုံးကြသည့် နိုင်ငံများ၏ သတင်းမီဒီယာလောကသည် ထူးခြားသောအခြေအနေသုံးရပ်နှင့် ရင်ဆိုင်ကြရလေ့ရှိသည်ဟု ဆိုကြသည်။

### ပထမအခြေအနေဆိုတာက

ပထမအခြေအနေဆိုသည်မှာ ထိုသို့သောနိုင်ငံများမှ သတင်းမီဒီယာကဏ္ဍသည် တင်းကျပ်သည့် ထိန်းချုပ်ကွပ်ကဲမှုအောက်တွင် ကာလရှည်ကြာ မလှုပ်မရှားနိုင်နေခဲ့ကြရသဖြင့် နိုင်ငံရေးသတင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ သတင်းများ၊ ရေးသားတင်ပြမှုနှင့်ပတ်သက်၍ အတွေ့အကြုံနည်းပါးသွားကြရမည်ဖြစ်သည်။ ရေးသားတင်ပြကြရသည့် အခါတွင်လည်း အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်ကြုံတွေ့ကြရသည်။

### ဒုတိယအခြေအနေမှာ

ဒုတိယအခြေအနေမှာ မိမိတို့ဘာသာ ကိုယ်တိုင်စောင့်ထိန်းလိုက်နာကြရသည့် ကျင့်ဝတ်ပိုင်း (Self Regulation) ဆိုင်ရာများနှင့် ကင်းကွာပြီး အကျွမ်းဝင်မှုအားနည်းချို့ယွင်းခဲ့ကြရမည်ဖြစ်သည်။

### တတိယအခြေအနေကတော့

တတိယအခြေအနေကတော့ ယင်းနိုင်ငံများမှ ပြည်သူများသည် သတင်းထိန်းချုပ်မှုများပြားသည့် အခြေအနေအောက်တွင် အနေကြာလာကြသည်နှင့်အမျှ သတင်းဦး သတင်းထူးမှန်သမျှတို့ကို ဟုတ်သည်၊ မဟုတ်သည်၊ မှန်သည် မမှန်သည် အပထား၍ စိတ်ဝင်တစား ယုံလွယ်၊ မှတ်လွယ်၊ လက်ခံလွယ်ကြမည်သာဖြစ်သည်။ သတင်းမှန်သမျှ အမှားနှင့် အမှန် ခွဲခြားနိုင်စွမ်းမရှိသလောက် အသိဉာဏ်ထုံထိုင်းကုန်ကြသည်သာဖြစ်သည်။

### သတင်းထူးကြရာမှ စတုတ္ထမဏ္ဍိုင်ယိမ်းယိုင်သွားခြင်း

ထိုကဲ့သို့သော အခြေအနေများကြောင့် အသွင်ကူးပြောင်းဆဲနိုင်ငံများ၏ အထွေထွေရွေးကောက်ပွဲကာလများတွင် သတင်းမီဒီယာသမားများသည် သတင်းထူးရင်ပြီးရောဆိုသည့် သဘောမျိုးများနှင့် ရေးသားဖော်ပြသည့်အတွက် လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်းကြီးများ ဖြစ်ပွားခဲ့ရခြင်းများနှင့် အမြဲတမ်းလိုလို ရင်ဆိုင်ကြုံတွေ့နေကြရခြင်းဖြစ်သည်။ ထိုသို့သော အချိန်အခါများတွင် သတင်းမီဒီယာများ၏ စတုတ္ထမဏ္ဍိုင်ဆိုသည့် အခန်းကဏ္ဍသည်လည်း ထိခိုက်ယိမ်းယိုင်နိမ့်ပါးသွားရပြန်သည်။

*စာမျက်နှာ ၇ သို့*

■ *ကျောက်ဖုံးမှ*

မြန်မာယူနီကုဒ်စနစ်ကို လာမည့် အောက်တိုဘာ ၁ ရက်မှစပြီး တရားဝင် စတင်ကူးပြောင်းသုံးစွဲနိုင်ရန် စီစဉ်လျက်ရှိပါကြောင်း၊ မကြာမီစတင်မည့် မြန်မာယူနီကုဒ်စံစနစ်သို့ ကူးပြောင်းရေး လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ e-Government လုပ်ငန်းစဉ်များ အောင်မြင်ရေးနှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အများပြည်သူ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝိုင်းဝန်းကူညီပေးကြမည့် အနုပညာရှင်များကို မြန်မာယူနီကုဒ်စံစနစ် ကူးပြောင်းရေးသံတမန်အဖြစ် ခန့်အပ်သည်။

**သတင်းစဉ်**





**ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် တာဝန်ရှိသူများ၊ မြန်မာယူနီကုဒ်စံစနစ် ကူးပြောင်းရေး သံတမန်အဖြစ် ခန့်အပ်သည့် အနုပညာရှင်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

# သံတွဲမြို့အနီး အင်အားအသင့်အတင့်ရှိသော ငလျင်နှင့် အင်အားအနည်းငယ်ရှိသော ငလျင်နှစ်ခုလှုပ်ခတ်

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာနိုင်ငံအတွင်း သံတွဲမြို့၏ အရှေ့ဘက် ၁၅ မိုင်ခန့်အကွာ အနက် ၈ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၅ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုနှင့် သံတွဲမြို့၏ အရှေ့တောင်ဘက်မိုင် ၂၀ ခန့်အကွာ အနက်




**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် ငလျင်လှုပ်မှုနေရာပြပုံ** မိုး/ဇလ

၅၁ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၇ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု ယနေ့နံနက်ပိုင်းက လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သံတွဲမြို့အနီးလှုပ်ခတ်ခဲ့သည့် ငလျင်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ငလျင်ကော်မတီနာယက ဒေါ်လှလှအောင်က "သံတွဲ၊ တောင်ကုတ်တစ်ကြောမှာဖြစ်တာ။ အဲဒီနေရာမှာ အခုနောက်ပိုင်း တော်တော်လေးလှုပ်လာတယ်။ ကျွန်မယူဆချက်အရတော့ ထိုးစိုက်ဇုန်ကနေ လှုပ်တဲ့ငလျင်လို့ ယူဆပါတယ်။ အဲဒီဘက်မှာ အိန္ဒိယကျောက်ထုချပ်က မြန်မာကျောက်ထုချပ်အောက်ကို တိုးဝင်နေတယ်ဆိုတဲ့ ယူဆချက်ရယ်၊ အရင်တုန်းက ဖြစ်ပျက်ခဲ့တာတွေ ပြန်ပြီးစဉ်းစားကြည့်ရင်တော့ ထိုးစိုက်ဇုန်ကြောင့် ဖြစ်တဲ့ငလျင်လို့ သတ်မှတ်ပါတယ်" ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "ဆူနာမီအနေနဲ့ ပတ်သက်ပြီး ငလျင်ရဲ့ပမာဏက ၅ ဒသမ ၅ ပဲ ရှိတယ်ဆိုတော့ ဆူနာမီတော့မဖြစ်ဘူး။ နောက်တစ်ခုက ဒီငလျင်က ကုန်းတွင်းမှာဖြစ်တာ။ ဆူနာမီက ရေထဲမှာဖြစ်တာ။ တကယ်လို့သာ အနောက်ဘက်ကျကျ ပင်လယ်ထဲက အောက်ကြမ်းပြင်မှာ လှုပ်တယ်ဆိုရင်တော့ ဆူနာမီဖြစ်ဖို့ရှိတယ်။ အခုငလျင်က ကုန်းတွင်းပိုင်းလှုပ်တာဆိုတော့ ဆူနာမီဖြစ်စရာအကြောင်းတော့ မရှိပါဘူး" ဟု ပြောသည်။

ယခုနှစ်အတွင်း ဇန်နဝါရီလမှ ဇူလိုင်လအထိ မြန်မာနိုင်ငံအတွင်း ဗဟိုပြု၍ အင်အားအနည်းငယ်ရှိ မြေငလျင် ၉၅ ကြိမ်နှင့် အင်အားအသင့်အတင့်ရှိ မြေငလျင်ခုနစ်ကြိမ် စုစုပေါင်း မြေငလျင် ၁၀၂ ကြိမ်အထိ လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲ (နေပြည်တော်) မှ သိရသည်။

ငလျင်များ ခပ်စိပ်စိပ်လှုပ်ခတ်လာမှုနှင့် စပ်လျဉ်းပြီး ဒေါ်လှလှအောင်က "ငလျင်လှုပ်တဲ့ အကြိမ်များလာတယ်ဆိုတာ သတိထားမိပါတယ်။ ငလျင်တွေ လှုပ်တာစိပ်လာတယ်ဆိုတာလည်း မှန်ပါတယ်။ ထိုးစိုက်ဇုန်မှာ လှုပ်တာတွေ များလာတယ်ဆိုတော့ ငလျင်ကြီးတစ်ခု ဖြစ်လာဖို့က ဘယ်လိုမှခန့်မှန်းပြီး ကြိုတင်မပြောနိုင်ဘူး။ ငလျင်လှုပ်တာများလာတယ်ဆိုရင်တော့ သတိထားဖို့လိုတယ်လို့ ပြောချင်ပါတယ်" ဟု ပြောသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မြေငလျင်သတင်းထုတ်ပြန်ချက်အရ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံ ကုန်းတွင်းပိုင်း၌ မြေငလျင် ၆၉ ကြိမ်နှင့် ရန်ကုန်မြို့အောက်ဘက် အက်ဒမန်ပင်လယ်အတွင်း တစ်ကြိမ် စုစုပေါင်း ငလျင်အကြိမ် ၇၀ လှုပ်ခတ်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် မြေငလျင် ၁၆၅ ကြိမ်အထိ လှုပ်ခတ်ခဲ့ကြောင်း မြေငလျင်ဌာနခွဲမှ သိရသည်။

မြေငလျင်ဌာနခွဲမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာယဉ်မျိုးထွေးက "မြေငလျင်ဆိုတာက ကာလမရွေးဖြစ်ပေါ်နိုင်တဲ့ သဘာဝဘေးတစ်ခုဖြစ်ပါတယ်။ တခြားသော သဘာဝဘေးလို ကြိုတင်ခန့်မှန်းတွက်ချက်လို့လည်း မရပါဘူး။ ဘယ်အချိန်၊ ဘယ်အခါ၊ အင်အားဘယ်လောက်နဲ့ လှုပ်မယ်ဆိုတာ တိတိကျကျ ခန့်မှန်းတွက်ချက်လို့မရတဲ့ သဘာဝဘေးတစ်ခုဖြစ်တဲ့အတွက် ငလျင်ပြတ်ရွေ့ကြောတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေအနေနဲ့ ပညာပေးတွေ၊ ဗဟုသုတတွေ၊ အချက်အလက်တွေ စုဆောင်းပြီး သိရှိနားလည်ထားမယ်၊ ကိုယ်သိရှိထားတာတွေကို မိသားစုတွေ၊ အနီးပတ်ဝန်းကျင်ကသူတွေကို မျှဝေထားခြင်းအားဖြင့် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုဘေးကင်းအောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

**မင်းသစ် (MNA)**

*စာမျက်နှာ ၆ မှ*

**မီဒီယာကျင့်ဝတ်များ ရေးဆွဲခြင်း ပြဋ္ဌာန်းကြခြင်း**

ယင်းကဲ့သို့အခြေအနေ၊ ယင်းသို့သော အဖြစ်မျိုးများကို တင်ကြိုကာကွယ်နိုင်ကြရန်အတွက်၊ တောင်အာဖရိကနိုင်ငံမှာဆိုလျှင် သတင်းမီဒီယာများ၏ ရွေးကောက်ပွဲဆိုင်ရာ သတင်းဖော်ပြချက်များနှင့်ပတ်သက်သည့် ကျင့်ဝတ်များကို ထိန်းသိမ်းကြပ်မတ်ရန်အတွက် (Independent Communication Authority of South Africa - ICASA) အဖွဲ့တစ်ရပ်ကို ဖွဲ့စည်းထားရှိပြီး သတင်းမီဒီယာများ၊ နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်တို့နှင့် ညှိနှိုင်းတိုင်ပင်၍ လိုက်နာကြရမည့် မီဒီယာစည်းကမ်းကျင့်ဝတ်များကို ဥပဒေအဖြစ် ပြဋ္ဌာန်းသတ်မှတ်ပေးထားသည်။

**အိမ်နီးချင်း ထိုင်းနိုင်ငံတွင်**

အိမ်နီးချင်း ထိုင်းနိုင်ငံမှာပင်လျှင် နိုင်ငံရေးပါတီများဆိုင်ရာ ဥပဒေတွင် ပါတီများက သတင်းမီဒီယာများအပေါ် ပြောကြားချက်များနှင့်ပတ်သက်ပြီး လိုက်နာကြရမည့်ပြဋ္ဌာန်းချက်များကို ထည့်သွင်းဖော်ပြထားသည်ကိုလည်း တွေ့ကြရမည်ဖြစ်သည်။ အနောက်တိုင်းဒီမိုကရေစီနိုင်ငံများကဆိုလျှင် ယခုကဲ့သို့ ထိန်းချုပ်ထားသည်တို့ကို မနှစ်မြို့က် လက်မခံကြပေ။

**ဒီမိုကရေစီမရင့်ကျက်သေးလျှင်**

မည်သို့ပင်ဖြစ်စေ ဒီမိုကရေစီကျင့်စဉ်များ မခိုင်မာ မရင့်ကျက်သေးသည့် မြန်မာနိုင်ငံကဲ့သို့သော လူ့အဖွဲ့အစည်းများတွင် မီဒီယာနှင့်ပတ်သက်ပြီး အတိုင်းအတာတစ်ခုအထိတော့ စောင့်ကြပ်ထိန်းကျောင်းပေးသည့် စနစ်တစ်ရပ် လိုအပ်သည်မှာ အမှန်ဖြစ်သည်။

**အားလုံးပူးပေါင်းဆောင်ရွက်ဖို့လို**

သို့သော် ထိုကဲ့သို့သော ထိန်းကျောင်းမှုများသည် ဒီမိုကရေစီစနစ်နှင့် ရွေးကောက်ပွဲ၏ အနှစ်သာရကို မထိခိုက်စေဘဲ ပိုမိုကောင်းမွန်သည့် အခြေအနေတစ်ရပ်ဖြစ်ပေါ်အောင် ဆောင်ရွက်ဖို့ရာ သက်ဆိုင်သည့်လူ့အဖွဲ့အစည်း၏ ထူးခြားသော လက္ခဏာများအပေါ် မူတည်ပြီး တာဝန်ရှိသူများ၊ သတင်းမီဒီယာများ၊ နိုင်ငံရေးပါတီများအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည့် လုပ်ငန်းတစ်ရပ်သာဖြစ်သည်။

**မြန်မာနိုင်ငံသတင်းမီဒီယာများအတွက်**

အနည်းငယ် ဆက်လက်တင်ပြလိုသည့်အပိုင်းမှာ မြန်မာသတင်းမီဒီယာများအတွက် ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်အချက်အလက်များအပိုင်းဖြစ်သည်။ ၎င်းအပိုင်းကဏ္ဍတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ ပူးတွဲဖော်ဆောင်ကြရမည့် အပိုင်းကဏ္ဍဖြစ်သည်။

**ရွေးကောက်ပွဲဆိုသည်မှာ**

ရွေးကောက်ပွဲဆိုသည်မှာ မည်သည့်နိုင်ငံတွင်မဆို လွန်စွာအရေးပါသော ဒီမိုကရေစီလုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။ အထူးသဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ အစောဆုံးအဆင့်များကို ဖြတ်သန်းနေသည့် မိမိတို့မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံများအတွက် ပို၍အရေးကြီးသည်။

**တိုးတက်မှုရလဒ်ကောင်းများ ထွက်စေရန်**

အထွေထွေရွေးကောက်ပွဲများကို "အများယုံကြည်လက်ခံနိုင်သည့် လွတ်လပ်၍ တရားမျှတ မှန်ကန်သန့်ရှင်းသည့် ရွေးကောက်ပွဲ" များအဖြစ် အောင်မြင်အောင်ကျင်းပခြင်းအားဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ဖြစ်ပေါ်တိုးတက်မှုတွင် ရလဒ်ကောင်းများ ပေးနိုင်သကဲ့သို့ တစ်ခါတစ်ရံတွင်လည်း ဆုံးရှုံးမှုရလဒ်များ ထွက်ပေါ်စေနိုင်မှာဖြစ်သည်။

**အထူးသတိပြုရမည့်အချက်များ**

အောင်မြင်သည့်ရွေးကောက်ပွဲများသည် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းစဉ်အတွက် အရေးပါသည့်အရွေ့ဖြစ်စေနိုင်သလို အငြိုင်အဆိုင်များသည့် ဒါမှမဟုတ် ပြဿနာများသည့် ရွေးကောက်ပွဲများသည်လည်း တိုးတက်မှုကို သိသာစွာနှေးကွေးသွားစေနိုင်မည် ဖြစ်သည်။

**သတင်းမီဒီယာ၏အရေးပါသော အခန်းကဏ္ဍ**

၎င်းရွေးကောက်ပွဲများ၏ ကျယ်ပြန့်သည့်လုပ်ငန်းစဉ်များထဲတွင် သတင်းမီဒီယာများသည် ကြီးမားကျယ်ပြန့် အရေးပါသည့် အခန်းကဏ္ဍကနေ ပါဝင်လျက်ရှိသည်။

သတင်းမီဒီယာများသည် မဲဆန္ဒရှင်ပြည်သူအများစုတို့အတွက် ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များ၊ ရရှိနိုင်စွမ်း၊ ပေးနိုင်စွမ်းရှိသော မူလဇာစ်မြစ်များလည်းဖြစ်သည်။ သတင်းအချက်အလက်ဆိုသည်မှာ မဲဆန္ဒရှင်ပြည်သူများသည် (၁) မည်သို့မည်ပုံ မဲဆန္ဒပေးကြရပါမည်နည်း။ (၂) ရွေးကောက်ပွဲဆိုသည်မှာ မည်သို့နည်း။ (၃) ထိုရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြမည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများက မည်သူမည်ဝါများနည်း။ ၎င်းတို့နှင့်ပတ်သက်သည့် အကြောင်းအချက်များက မည်သို့နည်း စသည့် မဲဆန္ဒရှင်ပြည်သူအများ ကြိုတင်လေ့လာထားနိုင်မည့် သတင်းအချက်အလက်များပင်ဖြစ်သည်။

**တိကျမှန်ကန်သည့်သတင်းများ မပေးနိုင်ကြလျှင်**

အကယ်၍ သတင်းမီဒီယာများက မဲဆန္ဒရှင်ပြည်သူများအား ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို တိကျမှန်ကန်စွာ မပေးနိုင်ခဲ့ပါက ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေနိုင်ပြီး မဲဆန္ဒရှင်ပြည်သူများလည်း ဆန္ဒမဲပေးပိုင်ခွင့် ဆုံးရှုံးနစ်နာသွားစေနိုင်မည်ဖြစ်သည်။ ထို့ထက် နိုင်ငံအကျိုးပြု စစ်မှန်သည့် ပါတီအဖွဲ့အစည်းတစ်ရပ်ကို ရွေးကောက်တင်မြှောက်ခြင်း မပြုနိုင်ကြရာကနေ နိုင်ငံ၏ အနာဂတ်ရေးအတွက်ပါ များစွာဆုံးရှုံးနစ်နာသွားစေနိုင်ပါသည်။

**သော့ချက်အခန်းကဏ္ဍမှ သတင်းမီဒီယာ**

ယနေ့အခြေအနေအရ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို အားနည်းစေနိုင်သည့် နိုင်ငံရေးနှင့်ဆိုင်သော အဂတိလိုက်စားမှုများနှင့် အခြားလုပ်ရပ်များကို တားဆီးကာကွယ်ရာတွင် သတင်းမီဒီယာများသည် အခရာကျသည့် သော့ချက်ကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

**သတင်းမီဒီယာများ ဘက်လိုက်ရေးသားကြပါက**

အကယ်၍ သတင်းမီဒီယာများသည် ပါတီတစ်ခုခု၊ ကိုယ်စားလှယ်လောင်းတစ်ဦးဦးအပေါ် ထောက်ခံသည့် ဘက်မှသော်လည်းကောင်း၊ ကန့်ကွက်သည့်ဘက်မှသော်လည်းကောင်း သိသာထင်ရှား ဘက်လိုက်ရေးသားဖော်ပြခဲ့ကြပါက တန်းတူရည်တူယှဉ်ပြိုင်ခြင်းဆိုသည့် တရားမျှတလွတ်လပ်သန့်ရှင်းသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဦးတည်ဖော်ဆောင်ချက်ဖြစ်သော "အများယုံကြည်လက်ခံသည့် လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲ" ဟူသည့် အဓိကဦးတည်ရာ လမ်းကြောင်းမှ သွေဖည်ပြီး ရွေးကောက်ပွဲကော်မရှင်၏ အခြေခံကျသော မဟာဗျူဟာကိုပါ ကြီးမားစွာ ထိခိုက်စေနိုင်မည်ဖြစ်သည်။

**အထက်မြန်မာနိုင်ငံဆွေးနွေးပွဲ**

ယခုကဲ့သို့ အခြေခံကျသော အကြောင်းကြောင်းများကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ ပူးပေါင်းဆောင်ရွက်ကြမည့် အစီအစဉ်တစ်ရပ်ဖော်ဆောင်ချမှတ်နိုင်ရန် အထက်မြန်မာနိုင်ငံ မန္တလေးတိုင်းဒေသကြီးတစ်ဝန်းရှိ သတင်းမီဒီယာများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပကြခြင်းဖြစ်သည်။

**တူညီလက်တွဲအောင်မြင်စွာဆင်နွှဲကြရေး**

ယင်းဆွေးနွေးပွဲမှ ထွက်ပေါ်လာမည့် အကျိုးရလဒ်များနှင့်အညီ တစ်နိုင်ငံလုံးရှိ သတင်းမီဒီယာသမား သတင်းထောက်များပါမကျန် တူညီပူးပေါင်းဆောင်ရွက်ကြမည့် ရွေးကောက်ပွဲဆိုင်ရာ သတင်းမီဒီယာလမ်းညွှန်ချက်များ ပြဋ္ဌာန်းသတ်မှတ်၍ လာမည့် ၂၀၂၀ ပြည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး စနစ်တကျအောင်မြင်စွာ ကျင်းပနိုင်ရန် မိမိတို့အားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပေသည်။

**"အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့"**

# မြန်မာ - ဂျပန် နှစ်နိုင်ငံလူငယ်ခေါင်းဆောင်များအတွက် အရည်အချင်းတိုးတက်စေရေး စခန်းသွင်းလေ့ကျင့်ပေးမှုအကြောင်းသတင်းစာရှင်းလင်း

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာ- ဂျပန် နှစ်နိုင်ငံလူငယ်ခေါင်းဆောင်များ၏ အရည်အချင်းများတိုးတက်ရေး၊ နှစ်နိုင်ငံလူငယ်များအကြား ရင်းနှီးမှု ခိုင်မာလာစေရေးနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို လေ့လာနိုင်စေရေး အတွက် ရည်ရွယ်ကျင်းပသည့် International Development Field Camp 2020 အကြောင်းသတင်းစာရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်း ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

**လူငယ်ဗဟိုပြုအဖွဲ့အစည်း**

International Development Field Camp သည် ဂျပန်-မြန်မာ သံတမန်ဆက်ဆံရေးနှစ် ၆၀ ပြည့် အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံလူငယ်များ ချစ်ကြည်ရင်းနှီးရေးနှင့် အနာဂတ်အကျိုးစီးပွားများတိုးပွားရေးကိုမျှော်မှန်းကာ ၂၀၁၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သောလူငယ်ဗဟိုပြုအဖွဲ့အစည်းတစ်ခု ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်တွင် ပြုလုပ်မည့် IDFC တွင် ပါဝင်မည့်ကျောင်းသားများနှင့် ပတ်သက်၍ ဂျပန်ကျောင်းသူတစ်ဦးဖြစ်သည့် ဟာဆေးဂါဝါအယ်မာက "ဒီ IDFC ၂၀၂၀ ကတော့ အရင်ပုံစံတွေ အတိုင်းမဟုတ်ဘဲ နေရာသုံးခုမှာလုပ်သွားဖို့ စီစဉ်ထားပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ရန်ကုန်မြို့က ကျောင်းသားတွေတင်မက အနယ်နယ်အရပ်ရပ်ကကျောင်းသားတွေပါဝင်အောင် ရွေးချယ်ခေါ်ယူသွားမှာဖြစ်ပါတယ်။ ဒီနှစ်မှာ မြန်မာကျောင်းသား ၁၅ ဦး၊ ဂျပန် ကျောင်းသား ၁၅ ဦးစီ ပါဝင်မှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါ အစီအစဉ်အတွက် လျှောက်လွှာများကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလခန့်တွင် စတင်လက်ခံသွားရန် စီစဉ်ထားကြောင်း သိရသည်။ စခန်းသွင်းကျင်းပမှုကိုဂျပန်-မြန်မာနှစ်နိုင်ငံလုံးတွင် ပူးတွဲကျင်းပမည်ဖြစ်ပြီးယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများနှင့် ယဉ်ကျေးမှု အချက်အချာနေရာဒေသများအားဦးစားပေးလေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် IDFC တွင် ပါဝင်ခဲ့သူတစ်ဦးဖြစ်သည့် စစ်ကိုင်းပညာရေး တက္ကသိုလ် တတိယနှစ်ကျောင်းသား ကိုအာကာမောင်မောင်က "လျှောက်လွှာလက်ခံပြီးအင်တာဗျူးတွေ ဘာတွေ အကုန်ပြီးသွားမှ အကြိုကန့်သွင်းတာတွေ လုပ်ဦးမှာပါ။ ဂျပန်မသွားခင် ဘာတွေ ပြင်ဆင်ရမယ်၊ ဘာတွေလုပ်ရမယ်ဆိုတာ မျိုးပေါ့။ အဲဒါ ပြီးမှ ဖေဖော်ဝါရီမှာအဓိက ကန့်ကို ရောက်သွားမှာပါ။ မြို့သုံးမြို့ဖြစ်တဲ့ ဂျပန်က ကျိုတိုရယ်၊ ရန်ကုန်ရယ်၊ မန္တလေးရယ်မှာ ၁၂ ရက်သွားရမှာပါ" ဟု စခန်းသွင်း အစီအစဉ်အကြောင်းကို ရှင်းပြသည်။

အရွေးချယ်ခံ ကျောင်းသားကျောင်းသူများ ဂျပန်နိုင်ငံ၏ မြို့တော်ဟောင်းဖြစ်သောကျိုတိုမြို့နှင့် မြန်မာနိုင်ငံ၏မြို့တော်ဟောင်းများဖြစ်သော မန္တလေးမြို့နှင့် ရန်ကုန်မြို့များသို့ ၁၂ ရက်ကြာ သွားရောက်လေ့လာရမည် ဖြစ်သည်။ အဆိုပါ စခန်းသွင်းလေ့ကျင့်မှု အတွင်း အလုပ်ရုံဆွေးနွေးပွဲများ၊ ကျွမ်းကျင်သူများနှင့် အဖွဲ့လိုက်ဆွေးနွေးပွဲများ၊ ယဉ်ကျေးမှု လေ့လာရေးခရီးစဉ်များပါဝင်မည်ဖြစ်သည်။

**အဖွဲ့များခွဲကာ လေ့လာသွားမည်**

၂၀၂၀ ပြည့်နှစ်တွင် ဂျပန်- မြန်မာ လူငယ်ခေါင်းဆောင်များအဓိကလေ့လာသွားမည့် အကြောင်းအရာမှာစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။ လူသား များအနေဖြင့် မိမိနေထိုင်နေသည့် သဘာဝပတ်ဝန်းကျင်မှ အဖိုးတန်အရင်းအမြစ်များကို တန်ဖိုးထားထိန်းသိမ်း သုံးစွဲသင့်ကြောင်းနှင့် နည်းပညာများ ဖွံ့ဖြိုးလာမှုကြောင့် လူနေမှုအဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိသလောက် နည်းပါးရန် အလွန်အရေးကြီးကြောင်းတို့ကိုအဓိကထား လေ့လာမည်ဖြစ်သည်။ ထို့ပြင် ခေါင်းစဉ်ခွဲ သုံးခုဖြစ်သည့် လူမှုစွန့်ဦးတီထွင်မှုလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုနှင့် ကမ္ဘာ့အနှံ့ဖြစ်စဉ်ပတ်သက်မှုတို့ကိုအဖွဲ့များခွဲကာ လေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

ဖွံ့ဖြိုးပြီး ဂျပန်နိုင်ငံနှင့် ဖွံ့ဖြိုးဆဲ မြန်မာနိုင်ငံတို့မှ ကျောင်းသားကျောင်းသူများ ထိုသို့ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးတိုးတက်ရေးသာမက နှစ်နိုင်ငံကြား လတ်တလောဖြစ်ပေါ်နေသော လူမှုစီးပွားအကြောင်းအရာ ပြဿနာများအားဘက်ပေါင်းစုံမှ ပြောင်းလဲတွေးခေါ်တတ်စေပြီး လက်တွေ့ကျကျရင်ဆိုင်ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်သည်။ ပါဝင်သောလူငယ်ခေါင်းဆောင်များအနေဖြင့် ၎င်းတို့ဘဝတစ်သက်တာလုံးတွင် အထောက်အပံ့ဖြစ်စေမည့် အတွေ့အကြုံများ၊ အကြံဉာဏ်ကောင်းများကို ရရှိပိုင်ဆိုင်နိုင်ကြစေရန် ရည်ရွယ်ကြောင်း သိရသည်။

လူငယ်ခေါင်းဆောင်များရွေးချယ်လေ့ကျင့်ပေးသည့် အစီအစဉ်တစ်ခုဖြစ်သည့် IDFC အား ၂၀၁၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၄၊ ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈ ခုနှစ်များတွင် မြန်မာနိုင်ငံ၌ နှစ်စဉ်အောင်မြင်စွာ စခန်းသွင်းလေ့ကျင့်ပေးခဲ့ပြီး ၂၀၁၉ ခုနှစ်မှစ၍ ဂျပန် - မြန်မာ နှစ်နိုင်ငံတွင် ပူးတွဲကျင်းပခဲ့ကြောင်း သိရသည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - ထိန်လင်း**




# (၂၈)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၁၈**

(၂၈)ကြိမ်မြောက် ရဲချုပ်တံခွန်စိုက်ဒိုင်း စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရဲထောက်ချုပ် ရဲမှူးချုပ်သန်းတင်အောင်က အမှာစကားပြောကြားပြီး ရဲထောက်ချုပ် ရဲမှူးချုပ် သန်းတင်အောင်နှင့် အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကိုတို့က စစ်တုရင်အရုပ်ရွှေ့ပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ကျင်းပရာ ခုံအလိုက် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိသည့် အားကစားသမား ၁၅ ဦးကို တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် မျိုးမင်းထိုက်နှင့် အသင်းလိုက် တတိယ ဆုရရှိသည့် ကရင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် ဒုတိယဆုရရှိသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့တို့ကိုအမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကိုတို့က ဆုများပေးအပ်ကြသည်။ ယင်းနောက်အသင်းလိုက် ပထမဆုရရှိသည့် ရန်ကုန်တိုင်း



ဒေသကြီးရဲတပ်ဖွဲ့အား ရဲထောက်ချုပ် ရဲမှူးချုပ် သန်းတင်အောင်က တံခွန်စိုက် ဒိုင်းဆုနှင့် ဆုများကို ချီးမြှင့်ပေးအပ်သည်။**(အပေါ်ပုံ)** **သတင်းစဉ်**

**○ ကျောဖုံးမှ**

ကမ္ဘောဒီးယားကို ဂိုးပြတ်အနိုင်ရခဲ့သောကြောင့် လက်ကျန်တစ်ပွဲအလိုတွင် ဗီယက်နမ်အသင်းနှင့်အတူ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲတွင် အရန်ကစားသမားများကို ထည့်သွင်းအသုံးပြုသည့်အပြင် ကမ္ဘောဒီးယားအသင်းက ခံစစ်ကို စုပြုံပိတ်ဆို့ကစားခဲ့သောကြောင့် ဗီယက်နမ်အသင်းကို အသာရမည့် သွင်းဂိုးရရန် ရုန်းကန်ခဲ့ရသည်။

မြန်မာအမျိုးသမီးအသင်းနည်းပြချုပ် ဦးဝင်းသူမိုးသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲ ပြုလုပ်ခဲ့ပြီး ခင်မာလာထွန်း၊ ရီရီဦး၊ ဝင်းသိင်္ဂီထွန်းတို့ကို အမာခံထားကာ ကစားသမားအများအပြား ပြောင်းလဲခဲ့သည်။ ထို့ကြောင့် ပထမပိုင်းတွင် ဂိုးရရန် ရုန်းကန်ခဲ့ရပြီး မိနစ် ၃၀ မှ ဂိုးစရခဲ့သည်။ မြန်မာအသင်းအတွက် အဖွင့်ဂိုးကို မေသူကျော်က သွင်းယူခဲ့ပြီး တစ်မိနစ်အကြာတွင် ခင်မာလာထွန်းက ဒုတိယဂိုးထပ်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ကစားပုံပိုကောင်းလာပြီး ပထမပိုင်းပြီးခါနီးတွင် ရီရီဦးက တတိယဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့သော်လည်း မိနစ် ၆၀ မှ ဂိုးထပ်ရခဲ့ပြီး ဝင်းသိင်္ဂီထွန်းက သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ဂိုးများဆက်တိုက်ရခဲ့ပြီး ၆၄ မိနစ်တွင် ခင်မိုးဝေ၊ ၇၃ မိနစ်တွင် ရီရီဦးတို့က ထပ်မံသွင်းယူခဲ့သည်။ ၇၅ မိနစ်တွင် မြန်မာအသင်း ပယ်နယ်တီပေးခဲ့ရပြီး နီမိုလ်က သွင်းယူခဲ့သောကြောင့် ကမ္ဘောဒီးယားအသင်း တစ်လုံးတည်းသော ချေပဂိုးရခဲ့သည်။ မြန်မာအသင်းသည် ဂိုးထပ်မံရရန် တိုက်စစ်အားမြှင့်တင်ခဲ့ရာ ၇၉ မိနစ်တွင် သင်းသင်းယု၊ ၈၉၊ ၉၀+၂ မိနစ်တွင် ရီရီဦး၊ မိနစ် ၉၀ တွင် ဝင်းသိင်္ဂီထွန်းတို့က ဂိုးများထပ်မံသွင်းယူခဲ့သည်။

အခြားပွဲတွင် ဗီယက်နမ်အသင်းက အင်ဒိုနီးရှားအသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု(ခ)၌ ဗီယက်နမ်နှင့် မြန်မာအသင်းက နှစ်ပွဲကစား၊ နှစ်ပွဲနိုင်၊ ခြောက်မှတ်စီရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားသည်။ အုပ်စုနောက်ဆုံးပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ်အသင်းသည် ဩဂုတ် ၂၀ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာနှင့် ဗီယက်နမ်အသင်းသည် သွင်းဂိုး ၁၇ ဂိုးစီတူညီနေသော်လည်း မြန်မာအသင်းက ပေးဂိုးတစ်ဂိုးရှိခဲ့သောကြောင့် အုပ်စုပထမနေရာရရန် နောက်ဆုံးပွဲတွင် ဗီယက်နမ်ကို အနိုင်ကစားရမည်ဖြစ်သည်။ **ညီမြတ်သော်တာ**



မြန်မာနှင့် ကမ္ဘောဒီးယားအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-MFF

**● ကျောဖုံးမှ**

ဒုတိယအချီတွင် ထွန်းထွန်းမင်း ခေါင်းတိုက်ချက်ကြောင့် မီးခေးလ် အထိနာကာ အနားတောင်းခဲ့ရသည်။ ယင်းနောက် တတိယအချီနှင့် စတုတ္ထအချီတို့ကို ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရာ တစ်ဦးနှင့်တစ်ဦး ပြင်းထန်သော ဒဏ်ရာအနာတရမရခဲ့သော်လည်း ကြမ်းပြင်သို့ အကြိမ်ကြိမ် လဲပြိုကျခဲ့ကြသည်။ လေးချီမြောက်တွင် ကြမ်းပြင်သို့ ချော်လဲခဲ့သော မီးခေးလ်အမှတ်စဉ် ဒုတိယကြိမ် ထပ်မံရေတွက်ခံရသည်။ ယင်းနောက် နောက်ဆုံး ငါးချီအရောက်တွင် မြန်မာ့ရိုးရာလက်ဝှေ့အကြောင်း အကျွမ်းဝင်မှုနည်းနေသော မီးခေးလ် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အထိနာချက်များ မရှိဘဲ အနီးထောင့်တွင် ကြမ်းပြင်ရေကြောင့် ချော်လဲကာ ပြန်လည်အထနှေးကွေးသဖြင့် ကြိုးဝိုင်းဒိုင်က တတိယအကြိမ် အမှတ်စဉ်ထပ်မံရေတွက်ခဲ့သည်။ ယင်းနောက် စက္ကန့်အနည်းငယ်အတွင်းမှာပင် ကြိုးဝိုင်းအလယ်၌ မီးခေးလ် ထပ်မံအထ နှေးသဖြင့် ကြိုးဝိုင်းဒိုင်က စတုတ္ထအကြိမ် အမှတ်စဉ်ထပ်မံရေတွက်ကာ ထွန်းထွန်းမင်းကို အနိုင်ပေးလိုက်သည်။ ရိုးရာလက်ဝှေ့နှင့် အကျွမ်းတဝင် မရှိသေးသော မီးခေးလ်(ရုရှား) သရေရလဒ်မှ အရှုံးပေးလိုက်ရကာ ကမ္ဘာ့ချန်ပီယံခါးပတ်ကို လက်လွှတ်ဆုံးရှုံးသွားခဲ့သည်။

ယင်းပွဲစဉ်နှင့် ပတ်သက်၍ မြန်မာ့ရိုးရာလက်ဝှေ့ကို ပွဲတိုင်းလိုလိုလာရောက်အားပေးသော တေးသံရှင် ရင်ဂို က "အမျိုးသားနောက်ဆုံးပွဲဖြစ်တဲ့ ထွန်းထွန်းမင်းတို့ပွဲက တစ်ဦးနဲ့တစ်ဦး သိသိသာသာအထိနာတာ သိပ်မရှိဘူး။ အရင်ပွဲတွေက တစ်ဦးနဲ့တစ်ဦး အကွဲအပြဲတွေနဲ့ ဆေးဆရာဝန်တွေကို ပြရတာရှိသေးတယ်။ ဒါပေမယ့် တစ်ဦးနဲ့အထိ နာတာမရှိပေမယ့် ကြမ်းပြင်တော့ နှစ်ဦးစလုံး ခဏခဏလဲကျကြတယ်။ မီးခေးလ်ကတော့ ပိုများတာပေါ့။ နှစ်ဦးယှဉ်ပြိုင်တိုက်ရင်းရော၊ ကြမ်းပြင်ချော်လို့ လဲကျတာရော ဒါတွေကိုလည်း ကြိုးဝိုင်းဒိုင်က အမှတ်စဉ် ရေတွက်တာပဲ။ တကယ်တော့ ဒီဘက်ကထိုးလိုက်၊ ကန်လိုက်လို့ လဲကျတယ်ဆိုရင်တော့ အမှတ်စဉ်ရေရမှာပေါ့။ ကြမ်းပြင်ချော်လို့ လဲကျတာကို ရေတွက်နေတော့ တစ်ဖက်ကို သိသိသာသာအနိုင်ပေးသလိုဖြစ်နေတာပေါ့။ ပရိသတ်ကလည်းနားမလည်ကြတာမှ မဟုတ်တာ"ဟု အဆိုပါပွဲနှင့် ပတ်သက်၍ သူ့အမြင်ကို သုံးသပ်ပြောကြားသည်။

အခြားပွဲစဉ်များ၌ ၇၅ ကီလိုတန်းပြိုင်ပွဲတွင် ပထမတန်းလက်ဝှေ့ချန်ပီယံ တူးတူးနှင့် ဘရာဇီးမွေ့ထိုင်းချန်ပီယံ ဖာဘီရိုဗရာရီတို့သည် လည်းကောင်း၊ ၆၇ ကီလိုတန်းပြိုင်ပွဲတွင် ရန်နိုင်ထွန်း(မြန်မာ)နှင့် တောင်ပစိဖိတ်ကစ်ဘောက်ဆင်ချန်ပီယံ ကိန်းကော်လန်(နယူးဇီလန်)တို့သည်လည်းကောင်း၊ ၆၃ ကီလိုတန်းပြိုင်ပွဲတွင် ၂၀၁၉ ရွှေခါးပတ်ချန်ပီယံ ဗျူဂို(မြန်မာ)နှင့် ရိုးရာလက်ဝှေ့ဂျပန်ရွှေတံဆိပ်ဆု ရှင်ဟီဂါရို(ဂျပန်)တို့သည်လည်းကောင်း၊ ၆၁ ကီလိုတန်းတွင် သုံးထပ်ကွမ်း ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံ ရဲသွေးနီနှင့် အီရန် k1 ချန်ပီယံဘာဘတ်(အီရန်)တို့သည်လည်းကောင်း ယှဉ်ပြိုင်ထိုးသတ်ရာ တူးတူးနှင့် ဗျူဂိုတို့အသာစီးသရေရခဲ့ပြီး ကျန်ပွဲများမှာ အနိမ့်သရေဖြင့်သာ ကျေနပ်ခဲ့ရသည်။

ယနေ့ နောက်ဆုံးပွဲစဉ်ဖြစ်သည့် အမျိုးသမီး အထူးလေးချီစိန်ခေါ်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးချန်ပီယံ ဘရော်နီကာနှင့် မွေ့ထိုင်းကမ္ဘာ့ချန်ပီယံ စောစင်ဆွာဆိုပစ်(ထိုင်း)တို့ ကမ္ဘာ့ချန်ပီယံရွှေခါးပတ်လု ယှဉ်ပြိုင်ထိုးသတ်ကြရာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ရှိခဲ့သော်လည်း အရှုံး/ အနိုင်မပေါ်ဘဲ သရေကျခဲ့သည်။ ယနေ့ ယှဉ်ပြိုင်ထိုးသတ်သော စတုတ္ထအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးတွင် အကောင်းဆုံး တံတောင်ရိုက်ချက်ဆုကို အီရန်နိုင်ငံမှ ဘာဘတ်က ရရှိခဲ့ပြီး ရိုးရာလက်ဝှေ့ဝါသနာရှင်ပြည်သူများ ရုံပြည့်ရုံလျှံလာရောက်အားပေးခဲ့ကြောင်း သိရသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**



ထွန်းထွန်းမင်းနှင့် ရုရှားမွေ့ထိုင်းချန်ပီယံ မီးခေးလ်ဖက်ထရီလာ(ရုရှား)ယှဉ်ပြိုင်ထိုးသတ်စဉ်။ ဓာတ်ပုံ- မင်းထက်

# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

၅၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ပုဒ်မ ၅၁ အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူ အရာရှိကဖြစ်စေ၊ ပြည်ထောင်စုနယ်မြေ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိကဖြစ်စေ ပုဒ်မ ၃၀ (က) (၂)၊ ၃၀ (ခ)၊ ၃၁၊ ၃၃၊ ၃၅ နှင့် ၃၆ အရ ချမှတ်သော ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၄။ ဦးစီးဌာနသည် ပုဒ်မ ၅၂ နှင့် ပုဒ်မ ၅၃ တို့အရ အယူခံမှုကို စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိက ချမှတ်သည့်ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၅၅။ (က) ဦးစီးဌာန၏ လိုင်စင်ထုတ်ပေးသူအရာရှိက ပုဒ်မ ၃၀ (က) (၂)၊ ၃၀ (ခ)၊ ၃၁၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆ နှင့် ဦးစီးဌာနက ပုဒ်မ ၅၄ အရ ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး ဦးစီးဌာနနှင့် ဦးစီးဌာန၏ လိုင်စင်ထုတ်ပေးသူအရာရှိက ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ် ဖြစ်သည်။

## အခန်း (၉)
## လျော်ကြေးငွေပေးဆောင်ခြင်း

၅၆။ မော်တော်ယာဉ်နှင့် စပ်လျဉ်း၍ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုကြောင့် တစ်ဦးတစ်ယောက်သောသူသည် ရာဇသတ်ကြီးပုဒ်မ ၂၇၉၊ ၃၃၇၊ ၃၃၈ သို့မဟုတ် ပုဒ်မ ၃၀၄ (က) အရ ပြစ်မှုထင်ရှားစီရင်ခံရ၍ ထိုပြုလုပ်သည့် သို့မဟုတ် ပျက်ကွက်သည့်ကိစ္စကြောင့် ပစ္စည်းတစ်ခုခု ပျက်စီးဆုံးရှုံးလျှင် တရားရုံးသည် ယင်းပစ္စည်း ပျက်စီးဆုံးရှုံးမှုအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အစိုးရဌာန၊ အဖွဲ့အစည်းပိုင်ပစ္စည်းတစ်ခုခု ပျက်စီးလျှင် အဆိုပါပစ္စည်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန် လုံလောက်သည့် လျော်ကြေးငွေ ပေးစေရန် အမိန့်ချမှတ်ခြင်း။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်ပစ္စည်းမှအပ အခြားပစ္စည်းတစ်ခုခု ပျက်စီးလျှင် ပစ္စည်းပိုင်ရှင်နှင့် ပြစ်မှုကျူးလွန်သူ နှစ်ဖက်သဘောတူညီမှု မရပါက အဆိုပါပစ္စည်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန် လုံလောက်သည့် လျော်ကြေးငွေ ပေးစေရန် အမိန့်ချမှတ်ခြင်း။

(ဂ) ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မခွဲ (ခ) အရ ချမှတ်သည့် လျော်ကြေးငွေကို ပေးရန် ပျက်ကွက်လျှင် အဆိုပါလျော်ကြေးငွေကို အခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၅၇။ ပုဒ်မ ၅၆ အရ ချမှတ်သည့် အမိန့်သည် နစ်နာသူက တရားမမှုစွဲဆိုခွင့်ကို ပိတ်ပင်ခြင်း မရှိစေရ။

## အခန်း (၁၀)
## စည်းကမ်းထိန်းသိမ်းခြင်းနှင့် အရေးယူခြင်း

၅၈။ ဝန်ကြီးဌာနသည် ဤဥပဒေ သို့မဟုတ် နည်းဥပဒေများ၊ အမိန့်၊ စည်းမျဉ်းများနှင့် စည်းကမ်းချက်များတို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်သူအား စစ်ဆေးအရေးယူရန် ဦးစီးဌာနကိုသော်လည်းကောင်း၊ ဦးစီးဌာနမှ သင့်လျော်သည့် အရာရှိတစ်ဦးဦးကိုသော်လည်းကောင်း တာဝန်ပေးအပ်နိုင်သည်။

၅၉။ (က) ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲဒုတပ်ကြပ်နှင့်အထက် တပ်ဖွဲ့ဝင်သည် အောက်ပါအခြေအနေ တစ်ရပ်ရပ်တွင် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည် -

(၁) သတ်မှတ်ထားသော ပမာဏထက်ပို၍ အရက်သေစာ သောက်စားမူးယစ်၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း။

(၂) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲ၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း။

(၃) ဘေးအန္တရာယ်ဖြစ်စေနိုင်သည်အထိ မော်တော်ယာဉ်ကို မဆင်မခြင် သို့မဟုတ် အရှိန်ပြင်းစွာ သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်ခြင်း။

(၄) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း။

(ခ) ပုဒ်မခွဲ (က) (၁) အရ ဖမ်းဆီးခံရသည့် သူတစ်ဦးဦးကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း စစ်ဆေးပြီး အချုပ်မှ လွှတ်ရမည်။

(ဂ) ပုဒ်မခွဲ (က) (၂)၊ (၃) နှင့် (၄) တို့ပါ အခြေအနေတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ဖမ်းဆီးခံရသည့်သူတစ်ဦးဦးကို သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူရမည်။

၆၀။ (က) ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲအရာရှိ သို့မဟုတ် အဆိုပါရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲဒုတပ်ကြပ်နှင့်အထက် တပ်ဖွဲ့ဝင်သည် အောက်ပါတစ်ဦးတစ်ယောက်သောသူကို ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည် -

(၁) ဤဥပဒေပါ ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ စွပ်စွဲခံရသူအား အမည်နှင့် နေရပ်လိပ်စာ ဖော်ပြစေလိုကြောင်း မေးမြန်းသည့်အခါ ဖော်ပြရန် ငြင်းဆိုသူ သို့မဟုတ် ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဒုတပ်ကြပ်နှင့်အထက် တပ်ဖွဲ့ဝင်က ထိုသူဖော်ပြသော အမည်နှင့် နေရပ်လိပ်စာသည် မှန်ကန်ခြင်းမရှိဟု ယူဆခြင်းခံရသူ။

(၂) ဤဥပဒေပါ ပြစ်မှု သို့မဟုတ် နည်းဥပဒေများပါ ပြစ်မှုတစ်ခုခုတွင် ပါဝင်သက်ဆိုင်၍ သို့မဟုတ် ပါဝင်သက်ဆိုင်သည်ဟု သင်္ကာမကင်းဖွယ်ရာ အကြောင်းရှိ၍ ထွက်ပြေးတိမ်းရှောင်မည်ဟု သို့မဟုတ် သမ္မန်စာချအပ်ခြင်း မခံရအောင် အခြားနည်း ရှောင်ရှားနေမည်ဟု အဆိုပါရဲအရာရှိ သို့မဟုတ် အဆိုပါရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဒုတပ်ကြပ်နှင့်အထက် တပ်ဖွဲ့ဝင်က ယုံကြည်ရန် အကြောင်းရှိသောသူ။

(ခ) ရဲအရာရှိ သို့မဟုတ် အဆိုပါရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဒုတပ်ကြပ်နှင့်အထက် တပ်ဖွဲ့ဝင်သည် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးလျှင် မော်တော်ယာဉ်ကို လုံခြုံစွာ ယာယီထိန်းသိမ်းထားရန် လိုအပ်ပါက မိမိသင့်သည်ဟု ထင်မြင်ယူဆသည့်အတိုင်း အရေးယူဆောင်ရွက်နိုင်သည် သို့မဟုတ် အရေးယူဆောင်ရွက်စေနိုင်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မော်တော်ယာဉ်ကို ရွှေ့ပြောင်းနေရာချထားရန် လိုအပ်ပါက ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်ရမည်။

၆၁။ (က) ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဒုတပ်ကြပ်နှင့်အထက် တပ်ဖွဲ့ဝင် သို့မဟုတ် ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဦးစီးဌာနမှ အရာရှိသည် ဤဥပဒေ သို့မဟုတ် နည်းဥပဒေများ၊ အမိန့်၊ စည်းမျဉ်းများနှင့် စည်းကမ်းချက်များတို့ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့် ယာဉ်မောင်းသူ လက်ရှိထားသော ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်နှင့်ပတ်သက်သော စာတမ်းအမှတ်အသားများကို သိမ်းယူနိုင်သည်။ ယင်းသို့သိမ်းယူလျှင် သိမ်းယူထားကြောင်း အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရမည်။

(ခ) ယာဉ်မောင်းလိုင်စင် သိမ်းယူထားကြောင်း အသိအမှတ်ပြုလက်မှတ်ဖြင့် မော်တော်ယာဉ်ကို နေထိုင်ရာဥပစာသို့ ပြန်လည်ယူဆောင်ရန်အတွက်သာ ယာဉ်မောင်းနှင်ခွင့်ရှိသည်။

၆၂။ ရဲအရာရှိ သို့မဟုတ် အဆိုပါရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဒုတပ်ကြပ်နှင့်အထက် တပ်ဖွဲ့ဝင်ကဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစီးဌာနမှ အရာရှိကဖြစ်စေ မော်တော်ယာဉ် မှတ်ပုံတင်သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ မော်တော်ယာဉ်စစ်ဆေးချက် သက်သေခံလက်မှတ်၊ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြားများကို စစ်ဆေးရာတွင် ယင်းလိုင်စင်နှင့် လက်မှတ်များမှာ အစစ်အမှန် မဟုတ်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျှင် အဆိုပါ သက်သေခံအထောက်အထားများကို သိမ်းယူပြီး တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လိုအပ်သလို ဆက်လက်အရေးယူဆောင်ရွက်ရမည်။

၆၃။ ရဲအရာရှိ သို့မဟုတ် အဆိုပါရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဒုတပ်ကြပ်နှင့်အထက် တပ်ဖွဲ့ဝင် သို့မဟုတ် ဦးစီးဌာနမှ အရာရှိသည် သီးခြားခွင့်ပြုထားသော နေရာမှအပ အများပြည်သူဆိုင်ရာ နေရာအပါအဝင် မည်သည့်နေရာတွင်မဆို အောက်ပါမော်တော်ယာဉ်အား စစ်ဆေးတွေ့ရှိလျှင် ယင်းမော်တော်ယာဉ်ကို ယာယီထိန်းသိမ်းနိုင်ရန် အနီးဆုံးရဲစခန်းတွင် အပ်နှံရမည် -

(က) မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်။

(ခ) မှတ်ပုံတင်ဖျက်သိမ်းထားပြီးသော မော်တော်ယာဉ်။

## အခန်း (၁၁)
## ယာဉ်အန္တရာယ်ကင်းရှင်းရေးရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်း

၆၄။ ဝန်ကြီးဌာနသည် ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည် -

(က) ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ။

(ခ) အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေမှအပ အထက်ပုဒ်မခွဲ (ခ) ပါ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများမှ ရရှိသည့်ငွေဖြင့် တရားဝင်တိုးပွားသည့်ငွေများ။

၆၅။ ဝန်ကြီးဌာနသည် ယာဉ်အန္တရာယ်ကင်းရှင်းရေး ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေး စည်းမျဉ်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်း၍ ရေးဆွဲရမည်။

၆၆။ ဝန်ကြီးဌာနသည် ယာဉ်အန္တရာယ်ကင်းရှင်းရေး ရန်ပုံငွေနှင့် စပ်လျဉ်း၍ -

(က) သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ရန်ပုံငွေ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုရမည်။

(ခ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှု ခံယူရမည်။

## အခန်း (၁၂)
## တားမြစ်ချက်များ

၆၇။ မည်သူမျှ -

(က) မိမိအားထုတ်ပေးထားသည့် ယာဉ်မောင်းလိုင်စင်ကို မိမိနှင့်တစ်ပါတည်း ယူဆောင်ခြင်းမရှိဘဲ အများပြည်သူဆိုင်ရာနေရာတွင် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ။

(ခ) မိမိအား ထုတ်ပေးထားသည့် ယာဉ်အကူလိုင်စင်ကို မိမိနှင့်တစ်ပါတည်း ယူဆောင်ခြင်းမရှိဘဲ ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

(ဂ) သက်တမ်းကုန်ဆုံးနေသော ယာဉ်မောင်းလိုင်စင်ကို အသုံးပြု၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ။

(ဃ) သက်တမ်းကုန်ဆုံးနေသော ယာဉ်အကူလိုင်စင်ကို အသုံးပြု၍ ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

(င) စိတ် သို့မဟုတ် ကိုယ်၏အခြေအနေမှာ မော်တော်ယာဉ်ကို မောင်းနှင်ရန် သင့်လျော်ခြင်းမရှိသည့်အခြေအနေတွင် မောင်းနှင်ခြင်း မပြုရ။

(စ) သတ်မှတ်ထားသည့် ဝန်တင်အားထက်ပိုသော မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ။

(ဆ) မော်တော်ယာဉ်တွင် ခွင့်ပြုချက်မရှိဘဲ အပိုမီးလုံး သို့မဟုတ် အပိုမီးတန်း တပ်ဆင်မောင်းနှင်ခြင်း မပြုရ။

(ဇ) ခြေကျင်လမ်းကူးနေရာနှင့် သက်ဆိုင်သည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ။

(ဈ) အခြားသူ၏ ယာဉ်အကူလိုင်စင်ကို အသုံးပြု၍ ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

(ည) မှတ်ပုံတင် သက်တမ်းရှိသော မော်တော်ယာဉ်ကို မောင်းနှင်စဉ် မှတ်ပုံတင်သက်သေခံလက်မှတ်ကို သတ်မှတ်သည့် နည်းလမ်းအတိုင်း ပြသရန် ပျက်ကွက်ခြင်း မရှိစေရ။

(ဋ) မော်တော်ယာဉ်ကို ကိုယ်တိုင်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံး မပြုရ။

(ဌ) သတ်မှတ်ထားသည့် မော်တော်ယာဉ်ကို မောင်းနှင်နေစဉ် ယာဉ်ပေါ်ပါရှိသော အသက် ၁၀ နှစ်အောက် ကလေးငယ်များအား ကလေးအသက်ကယ်ထိုင်ခုံကို အသုံးမပြုဘဲ စီးနင်းစေခြင်း မပြုရ။

(ဍ) အသက်ကယ်ထိုင်ခုံခါးပတ်ပတ်ရန် သတ်မှတ်ထားသည့် မော်တော်ယာဉ်ကို မောင်းနှင်နေစဉ် ကိုယ်တိုင်ဖြစ်စေ၊ လိုက်ပါစီးနင်းသူများကို ဖြစ်စေ အသက်ကယ်ထိုင်ခုံခါးပတ်ကို တပ်ဆင်ခြင်း မပြုဘဲ မောင်းနှင်ခြင်း မပြုရ။

၆၈။ မော်တော်ဆိုင်ကယ် မောင်းနှင်သူ မည်သူမျှ -

(က) မော်တော်ဆိုင်ကယ်ကို နောက်ကြည့်မှန်နှင့် အိပ်ဇောရှိ အသံထိန်းကိရိယာမပါဘဲ မောင်းနှင်ခြင်း မပြုရ။

(ခ) မော်တော်ဆိုင်ကယ်ကို မောင်းနှင်စီးနင်းရာတွင် ရှေ့မီးအနိမ့်ကို နေ့၊ ညအချိန်တိုင်းတွင် ဖွင့်၍ မောင်းနှင်ရန် ပျက်ကွက်ခြင်း မရှိစေရ။

(ဂ) ကိုယ်တိုင်ဖြစ်စေ၊ လိုက်ပါစီးနင်းသူကိုဖြစ်စေ သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်ဆင်၍ ဆောင်းခြင်းမပြုဘဲ မော်တော်ဆိုင်ကယ်ကို မောင်းနှင်ခြင်း မပြုရ။

၆၉။ မော်တော်ယာဉ်လက်ဝယ်ရှိသူ မည်သူမျှ -

(က) မော်တော်ယာဉ် ပေးကမ်းခြင်းနှင့် ရောင်းချခြင်းတို့တွင် မော်တော်ယာဉ်ပေးကမ်းသည့် နေ့ရက် သို့မဟုတ် အရောင်းအဝယ်စာချုပ် ချုပ်ဆိုသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း မော်တော်ယာဉ်မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲပေးနိုင်ရေးအတွက် လျှောက်ထားရန် ပျက်ကွက်ခြင်း မရှိစေရ။

(ခ) အမွေဆက်ခံခြင်းဖြင့် မော်တော်ယာဉ်ပိုင်ဆိုင်ခွင့်ရရှိသူသည် မော်တော်ယာဉ် မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲပေးရန် တရားဝင်ပိုင်ဆိုင်ခွင့်ရရှိသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရန် ပျက်ကွက်ခြင်း မရှိစေရ။

(ဂ) မော်တော်ယာဉ် မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲပေးရန် လျှောက်ထားရာတွင် မော်တော်ယာဉ်ပေးကမ်းခြင်းနှင့် ရောင်းဝယ်ခြင်း စာချုပ်၌ ဝယ်ယူသူ၏ အမည်နှင့် နေရပ်လိပ်စာအပါအဝင် အခြားအချက်အလက် တစ်စုံတစ်ရာကို မမှန်မကန်ဖော်ပြခြင်း၊ ပြင်ဆင်ခြင်း၊ ချန်လှပ်ခြင်း သို့မဟုတ် စာချုပ်ချုပ်ဆိုသည့်နေ့ရက်ကို မမှန်မကန်ဖော်ပြခြင်း မပြုရ။

*(ဆက်လက်ဖော်ပြပါမည်)*

# AA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များက ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တံတားတစ်စင်းကို ထပ်မံမိုင်းခွဲဖျက်ဆီး၊ ကွတ်ခိုင်မြို့အား အဝေးမှလက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ရန် ချဉ်းကပ်လာသဖြင့် တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်ခဲ့မှုကြောင့် အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေး

နေပြည်တော် ဩဂုတ် ၁၈

**ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် သိန်းနီမြို့နယ်နှင့် ကွမ်းလုံမြို့နယ်အတွင်းရှိ တံတားများအား AA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များက မိုင်းခွဲဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိပြီး ကွတ်ခိုင်မြို့အား အဝေးမှလက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ရန် ချဉ်းကပ်လာသဖြင့် တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်ခဲ့မှုကြောင့် အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။**

- **လားရှိုး- ကွတ်ခိုင်- နမ့်ဖတ်ကာ- မူဆယ်နှင့် သိန်းနီ - ကွမ်းလုံသွား ပြည်ထောင်စုလမ်းမကြီးတစ်ဝိုက်၌လည်း လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများနှင့် လက်နက်ကိုင်အဖွဲ့များ ထိတွေ့တိုက်ပွဲ လေးကြိမ်ဖြစ်ပွား**
- **မိုင်းခွဲဖျက်ဆီးခံခဲ့ရသောတံတားများ အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရေးနှင့် လမ်းပန်းဆက်သွယ်မှုမပြတ်တောက်စေရေးအပါအဝင် ၎င်းဒေသများ၏ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ**

**လမ်းပန်းဆက်သွယ်မှုပြတ်တောက်**


AA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များက ဩဂုတ် ၁၇ ရက် ညနေ ၅ နာရီခန့်တွင် လားရှိုး-သိန်းနီ-ကွမ်းလုံပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နားတီးကျေးရွာအထွက် အရှည်ပေ ၅၀၊ အကျယ် ၂၅ ပေရှိ ၃၁ မိုင် ကွန်ကရစ်တံတားကို ထပ်မံမိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် တံတားမှာပျက်စီးခဲ့ပြီး လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်သွားခဲ့ကြောင်း သိရသည်။

**ထိတွေ့တိုက်ပွဲလေးကြိမ်ဖြစ်ပွား**

ထို့ပြင် ယနေ့နံနက် ၁၀ နာရီခန့်တွင် ကွတ်ခိုင်မြို့အား အဝေးမှလက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ရန် မြို့၏အနောက်တောင်ဘက်နေရာသုံးနေရာမှ လက်နက်ကိုင်အင်အား ၁၅၀ ခန့် ချဉ်းကပ်လာရာ တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်ခဲ့သဖြင့် အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေးသွားကြောင်း၊ လားရှိုး-ကွတ်ခိုင်-နမ့်ဖတ်ကာ- မူဆယ်နှင့် သိန်းနီ - ကွမ်းလုံသွားပြည်ထောင်စုလမ်းမကြီးတစ်ဝိုက်၌လည်း လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းများနှင့် လက်နက်ကိုင်အဖွဲ့များ ထိတွေ့တိုက်ပွဲလေးကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

AA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များသည် ဩဂုတ် ၁၅ ရက် နံနက် ၅ နာရီခွဲခန့်တွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော် နည်းပညာတက္ကသိုလ်၊ နောင်ချိုမြို့အထွက် ပြင်ဦးလွင်တိုးဂိတ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်ရှိ ဂုတ်တွင်း ရဲစခန်း၊ ကျောက်မဲမြို့အထွက် နောင်ချိုတိုးဂိတ်၊ မူးယစ်ဆေးဝါးစစ်ဆေးရေးဂိတ်နှင့် နယ်မြေခံတပ်ရင်းဌာနချုပ်တစ်ခုတို့ကို လက်နက်ကြီး/လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ နှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်သုံးဦးကျဆုံးပြီး အပြစ်မဲ့အရပ်သားပြည်သူ ၁၃ ဦးနှင့် ရဲတပ်ဖွဲ့ဝင် နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ယင်းနေ့ ဖြစ်စဉ်တွင် ရဲတပ်ဖွဲ့၏ လက်နက်ငယ် ၁၇ လက်၊ ကျည်အိမ်ခြောက်ခု၊ ကျည် ၁၃၁၂ တောင့်၊ မူးယစ်ဆေးဝါးရှာဖွေရေးကိရိယာ တစ်ခု၊ ဓာတုဗေဒစမ်းသပ်ရှာဖွေရေးကိရိယာ တစ်ခု၊ လက်ကိုင်စကားပြောစက်လေးလုံးတို့ဆုံးရှုံးခဲ့ပြီး မော်တော်ယာဉ်သုံးစီး မီးလောင်ပျက်စီးခဲ့ကြောင်း၊ ဂုတ်တွင်းတံတား မိုင်းခွဲဖျက်ဆီးခံရမှုကြောင့် ကြမ်းခင်းများပျက်စီးသွားခဲ့ပြီး ယာဉ်များ သွားလာ၍မရဘဲ ဖြစ်ခဲ့ရသည်။




**စစ်ကူများသွားရောက်ပူးပေါင်းခဲ့**

သို့ဖြစ်၍ တပ်မတော်စစ်ကြောင်းများက ဂုတ်တွင်းရဲကင်းစခန်း၊ နောင်ချိုတိုးဂိတ်နှင့် အေးရှားဝေါလ်တိုးဂိတ်တို့အား စစ်ကူများသွားရောက်ပူးပေါင်းခဲ့ပြီး ဆက်လက်နယ်မြေရှင်းလင်းစဉ် တပ်မတော် နည်းပညာတက္ကသိုလ်၏ အရှေ့ဘက် ပြင်ဦးလွင်-လားရှိုးကားလမ်း၏ အရှေ့ဘက်ခြမ်းရှိ တောင်ကုန်းပေါ်မှ ဘက်ထရီအိုး၊ ဝိုင်ယာကြိုးများနှင့် ချိတ်ဆက်ထားသည့် Type 63 107 မီလီမီတာ အမျိုးအစားဒုံးသီးခြောက်လုံး၊ ရှေ့တိုက်ဒုံးများ ပစ်ခတ်ရန် AA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များက အသင့်ပြုလုပ်ထားသည့် နေရာများနှင့် ဘက်ထရီအိုးတစ်လုံးတို့ကို တွေ့ရှိခဲ့ရသည်။ ထို့ပြင် နောင်ချိုမူးယစ်ဆေးဝါးစစ်ဆေးရေးဂိတ်နှင့် ဂုတ်တွင်းရဲကင်းစခန်းနေရာများတွင် တပ်မတော်စစ်ကြောင်းများနှင့် ထိတွေ့တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

**လက်တုံ့ပြန်သည့်အကြမ်းဖက်လုပ်ရပ်**

AA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များအနေဖြင့် ဇူလိုင် ၂၅ ရက်က ကွတ်ခိုင်မြို့နယ် ရှောက်ဟော်ကျေးရွာ အရှေ့တောင်ဘက်ချောင်းဆုံနေရာတစ်ဝိုက် မူးယစ်ဆေးဝါး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၆ ဘီလီယံကျော်နှင့် မူးယစ်ဆေးဝါး ရိုက်စက်အပါအဝင် ဆက်စပ်ပစ္စည်းများ၊ ဘိန်းချက်စခန်းများအားလည်းကောင်း၊ ဩဂုတ် ၈ ရက်တွင် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရက်ခုံတိုင်ကျေးရွာမှ မူးယစ်ဆေးဝါးတန်ဖိုးငွေကျပ် ၅ ဘီလီယံခန့် ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများအားလည်းကောင်း တပ်မတော်က သိမ်းဆည်းရရှိခဲ့သည့်အပေါ် မကျေနပ်သဖြင့် လက်တုံ့ပြန်သည့်အနေဖြင့် ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လာခဲ့ခြင်း ဖြစ်ကြောင်း ဩဂုတ်၁၅ ရက်က တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ သတင်းထုတ်ပြန်ချက်များအပေါ် အခြေခံပြီး သတင်းများ ထုတ်ပြန်ထားရှိပြီးဖြစ်သည်။

**လုံခြုံရေးလုပ်ငန်းများဆောင်ရွက်**

မိုင်းခွဲဖျက်ဆီးခံခဲ့ရသော တံတားများ အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရေးနှင့် လမ်းပန်းဆက်သွယ်မှုမပြတ်တောက်စေရေး အပါအဝင် ၎င်းဒေသများ၏ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့အတွက်တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**
**ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး**

# အင်းစိန်ကားလမ်းကူး ခုံးကျော်တံတား မင်းကြီးလမ်းဘက်ခြမ်း လက်တက်တံတားတည်ဆောက်

**ရန်ကုန် ဩဂုတ် ၁၈**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာန(တံတား)၏ ဦးဆောင်ကြီးကြပ်မှုဖြင့် A-1ဆောက်လုပ်ရေးကုမ္ပဏီက အင်းစိန်ကားလမ်းကူးခုံးကျော်တံတား၊ အမှတ်(၂) ပင်မတံတားကြီး၏ ဘယ်ဘက် အင်းစိန်လှုပ်စစ်ရုံးကြီးရှေ့ မင်းကြီးလမ်းမကြီးဘေး၌ လက်တက်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို မေ ၁ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မရှစ်ပေါင်တွင် ငါးပေါင်ပြုလုပ် ပြီးစီးပြီးဖြစ်ကြောင်း မြန်မာ့မီးရထားမြို့ပြအင်ဂျင်နီယာမှူး(တံတား)ထံမှ သိရသည်။

**လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံအထိသွားလာနိုင်**

"အင်းစိန်ကားလမ်းကူး ခုံးကျော်တံတားအမှတ်(၂) ပင်မတံတားကြီးကို ၂၀၁၅ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ဖွင့်လှစ်ခဲ့က မော်တော်ယာဉ်တွေ ဖြတ်သန်းသွားလာနေကြပါပြီ။ အမှတ်(၂)ပင်မ တံတားကြီးရဲ့ ဘယ်ဘက်ခြမ်းကနေပြီး ဖောက်လုပ်တည်ဆောက်သွားမယ့် လက်တက်တံတားဟာ မင်းကြီးလမ်းနှင့် အောက်မင်္ဂလာဒုံလမ်းမကြီး တစ်လျှောက် လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံအထိသွားလာနိုင်ကြမှာ ဖြစ်ပါတယ်" ဟု မြန်မာ့မီးရထားမြို့ပြအင်ဂျင်နီယာမှူး (တံတား)ဦးမောင်ချိုက ပြောသည်။

**၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း အပြီးတည်ဆောက်ရန်ခန့်မှန်းထား**

အဆိုပါ လက်တက်တံတားသည် အရှည် ၄၄၀ ပေ၊ အကျယ် ၁၆ ပေ၊ လူသွားလမ်းဘေးတစ်ဖက်ကို သုံးပေစီ၊ ကားလမ်းမှ တံတားကင်းလွတ်အမြင့် ပေ ၂၀ ရှိပြီး တံတားခန်းဖွင့်နှစ်ခန်း၊ ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မနှစ်ခန်း၊ ဘိုးပိုင်သံကူကွန်ကရစ်အုတ်မြစ်ဖြင့် ပြုလုပ်သည့်တံတားတိုင်များနှင့် တည်ဆောက်သွားမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်းအင်းစိန်ကားလမ်းကူးခုံးကျော်တံတား၊ မင်းကြီးလမ်းဘက်ခြမ်း လက်တက်တံတားကို အပြီးတည်ဆောက်သွားရန် ခန့်မှန်းထားကြောင်း သိရသည်။ **ညဏ်လင်း**

# လားရှိုးမြို့နယ်ရှိ တိုက်ပွဲရှောင်ပြည်သူများအား ရိက္ခာဆန်နှင့် ထောက်ပံ့ငွေများလှူဒါန်း

**လားရှိုး ဩဂုတ် ၁၈**

ဩဂုတ် ၁၇ ရက်က လားရှိုးမြို့အနီးဖြစ်စဉ်များကြောင့် လားရှိုးမြို့ ရပ်ကွက်(၁၂) သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်သို့ လားရှိုးမြို့ ရပ်ကွက်(၁၂) အောင်သစ္စာတိုးချဲ့ကွက်သစ်နေပြည်သူများ၊ ချစ်ခြင်းမေတ္တာ မိဘမဲ့ဂေဟာမှ ကလေးငယ်များ၊ မတ်ချီနကျေးရွာနှင့် ကောင်းကြဲ(ပိတ်) ကုန်းစုန်ရွာကျေးရွာတို့မှ ပြည်သူများ စုစုပေါင်း အမျိုးသား၊ အမျိုးသမီး ၉၉၂ ဦးတို့ ရောက်ရှိခိုလှုံကြောင်း သိရသည်။

ရှမ်းပြည်နယ် အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၊ ခရိုင်၊ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် အလှူရှင်များက ရိက္ခာဆန်၊ ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းကြရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ် ၃၀ နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီက ဆန်အိတ် ၃၀ နှင့် ငွေကျပ် ၁၀ သိန်း၊ ခရိုင်၊ မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီက ဆန်အိတ် ၆၀၊ အိမ်ထောင်စု ၅၉ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးပါ ပစ္စည်းများ၊ ရှမ်းပြည်နယ်မြောက်ပိုင်း အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် နှစ်သိန်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့က ငွေကျပ် နှစ်သိန်း၊ ပြည်နယ်ကြက်ခြေနီအဖွဲ့က အထွေထွေအသုံးအဆောင်များ၊ ရှိုင်းနင်းမြန်မာ ကုမ္ပဏီက ဆန်အိတ် ၂၀၊ ဒေါက်တာ နန်းဆိုင်အေးက ဆန် ၁၀ အိတ်၊ လပ်ကီးရွှေဆိုင်က ဆန် ၁၀ အိတ်၊ စံပယ်ဦး သောက်ရေသန့်ကုမ္ပဏီက အချိုရည် ၁၈၂၄ လုံးနှင့် အခြားသော အလှူရှင်များကလည်း ရေသန့် အစရှိသောရိက္ခာများကို ပေးအပ်လှူဒါန်းကြရာ ပြည်သူများကိုယ်စား မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီး ဘဒ္ဒန္တပုညနန္ဒက လက်ခံရယူပေးပြီး ကျေးဇူးတင်အနုမောဒနာတရား ချီးမြှင့်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က ကျေးရွာ၊ ရပ်ကွက်နေပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြမှု မဖြစ်ကြရန်နှင့် မိမိတို့နေရပ်သို့ ပြန်သွားသည့်အချိန်တွင်လည်း ရပ်ကွက်၊ ကျေးရွာများ အရောက် ပို့ဆောင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားကြောင်း ပြောသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဖြစ်စဉ်များ၌ ဒဏ်ရာရရှိသူ ငါးဦးအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီနှင့် သေဆုံးသူအတွက် ကျန်ရစ်သူမိသားစုထံသို့ ထောက်ပံ့ငွေကျပ် ငါးသိန်းအား ရှမ်းပြည်နယ်အစိုးအဖွဲ့ကိုယ်စား ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်နှင့် တာဝန်ရှိသူများက လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်လာသူများအား လားရှိုးမြို့နယ်ကျန်းမာရေးဌာနနှင့် ကြက်ခြေနီအဖွဲ့တို့မှလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိနေပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၊ ခရိုင်၊ မြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၊ အလှူရှင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များမှ လှူဒါန်းထောက်ပံ့မှုတွင် ဆန်အိတ် ၁၄၀၊ ငွေကျပ် ၂၉ သိန်းဖြစ်ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**



# တိုက်ပွဲများကြောင့် မူဆယ်(၁၀၅)မိုင် ဒေသခံ ဈေးဆိုင်ခန်းများ စောစောပိတ်သိမ်းနေကြ

**မူဆယ် ဩဂုတ် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်အနီး နေထိုင်ကြသော ဒေသခံများသည် ယခုရက်ပိုင်းအတွင်း ဖြစ်ပွားသည့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အပါအဝင် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချို၊ ဂုတ်တွင်း၊ ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ သိန်းနီနှင့် ကွတ်ခိုင်မြို့နယ်များအတွင်း တိုက်ပွဲများကြောင့် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တံတားများပျက်စီးသွားပြီး မော်တော်ယာဉ်များ အသွားအလာ လျော့နည်းသွားကာ ခရီးသွားလာသူများ မရှိသလောက် ဖြစ်နေသောကြောင့် ဒေသအတွင်း ဈေးရောင်းချကြသူများမှာ ဈေးဆိုင်ခန်းများကို စောစောပိတ်သိမ်းနေကြကြောင်း သိရသည်။

"အရင်တုန်းက နယ်မြေအခြေအနေ တည်ငြိမ်အေးချမ်းမှုရှိတယ်။ ကုန်သွယ်ရေးဇုန်ထဲကို ကုန်တင်ယာဉ်တွေ အဝင်များတော့ ဈေးရောင်းရတာ အဆင်ပြေပါတယ်။ အခုကျတော့ နယ်မြေအခြေအနေကလည်း သိပ်မကောင်းဘူး။ ယာဉ်တွေနဲ့ လူတွေကလည်း အသွားအလာနည်းတော့ ဈေးရောင်းတာ အဆင်မပြေဘူး။ ရောင်းအားလည်း တအားကျတယ်။ အရင်တုန်းကဆိုရင် တစ်ရက်ကို သုံးသိန်းဖိုးလောက် ရောင်းရတယ်။ အခုဆိုရင် သုံးသောင်းလောက်ရဖို့တောင် မလွယ်ဘူး။ ညဆိုရင်လည်း ၈ နာရီအထိပဲ ရောင်းရဲတယ်" ဟု ပျော်ဘွယ်ကြီးမေထမင်းဆိုင်ပိုင်ရှင်က ပြောသည်။

ဆက်လက်၍နယ်မြေအခြေအနေကြောင့် ကုန်သွယ်ရေးဇုန်ထဲတွင် ကုန်ပစ္စည်းအပြည့်နှင့် လေးရက်ခန့် ညအိပ်စောင့်နေရသည့် ကုန်တင်ကားဆရာ ကိုနိုင်ဦးကလည်း "ကျွန်တော် တရုတ်ဘက်ကနေ အရုပ်စုံတင်လာကာ ထွက်လာတာ အခုဆိုရင် ကုန်သွယ်ရေးဇုန်ထဲမှာပါလာတဲ့ ကုန်ပစ္စည်းတွေကို အစစ်ဆေးခံပြီး ကွင်းထဲမှာ ညအိပ်နေရတာ လေးညလောက်ရှိပြီ။ ဒီလိုရက်ကြာရင်တော့ ကျွန်တော်တို့အတွက် အခက်အခဲရှိပါတယ်။ ဒါကလည်း လမ်းကြောအခြေအနေမကောင်းလို့ သက်ဆိုင်ရာလူကြီးတွေက စေတနာနဲ့ ပေးမထွက်တာ ဖြစ်ပါတယ်။ တချို့ကားဆရာတွေဆိုရင် လမ်းမှာအခက်အခဲကိုယ်စီဖြစ်နေလို့ ကျွန်တော်တို့ဆီကို ဖုန်းဆက်ပြီး အကူအညီတောင်းခဲ့ပေမယ့် ခရီးကဝေး၊ လမ်းကြောကမကောင်းဘူးဆိုတော့ စိတ်မကောင်းရုံကလွဲပြီး ဘယ်လိုမှ အကူအညီမပေးနိုင်ဘူး။ ကျွန်တော်တို့လည်း ကိုယ့်ကားနားကလွဲလို့ ဘယ်ကိုမှမသွားရဲဘူး။ ဆိုင်ကယ်နဲ့ပတ်ပြီး ထမင်းဟင်းလာရောင်းတဲ့သူတွေဆီကပဲ အဆင်ပြေသလို ဝယ်စားလိုက်တယ်။ အခုလောလောဆယ်တော့ နောက်ထပ် ဘယ်နှရက်လောက် ဒီကွင်းထဲမှာ ထပ်နေရမယ်ဆိုတာတော့ အတိအကျမပြောနိုင်ဘူး" ဟု ပြောသည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အတွင်းသို့ ယခုရက်ပိုင်း တိုက်ပွဲများကြောင့် မြန်မာဘက်မှ ပို့ကုန်ယာဉ်များ၊ ခရီးသည်ယာဉ်များ ဝင်ရောက်မှုရပ်တန့်နေပြီး သွင်းကုန်ယာဉ် အနည်းငယ်မျှသာ ဝင်ရောက်ကြောင်း သိရသည်။

ပို့ကုန်ယာဉ်များ ဝင်ရောက်လာခြင်း မရှိသော်လည်း ကုန်သွယ်ရေးဇုန်အတွင်း တာဝန်ထမ်းဆောင်နေသော (OSS) အဖွဲ့များနှင့် ကုန်တင်ကုန်ချလုပ်သားများမှာ နေစဉ်ပုံမှန်လုပ်ငန်းတာဝန်များအတိုင်း ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**သန့်ဇင် -မူဆယ်**





မူဆယ်မြို့တွင်း ဆိုင်ခန်းများ ပိတ်သိမ်းထားမှုကို တွေ့ရစဉ်။

# မူဆယ်မြို့ ပရဟိတအသင်းများစုပေါင်း၍ မွန်ပြည်နယ်ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်လှူဒါန်းမည်

**မူဆယ် ဩဂုတ် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ရှိ ပရဟိတအဖွဲ့ (၁၇)အဖွဲ့ စုပေါင်း၍ ဩဂုတ် ၁၁ ရက်မှ ၁၅ ရက်အထိ မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် အလှူခံခဲ့ရာ ငွေကျပ် သိန်း ၆၅၀ ကျော် ရရှိခဲ့သည်။


အဆိုပါ အလှူခံရရှိငွေများ၊ အဝတ်အထည်၊ အသုံးအဆောင် အိတ် ၁၈၀ ကျော်နှင့် စားသောက်ဖွယ်ရာများကို မူဆယ်မြို့ ပရဟိတအသင်းဥက္ကဋ္ဌ ဦးသောင်းထွန်း ဦးဆောင်၍ မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများထံသို့ သွားရောက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ အလှူခံရာတွင် မူဆယ်မြို့ ဟိန္ဒူလူငယ်အဖွဲ့တို့လည်း ပူးပေါင်းပါဝင်လာပြီး ပန်ဆိုင်းမြို့ အသောကပရဟိတအဖွဲ့မှ အလှူတော်ငွေနှင့် အဝတ်ထုပ်များလည်း လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"အလှူငွေတွေသွားပို့တဲ့အချိန်မှာ လမ်းစရိတ်၊ စားစရိတ်၊ ကားငှားခတွေကို လူမှုကယ်ဆယ်ရေးအဖွဲ့မှ ရန်ပုံငွေကိုပဲ အသုံးပြုသွားမှာပါ။ မူဆယ်မြို့ အလှူခံရရှိလာသမျှ ရေဘေးသင့်ပြည်သူများထံ ၁၀၀ ရာခိုင်နှုန်း လှူဒါန်းသွားပါမယ်" ဟု ဦးသောင်းထွန်းက ပြောသည်။

နောင်ချိုမြို့နယ် ဂုတ်တွင်းတံတားပျက်စီးသွားခြင်းကြောင့် မွန်ပြည်နယ်အတွင်းရှိ ပြန်လည်ထူထောင်ရေး၊ ရေဘေးသင့်ပြည်သူများထံသို့ သွားရောက်လှူဒါန်းရန် အချိန်ကြန့်ကြာနေပြီး တခြားနည်းလမ်းဖြင့် အချိန်မီ သွားရောက်လှူဒါန်းနိုင်ရန်အတွက် စီစဉ်ထားကြောင်း ဦးသောင်းထွန်းက ပြောသည်။

**ဆလိုင်းဗန်ရိုးထန်(မြန်/ဆက်)**





# တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ ရေလှောင်တမံ ၂၂ ခုတွင် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံများအနက် အချို့သောရေလှောင်တမံများတွင် မိုးရွာသွန်းမှုအားကောင်း၍ သတ်မှတ်ကန်ရေပြည့်မှတ်ထက်ကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျစီးထွက်လျက်ရှိသည်။

ယနေ့တွင် သတ်မှတ်ကန်ရေပြည့်မှတ်ထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံ ၂၂ ခုရှိသည်။ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသော ရေလှောင်တမံများမှာ လှိုင်းဘွဲ့မြို့နယ်ရှိ ရေဘုတ် ရေလှောင်တမံတွင် ၂ ဒသမ ၀၀ ပေ၊ ဖလမ်းမြို့နယ်ရှိ လိုင်ဗားရေလှောင်တမံတွင် ၀ ဒသမ ၄၀ ပေ၊ ကလေးမြို့နယ်ရှိ ရာဇဗြိုဟ်ရေလှောင်တမံတွင် ၁ ဒသမ ၂၀ ပေ၊ အုတ်တွင်းမြို့နယ်ရှိ ရေသိုးရေလှောင်တမံတွင် ၁ ဒသမ ၀၀ ပေနှင့် မင်းရဲရေလှောင်တမံတွင် ၀ ဒသမ ၇၀ ပေ၊ ဖြူးမြို့နယ်ရှိ ငမြွေရေလှောင်တမံတွင် ၀ ဒသမ ၆၀ ပေနှင့် ဖြူးချောင်းရေလှောင်တမံတွင် ၂ ဒသမ ၁၀ ပေ၊ ပဲခူးမြို့ရှိ ရွှေပြည်(၃) ရေလှောင်တမံတွင် ၀ ဒသမ ၆၀ ပေ၊ နတ္တလင်းမြို့နယ်ရှိ တောင်ညိုရေလှောင်တမံတွင် ၀ ဒသမ ၁၀ ပေ၊ ဂန့်ဂေါမြို့နယ်ရှိ မြစ်သာရေလှောင်တမံတွင် ၀ ဒသမ ၈၅ ပေ၊ စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေလှောင်တမံတွင် ၄ ဒသမ ၃၀ ပေ၊ ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံတွင် ၁ ဒသမ ၂၀ ပေ၊ ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝရေလှောင်တမံတွင် ၅ ဒသမ ၂၀ ပေ၊ သထုံမြို့နယ်ရှိ ဝါးပါးရေလှောင်တမံတွင် ၀ ဒသမ ၂၅ပေ၊ မော်လမြိုင်မြို့နယ်ရှိ ရွှေနတ်တောင်ရေလှောင်တမံတွင် ၀ ဒသမ ၄၅ ပေ၊ ကျောက်တော်မြို့နယ်ရှိ ပြိုင်းချောင်းရေလှောင်တမံတွင် ၀ ဒသမ ၆၀ ပေနှင့် ရှောက်ချောင်းရေလှောင်တမံတွင် ၀ ဒသမ ၄၀ ပေ၊ မင်းပြားမြို့နယ်ရှိ ဂရင်ဂျိုင်ရေလှောင်တမံနှင့် ကြက်တက်ရေလှောင်တမံတို့တွင် ၀ ဒသမ ၁၀ ပေစီ၊ မြေပုံမြို့နယ်ရှိ တမန်းဒူးရေလှောင်တမံတွင် ၀ ဒသမ ၂၀ ပေ၊ အင်္ဂပူမြို့နယ်ရှိ နန်ကသူရေလှောင်တမံတွင် ၀ ဒသမ ၅၀ ပေနှင့် ကညင်ရေလှောင်တမံတွင် ၁ ဒသမ ၃၀ ပေ ရေများကျော်ကျလျက်ရှိသည်။

**သတင်းစဉ်**

# ရှမ်းယူနိုက်တက်အသင်း ထိပ်ဆုံးတွင် နှစ်မှတ်အသာဖြင့် ဦးဆောင်

**ရန်ကုန် ဩဂုတ် ၁၈**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၁) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ရှမ်းယူနိုက်တက်နှင့် ရော်ဝတီအသင်း နိုင်ပွဲရခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက မကွေးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် လက်ရှိချန်ပီယံ ရန်ကုန်အသင်း၏ သရေပွဲကြောင့် ထိပ်ဆုံးတွင် နှစ်မှတ်အသာဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ချန်ပီယံဆုကို တစ်ကျော့ပြန်ရယူနိုင်ရန် အခြေအနေကောင်းသွားခဲ့သည်။

ပထမပိုင်းတွင် ဂိုးမသွင်းနိုင်သည့် ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် တိုက်စစ်မြှင့်လာပြီး ဂိုးသွင်းခွင့်များကို အသုံးမချနိုင်သောကြောင့် ၆၄ မိနစ်မှ အဖွင့်ဂိုးရခဲ့သည်။ မကွေးခံစစ်အမှားမှတစ်ဆင့် နန္ဒကျော်ရသွားပြီး ဖန်တီးပေးသောဘောလုံးကို နာကာမူရာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း စိတ်ဓာတ်တက်သွားပြီး ၇၇ မိနစ်တွင် ထက်ဖြိုးဝေက ဒုတိယဂိုးသွင်းယူခဲ့သည်။

ပဲခူးကွင်း၌ ကျင်းပသည့်ပွဲတွင် ရော်ဝတီအသင်းက ဟံသာဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရော်ဝတီအသင်းသည် တိုက်စစ်မှူး ဆာဆက်၏ ဟက်ထရစ်ဖြင့် အနိုင်ရခဲ့ပြီး ဒုတိယနေရာကို ရယူနိုင်ခဲ့သည်။ ရော်ဝတီအသင်းအတွက် အနိုင်ဂိုးကို ဆာဆက်က ၂၄၊ ၆၄၊ ၆၇ မိနစ်တွင် သွင်းယူခဲ့ပြီး ဟံသာဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၅ မိနစ်တွင် မတ်ခ်က သွင်းယူသည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် Chinland အသင်းနှင့် ရခိုင်အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။



ရှမ်းယူနိုက်တက်နှင့် မကွေးအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်

ပွဲစဉ်(၂၁) တတိယနေ့ကို ဩဂုတ် ၂၀ ရက်တွင် မန္တလာသီရိကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရတနာပုံအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဩဂုတ် ၁၈ ရက် ပွဲစဉ်များအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၄၃ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရော်ဝတီအသင်းက ၄၁ မှတ်၊ ရန်ကုန်အသင်းက ရမှတ် ၄၀၊ ဟံသာဝတီအသင်းက ၃၂ မှတ်၊ ရခိုင်အသင်းက ၃၁ မှတ်၊ ရတနာပုံအသင်းက ၂၉ မှတ်၊ စစ်ကိုင်းအသင်းက ၂၇ မှတ်၊ မကွေးအသင်းက ၂၄ မှတ်၊ Southern အသင်းက ရမှတ် ၂၀၊ ဇွဲကပင်အသင်းက ၁၈ မှတ်၊ ဒဂုံနှင့် Chinland အသင်းတို့က ၁၇ မှတ်စီရထားသည်။

**ညီမြတ်သော်တာ**

# (၁၈)ကြိမ်မြောက် ကမ္ဘာ့ရဲတပ်ဖွဲ့ဝင်များ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြုအဖွဲ့ ရွှေလေးခု၊ ငွေလေးခု၊ ကြေးသုံးခု ဆွတ်ခူး

ရန်ကုန် ဩဂုတ် ၁၈

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့၌ ဩဂုတ် ၈ ရက်မှ ၁၈ ရက်အထိ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် ကမ္ဘာ့ရဲတပ်ဖွဲ့ ရဲအရာရှိများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ အားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု အားကစားအဖွဲ့ ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေလေးခု ၊ ငွေလေးခု၊ ကြေးသုံးခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။**

ယင်းပြိုင်ပွဲ၌ ဂျူဒိုပြိုင်ပွဲတွင် ဒုရဲအုပ် ရန်နိုင်စိုးက ရွှေတစ်ခု ၊ တိုက်ကွမ်ဒိုတွင် ရဲတပ်သားဇော်လင်းထက်က ရွှေတစ်ခု၊ တိုက်ကွမ်ဒိုတွင် ရဲတပ်သားကျော်မင်းနိုင်က ရွှေတစ်ခု၊ ရဲတပ်ကြပ်ဆွေလီမြင့်က ပြေးခုန်ပစ် မီတာ ၁၅၀၀ တွင် ရွှေတစ်ခုနှင့် မီတာ ၈၀၀ တွင် ငွေတစ်ခု၊ ဒုရဲအုပ်အေးအေးသန်းက မီတာ ၁၀၀၀၀ နှင့် မီတာ ၅၀၀၀ တွင် ငွေတစ်ခုစီ၊ ရဲတပ်သား ရဲထက်အောင်က သံလုံးပစ်တွင် ငွေတစ်ခု ရဲတပ်သားစောပြည့်စုံနေက မီတာ ၃၀၀၀ တွင် ကြေးတစ်ခု၊ ဒုရဲမှူးဝင်းနိုင်က ဂေါက်သီးတွင် ကြေးတစ်ခု၊ တပ်သား စိုးရွှေစင်ထွန်းက တိုက်ကွမ်ဒိုတွင် ကြေးတစ်ခု အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။

"ကျွန်တော်တို့ တစ်ကြိမ်တစ်ခါမှ ရဲတပ်ဖွဲ့အနေနဲ့ သွားရောက်ယှဉ်ပြိုင်တယ်ဆိုတာ မရှိခဲ့ပါဘူး။ ဒီပြိုင်ပွဲမှာ အမေရိကန်နိုင်ငံက ကစားသမား ၄၀၀ ကျော်လောက် ပါဝင်သလို တချို့နိုင်ငံတွေက ၂၅ ဦးမှ ၁၅၀ ကျော်အထိ ဝင်ရောက်ယှဉ်ပြိုင်ကြတာကို တွေ့ရပါတယ်။ လက်တွေ့ပြိုင်ပွဲမှာ ဝိတ်တန်းမမီလို့မပြိုင်ခဲ့ရဘူး။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ကိုယ်စားပြုအနေနဲ့ ၁၅ ဦးနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် ရရှိခဲ့လို့ နိုင်ငံအနေနဲ့ရော ရဲတပ်ဖွဲ့အနေနဲ့ပါ ဂုဏ်ယူဖို့ကောင်းပါတယ်" ဟု ရဲရေးချုပ် ရဲမှူးချုပ်ဝင်းထွန်းက ပြောသည်။

အဆိုပါပြိုင်ပွဲ၌ အားကစား အမျိုးအစား ၆၀ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ကိုယ်စားပြု အားကစားနည်း လေးမျိုးဖြစ်သည့် တိုက်ကွမ်ဒို၊ ဂျူဒို၊ ပြေးခုန်ပစ် ၊ ဂေါက်သီးအားကစားနည်းများ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၇၉ နိုင်ငံမှ ကစားသမား ၈၀၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး (၁၉)ကြိမ်မြောက် ကမ္ဘာ့ရဲတပ်ဖွဲ့ ရဲအရာရှိများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ အားကစားပြိုင်ပွဲကို နယ်သာလန်နိုင်ငံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု အဖွဲ့ခေါင်းဆောင် ရဲရေးချုပ် ရဲမှူးချုပ်ဝင်းထွန်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒုတိယရဲမှူးကြီးတင်ဖေဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာနရုံး (တွဲဖက်)အုပ်ချုပ်သူ ဒုတိယရဲမှူး ဝင်းနိုင်၊ ရဲအုပ်အာကာကျော်နှင့် အားကစားသမား ၁၁ ဦးတို့သည် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ အမှုဆောင်များ၊ လက်ရွေးစင်များနှင့် မျိုးဆက်သစ်အားကစားသမားများ ကြိုဆိုခဲ့ကြသည်။

**တင်စိုး(မြန်မာ့အလင်း)**



(၁၈)ကြိမ်မြောက် ကမ္ဘာ့ရဲတပ်ဖွဲ့ဝင်များ အားကစားပြိုင်ပွဲဆုရ မြန်မာအားကစားအဖွဲ့ကို တွေ့ရစဉ်။

# လေးနိုင်ငံ ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲတွင် တောင်ကိုရီးယားအသင်း ဖိုလ်စွဲ

**ရန်ကုန် ဩဂုတ် ၁၈**

လေးနိုင်ငံ ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုတတိယနေ့ကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ဆက်လက်ကျင်းပရာ တောင်ကိုရီးယားအသင်း ဖိုလ်စွဲခဲ့သည်။

နောက်ဆုံးနေ့တွင် တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားအသင်း တစ်ဂိုးစီသရေကျပြီး မွန်တီနီဂရိုးအသင်းက အိမ်ရှင်မြန်မာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံဆုအဆုံးအဖြတ်ပွဲတွင် တောင်ကိုရီးယားအသင်းက သရေကစားကာ ဂိုးကွာခြားချက်အသာဖြင့် ချန်ပီယံဆု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် တောင်ကိုရီးယားအသင်းကို ခြေရည်တူကစားနိုင်ခဲ့ပြီး မိနစ် ၈၀ ကျော်တွင် သွင်းယူသည့်ဂိုးဖြင့် ဦးဆောင်နိုင်သော်လည်း ပွဲပြီးခါနီးတွင် ဂိုးပေးလိုက်ရသောကြောင့် သရေကျပြီး ဒုတိယနေရာဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ၂၇ မိနစ်တွင် ဝေယံမင်းသူ သွင်းယူသည့် ပယ်နယ်တီဂိုးဖြင့် ဦးဆောင်နိုင်သော်လည်း ဂိုးများပြန်ပေးလိုက်ရသောကြောင့်ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားအသင်းတို့ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ခုနစ်မှတ်စီ ရထားသော်လည်း ဂိုးကွာခြားချက်ဖြင့် တောင်ကိုရီးယားအသင်းက ပထမ၊ အင်ဒိုနီးရှားအသင်းက ဒုတိယရရှိခဲ့သည်။ မွန်တီနီဂရိုးအသင်းက တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ သုံးမှတ်ဖြင့် တတိယ၊ မြန်မာအသင်းက သုံးပွဲစလုံးရှုံးပြီး အုပ်စုအောက်ဆုံးနေရာတွင် ရပ်တည်ခဲ့သည်။

မြန်မာနှင့် မွန်တီနီဂရိုးပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ပထမဆုရ တောင်ကိုရီးယားအသင်းကို ချန်ပီယံဆုဖလားနှင့် တစ်ဦးချင်းဆုတံဆိပ်၊ ဒုတိယဆုရ အင်ဒိုနီးရှားအသင်းအား တစ်ဦးချင်းဆုတံဆိပ်တို့ကို မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်မင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် အား/ကာမှ တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**သတင်း-ရဲရင့်ရှိုင်း**





# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

### ဆန်းချက်ဇ်ကို အငှားခေါ်ယူရန် သဘောတူညီမှုရရှိမည်ဟု ယုံကြည်နေ

အင်တာမီလန်အသင်းသည် ဆန်းချက်ဇ်ကို တစ်ရာသီအငှားဖြင့် ခေါ်ယူရန် မျှော်လင့်နေပြီး သဘောတူညီမှုရရှိမည်ဟုလည်း ယုံကြည်နေကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

### အဲရစ်ဆင်ကို ကမ်းလှမ်းမှုပြုလုပ်သွားဖွယ်ရှိနေသည့် ရီးရဲ

ရီးရဲမက်ဒရစ်အသင်းသည် တော့တင်ဟမ်ကွင်းလယ်ကစားသမား အဲရစ်ဆင်ကို ပေါင်သန်း ၆၀ ဖြင့် ကမ်းလှမ်းမှုပြုလုပ်သွားဖွယ်ရှိနေကြောင်း၊ အဆိုပါ ဒိန်းမတ်ကစားသမားကလည်း အပြောင်းအရွှေ့ဈေးကွက်မပိတ်သိမ်းမီတွင် အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### လီဗာပူးအသင်း ပေါင် ၁၈ သန်း ရရှိဖွယ်ရှိ

လီဗာပူးအသင်းသည် ၎င်းတို့၏ ဘရာဇီးကစားသမားဟောင်းတစ်ဦးဖြစ်သူ ကော်တင်ဟိုအနေဖြင့် ဘာစီလိုနာအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ အငှားပြောင်းရွှေ့သွားပါက ပေါင် ၁၈ သန်းရရှိဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဘီဘီစီသတင်းတစ်ရပ်တွင်မူ ဘိုင်ယန်မြူးနစ်အသင်းသည် ကော်တင်ဟိုကို အမြဲတမ်းဝယ်ယူခွင့်နှင့်အတူ တစ်ရာသီအငှားခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ဖော်ပြထားသည်။

### ဘိုင်ယန်မြူးနစ်အသင်းမှ ရီနာတို ဆန်းချက်ဇ် ထွက်ခွာလို

ပေါ်တူဂီကွင်းလယ်ကစားသမား ရီနာတို ဆန်းချက်ဇ် (၂၁နှစ်) သည် ဘိုင်ယန်မြူးနစ်အသင်းတွင် ကစားခွင့်နည်းပါးသည့်အတွက် အသင်းမှထွက်ခွာလိုနေကြောင်း ဂျာမန်အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

### အဲဗာတန်အသင်းမှ ထွက်ခွာလိုသည့် ဘိုလာစီ

အဲဗာတန်တောင်ပံကစားသမား ဘိုလာစီ (၃၀နှစ်) သည် ဂွတ်ဒီဆင်ပတ်ခ်မှ ထွက်ခွာလိုနေကြောင်း၊ တူရကီကလပ် ဘတ်ဆီးတပ်စ်နှင့် ထရာဇွန်စပေါ်အသင်းတို့က အဆိုပါ ကွန်ဂိုကစားသမားကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

### ဘရက်စီယာအသင်းသို့ ဘာလော့တယ်လီ ပြောင်းရွှေ့ရန် နီးစပ်လာ

မန်စီးတီးနှင့် လီဗာပူးတိုက်စစ်ကစားသမားဟောင်း ဘာလော့တယ်လီ (၂၉နှစ်) သည် စီးရီးအေကလပ် ဘရက်စီယာအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်လာပြီဖြစ်ကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

### ဘာစီလိုနာအသင်း၏ ရှုံးနိမ့်မှုအပေါ် အခွင့်ကောင်းယူနိုင်ခဲ့သည့် ရီးရဲ

စပိန်လာလီဂါပွဲစဉ် (၁) အဖြစ် ဩဂုတ် ၁၇ ရက် ညပိုင်းက ဆဲတာဗီကိုနှင့် ရီးရဲမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲမက်ဒရစ်အသင်းက ဘင်ဇီမာ၊ ခရူးစ်၊ ဗက်ကွက်စ်တို့၏ သွင်းဂိုးများနှင့်အတူ သုံးဂိုး-တစ်ဂိုးဖြင့် ဆဲတာဗီကိုအသင်းကို အနိုင်ရရှိခဲ့သည်။ ရီးရဲမက်ဒရစ်အသင်း၏ ပွဲထွက် ၁၁ ယောက်စာရင်းတွင် အသင်းမှ ထွက်ခွာမည်ဟုသတင်းများထွက်ပေါ်နေသော ဂါးရက်ဘေးပြန်လည် ပါဝင်လာခဲ့ပြီး ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်ပေးနိုင်ခဲ့သည်။ ထို့အပြင် ပွဲချိန် ၅၆ မိနစ်တွင် မိုဒရစ်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရအတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။ ရီးရဲမက်ဒရစ်အသင်းသည် ဘာစီလိုနာအသင်း ရှုံးနိမ့်မှုအပေါ် အခွင့်ကောင်းယူနိုင်ခဲ့သည်။

**အောင်ဇော်**

## မိုးမောက်မြို့နယ်တွင် ငွေကျပ်သိန်း ၂၂၀၀ တန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၈**

မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲက မိုးမောက်မြို့နယ် ကျောက်စခန်း ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တင်မောင်စိုး(ခ)အရှည်ကြီး မောင်းနှင်လာသည့် ပရာဒိုအမျိုးအစား မော်တော်ယာဉ်နှင့် သန့်ဇင်အောင် မောင်းနှင်ပြီး မဘောက်ဆိုင် လိုက်ပါလာသည့် အိတ်စ်ထရေးအမျိုးအစား မော်တော်ယာဉ်နှစ်စီးတို့ကိုရှာဖွေရာ ပရာဒိုအမျိုးအစား မော်တော်ယာဉ်မှ ငွေကျပ်သိန်း ၂၂၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၂ ဒသမ ၂ ကီလို၊ ငွေကျပ် ၁၂ ဒသမ ၅ သိန်းနှင့် လက်ကိုင်ဖုန်း လေးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ကွင်းဆက်အရ လွယ်ဂျယ်မြို့ ရင်ရင်ဟိုတယ် အခန်းအမှတ်(၂၀၇)သို့ ဝင်ရောက် ရှာဖွေရာ တူးနန်နှင့် လဂျာတို့အား တွေ့ရှိရပြီး ၎င်းတို့ထံမှ ဆိုင်ကယ်တစ်စီးနှင့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

**မဘောက်ဆိုင်၊ သန့်ဇင်အောင်၊ တင်မောင်စိုး(ခ) အရှည်ကြီးတို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။**



## မြန်မာ့ရုပ်မြင်သံကြား

၁၉-၈-၂၀၁၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - ရေကြီးဖြစ်ပေါ်နေချိန်တွင် လိုက်နာရန်အချက်များ
- ၇း၄၀ - MRTV Travelogue
- ၉း၁၅ - BBC Click
- ၉း၄၅ - "Myanmar Sat-2 လွှတ်တင်လို့ဆက်သွယ်ရေး စနစ် ကောင်းမွန်ဖို့"
- ၁၀း၃၀ - ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ
- ၁၄း၃၀ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအလွဲသုံးစားပြုခြင်းဖြစ်ပွားသည်ကို သံသယ ရှိ / သိရှိပါက

**ညပိုင်း**

- ၁၆း၃၀ - အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ
- - ဒုတိယနှစ်(ဒဿနိကဗေဒ အထူးပြု)(ဒဿနိကဗေဒ)
- ၁၇း၀၅ - This Week's Special Interest
- ၁၇း၃၅ - Yes or No Talk Show
- ၁၈း၃၀ - ဥပဒေရေးရာအဖြာဖြာ "နှလုံးသားသက်သေ" (အပိုင်း-၁)
- ၁၉း၁၅ - ဤအပြုအမူမျိုးပြုလုပ်သင့်ပါသလား(အဂတိ)
- ၁၉း၂၀ - နိုင်ငံခြားဇာတ်လမ်းတွဲ "ခန်းဆောင်နီအိပ်မက်"(၂) (ပေါင်ယု၊ ထိုက်ယုနှင့် ပေါင်ချိုင်းတို့ မင်္ဂလာဂုဏ်ရည်ခန်းမဆောင်တွင် ပထမဆုံးတွေ့ဆုံခြင်း)(၁)
- ၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀း၃၀ - မူးယစ်၏သားကောင် (ကာတွန်း)
- ၂၀း၃၅ - "လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး"
- - "မြန်မာမျိုးဆက်သစ် အစီအစဉ်"
- - "အဖြူရောင်ရေခွက်ကလေးရဲ့ ဒိုင်ယာရီ" (မင်းသူ၊ ထူးခန့်ကျော်၊ ခင်ဖြူဖြူသန့်၊ သီရိဖြူစင်) (ဒါရိုက်တာ-စေတနာမောင်မောင်)

## လွိုင်လင်မြို့နယ်၌ အိုက်စ် ကီလို ၅၀၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၈**

လွိုင်လင်မြို့နယ် ဟိုတင့်ကျေးရွာအနီး၌ ဩဂုတ် ၁၆ ရက် နံနက် ၁၁ နာရီတွင် လွိုင်လင်မှ တောင်ကြီးသို့ တာချီလိတ်မြို့ ပါလှံ့ရပ်ကွက်နေ စိုင်းအောင်နိုင်ထွန်း(၄၅ နှစ်)မောင်းနှင်ပြီး တာချီလိတ်မြို့ ရန်နိုင်(၁)ကျေးရွာနေ နော်ဂျာ(၃၇ နှစ်) လိုက်ပါလာသည့် 1N/ ---- အင်ဆူဖူးခြောက်ဘီးယာဉ်အား ရပ်တန့်ရှာဖွေရာ ယာဉ်နောက်ခန်း ကြမ်းခင်းအံ့ဝှက်အတွင်းမှ ပလတ်စတစ်အိတ်ဖြင့်ထုပ်ထားသည့် အိုက်စ် ၅၀၁ ကီလို (၁ ကီလိုလျှင် ကျပ်သိန်း ၂၅၀ နှုန်းဖြင့် တန်ဖိုးငွေကျပ်သိန်း ၁၂၅၂၅၀)အား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ နော်ဂျာ၏ညီတော်စပ်သူ လုကာက ကြေးသီးမြို့နယ် ဝမ်ဟိုင်းကျေးရွာမှ မန္တလေးမြို့သို့ ပို့ဆောင်ခိုင်းသဖြင့် သယ်ဆောင်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ထွက်ဆိုသဖြင့် ကွင်းဆက်များ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကာ ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



**နော်ဂျာနှင့် စိုင်းအောင်နိုင်ထွန်းတို့နှစ်ဦးအား သိမ်းဆည်းရမိသည့် အိုက်စ်များနှင့်အတူ တွေ့ရစဉ်။**

## ကျောက်တံခါး၌ အမျိုးသမီးတစ်ဦးသေဆုံးမှုနှင့်ပတ်သက်သည့် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိ

**ကျောက်တံခါး ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းနယ်မြေရဲစခန်းအပိုင် သူဌေးကြီးကျေးရွာအနီးတွင် ဩဂုတ် ၅ ရက်နံနက်ပိုင်းက အမျိုးသမီးတစ်ဦး သေဆုံးမှုနှင့်ပတ်သက်သည့် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိကြောင်း သိရသည်။

သူဌေးကြီးကျေးရွာတွင်နေထိုင်သူ မစုမြတ်လှိုင်(၂၅နှစ်)သည် ဩဂုတ် ၄ ရက်က လယ်ထဲမှ သူဌေးကြီးကျေးရွာအတွင်းရှိ ဖခင်ဖြစ်သူဦးအောင်မြင့်ထံသို့ ဟင်းပို့ပြီးအပြန် ညနေပိုင်းအထိ လယ်တဲသို့ ပြန်ရောက်လာခြင်းမရှိသဖြင့် ဖခင်ဖြစ်သူနှင့် ရွာသူ ရွာသားများက လိုက်လံရှာဖွေခဲ့ကြရာ ဩဂုတ် ၅ ရက် နံနက် ၄ နာရီခန့်တွင် သူဌေးကြီး- အမြန်လမ်းသွားကားလမ်းအနီး တောအတွင်း ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းနယ်မြေရဲစခန်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၅ ရက်က တစ်ရွာတည်းနေ ခိုင်လင်းအောင်(၂၂နှစ်) ဆိုသူက ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ဆက်လက်စစ်ဆေးနေကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## နိုင်ငံခြားတွင် အလုပ်ရမည်ဟုပြောဆို၍ လူကိုးဦးထံမှ ငွေကြေးလိမ်လည်ရယူသူကို အရေးယူ

**နေပြည်တော် ဩဂုတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် သစ်ပုတ်ကျေးရွာနေ ဗိုလ်ဟိန်း(၂၈ နှစ်)သည် ဇူလိုင်လက ဇနီးဖြစ်သူ မဟန်နီထွန်းနှင့်အတူ နေအိမ်၌ရှိနေစဉ် အောင်လံမြို့နယ် ပြန်ဒီကျေးရွာနေ လှထွန်းက ဖုန်းဆက်၍ ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်လိုလျှင် အောင်လံမြို့စမ်းချောင်းရပ်ကွက်တွင် နေထိုင်သော ဒေါ်ခင်ထွေး(၅၀ နှစ်)က ပို့ဆောင်ပေးမည်ဖြစ် ကြောင်း ပြောဆိုခဲ့သည်။

ဒေါ်ခင်ထွေးထံ ဆက်သွယ်မေးမြန်းရာ ၎င်းမှ အလုပ်လုပ်ကိုင်လိုလျှင် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသို့အရောက် ငွေကျပ်ခုနစ်သိန်းခန့် ကုန်ကျမည်ဖြစ်ကြောင်း၊ အချိုရည်ခွက်ပြုလုပ်သည့် စက်ရုံတွင် အလုပ်လုပ်ကိုင်ရမည်ဖြစ်ပြီး တစ်လလျှင် ငွေကျပ် ငါးသိန်းခန့်ရမည်ဖြစ်ကြောင်း ပြောဆိုသဖြင့် ဇူလိုင် ၇ ရက်က ဗိုလ်ဟိန်းနှင့် ဇနီးဖြစ်သူ ဟန်နီထွန်းတို့သည် ဒေါ်ခင်ထွေး၏နေအိမ်သို့ သွားရောက်ခဲ့ကြောင်း၊ ဒေါ်ခင်ထွေး၏နေအိမ်တွင် ဇော်မင်းထွေး(၃၄ နှစ်)ပါ ခုနစ်ဦးမှာလည်း ၎င်းတို့နှင့်အတူ ထိုင်းနိုင်ငံသို့ သွားရောက်ရန် တစ်ဦးလျှင် ငွေကျပ် ခုနစ်သိန်းစီ ပေးထားပြီးဖြစ်ကြောင်း သိရှိခဲ့ရသည်။

ဇူလိုင်လ ၇ ရက်က ဒေါ်ခင်ထွေးနှင့် ဗိုလ်ဟိန်းပါ ကိုးဦးတို့မှာ ရန်ကုန်မြို့သို့ သွားရောက်ခဲ့ပြီး ဇူလိုင်၈ ရက်တွင် အောင်မင်္ဂလာကားကြီးဝင်း၌ ငွေကျပ် ၁၄ သိန်းအား ဒေါ်ခင်ထွေးထံသို့ ပေးချေခဲ့ပြီး မြဝတီမြို့တွင် အလုပ်ရရှိရေး စာချုပ်ချုပ်ဆိုကာ အောင်လံမြို့သို့ ပြန်လာခဲ့သည်။ ဇူလိုင် ၂၅ ရက်တွင် ဗိုလ်ဟိန်းပါ ကိုးဦးမှာ မြဝတီမြို့ ကျွန်းတောရပ်ကွက်၊ အမှတ်(၃)လမ်းရှိ နေအိမ်သို့ ရောက်ရှိခဲ့ပြီး စောင့်ဆိုင်းနေခဲ့ရာ ငါးရက်ကြာမြင့်ခဲ့သော်လည်း ထိုင်းနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင် ရခြင်းမရှိသဖြင့် အောင်လံမြို့သို့ ပြန်လာခဲ့၍ တိုင်တန်းသဖြင့် ဒေါ်ခင်ထွေးကို အောင်လံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## ဇမ္ဗူသီရိမြို့နယ်တွင် လမ်းဖြတ်ကူးသူတစ်ဦး ယာဉ်တိုက်ခံရ၍ သေဆုံး

**နေပြည်တော် ဩဂုတ် ၁၈**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်အတွင်း ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းခွင်အနီး၌ ဩဂုတ် ၁၆ ရက်က လမ်းဖြတ်ကူးသူ အမျိုးသားတစ်ဦး ယာဉ်ငယ်တစ်စီးတိုက်မိ၍ ဆေးကုသမှု ခံယူနေစဉ် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၆ ရက် ည ၇ နာရီခွဲခန့်က ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ကိုင်းရွာဘုန်းကြီးကျောင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်အနီး ရတနာမဏ္ဍလမ်းအတိုင်း ယာဉ်မောင်း ဇမ္ဗူသီရိမြို့နယ်နေသူ ရင်အောင်(၂၉ နှစ်) မောင်းနှင်လာသော NPW - 3D / ---- တိုယိုတာဟိုက်အေ့(စ်) ယာဉ်သည် လမ်းဖြတ်ကူးသူ ဇော်ထိုက် (၃၀ နှစ်)(စိတ်စစ်ဆဲ)အား ဝင်ရောက်တိုက်မိပြီး ဒဏ်ရာများရရှိသဖြင့် ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့ကြောင်း အမှတ်(၉) နယ်မြေရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်နိုင်မိုးထံမှ သိရသည်။

ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်း ရင်အောင်(၂၉နှစ်)ကို အမှတ် (၉) နယ်မြေရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

## တောင်ဥက္ကလာပဂေါက်ကွင်းအနီး ရှံ့နွံအိုင်အတွင်း နစ်နေသည့် အမျိုးသားတစ်ဦးကို ကယ်ဆယ်နိုင်ခဲ့

**ရန်ကုန် ဩဂုတ် ၁၈**

မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် တောင်ဥက္ကလာပဂေါက်ကွင်းရှေ့တွင် ယမန်နေ့ည ၂ နာရီခွဲခန့်က လူတစ်ဦး ချောင်းစပ်ရှံ့နွံအိုင်ထဲနစ်နေကြောင်း မရမ်းကုန်းမြို့မရဲစခန်း၏ အကြောင်းကြားချက်အရ မရမ်းကုန်းမြို့နယ် မြန်မာ့ကြယ်ဖြူအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ သွားရောက်ကယ်ဆယ်ခဲ့ရကြောင်း သိရသည်။

မြန်မာ့ကြယ်ဖြူအရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ အနောက်ပိုင်းခရိုင် (YRO) တာဝန်ခံ ဦးလွင်မောင်က "ကျွန်တော်တို့ လူနာတင်ယာဉ်နဲ့ အဲဒီနေရာကို သိသိချင်း ၁၀ မိနစ်လောက်အကြာမှာ ရောက်သွားပါတယ်၊ နွံထဲမှာ တစ်ကိုယ်လုံးနစ်ပြီး ကျွံဝင်နေတာ တွေ့ရပါတယ်၊ အမျိုးသားတစ်ဦးပါ၊ အသက် ၄၀ လောက်တော့ရှိမယ်၊ ခက်ခက်ခဲခဲနဲ့ ဆယ်ယူကယ်ဆယ်ခဲ့ရပါတယ်၊ မြောက်ဥက္ကလာပဆေးရုံကို အသက်ရှင်လျက်ပို့ပေးခဲ့ပါတယ်"ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မလွန်-မင်းလှကားလမ်း၌ မီးရထားနှင့် မော်တော်ယာဉ်တစ်စီးတိုက်မိ

**မင်းလှ ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး မလွန် - မင်းလှကားလမ်းရှိမိုင်တိုင်(၃/၇)တွင် ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ ခန့်က သရက်မြို့နယ်ဘက်မှ မင်းဘူးမြို့နယ်ဘက်သို့ မောင်းနှင်လာသည့် မီးရထားနှင့် ယာဉ်တစ်စီးတို့ တိုက်မိခဲ့ကြောင်းသိရသည်။

သရက်မြို့နယ်ဘက်မှ မင်းဘူးမြို့နယ်ဘက်သို့ ဦးညွန့်ဝင်း မောင်းနှင်ပြီး ခရီးသည် ၃၀ စီးနင်းလိုက်ပါလာသည့် အဆန်ရထားသည် မလွန်-မင်းလှကားလမ်း မိုင်တိုင် (၃/၇)နှင့် ရထားလမ်း မိုင်တိုင် (၃၂၄/၁၉)နှင့် (၃၂၄/၂၀)အကြားအရောက် ရထားလမ်းအားဖြတ်ကူးလာသော မင်းလှမြို့နယ်ဘက်မှ ဦးမျိုးမင်းငြိမ်း မောင်းနှင်လာသည့် စူပါကာစတန်ယာဉ်နှင့် တိုက်မိခဲ့ခြင်းဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

Don't Use Cell Phone While Driving
အသက်အန္တရာယ်ကင်းစေဖို့ ယာဉ်မောင်းနှင်စဉ် ဖုန်းသုံးစွဲမှုရှောင်ရှားစို့

# ကဘူးလ်မြို့၌မင်္ဂလာဆောင်တစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွား လူ ၆၃ ဦးသေဆုံးပြီး ၁၈၂ ဦး ဒဏ်ရာရ



ဗုံးပေါက်ကွဲမှုအပြီး မင်္ဂလာဆောင်အခမ်းအနား ပျက်စီးနေမှုကို တွေ့ရစဉ်။

**ကဘူးလ် ဩဂုတ် ၁၈**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ဩဂုတ် ၁၈ ရက်က မင်္ဂလာပွဲတစ်ခု ကျင်းပနေစဉ် အသေခံဗုံးခွဲသမားတစ်ဦး၏ ဗုံးဖောက်ခွဲမှုကြောင့် လူပေါင်း ၆၃ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။ ကဘူးလ်မြို့အနောက်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်များ ပါဝင်မှုကိုလျှော့ချနိုင်ရေး အမေရိကန်နှင့် တာလီဘန်တို့အကြား အပြီးသတ်ဆွေးနွေးမှုပြုလုပ်နေစဉ် ထိုသို့ပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နှင့် တာလီဘန်တို့အကြား ဆွေးနွေးပွဲမှတစ်ဆင့် အပစ်အခတ်ရပ်စဲရေးလမ်းပြမြေပုံဆီ ဦးတည်နိုင်ရန် မျှော်လင့်နေချိန်လည်း ဖြစ်သည်။ ပေါက်ကွဲမှုမဖြစ်ပွားမီ သတို့သားဖြစ်သူ မီယာဝစ်သည် ပြုံးရွှင်စွာဖြင့် လာရောက်သည့် ဧည့်သည်များကို ကြိုဆိုနေခဲ့သည်။ ပေါက်ကွဲမှုအပြီးတွင်မူ သတို့သားဖြစ်သူက ၎င်း၏ မင်္ဂလာဆောင်မှာ အပျော်မှ ကြေကွဲဖွယ်ရာသို့ ပြောင်းလဲသွားသည်ဟု တိုလိုသတင်းဌာနသို့ ပြောကြားခဲ့သည်။

"ကျွန်တော့်မိသားစုနဲ့ ကျွန်တော့်သတို့သမီးကတော့ ထိတ်လန့်လွန်းလို့ စကားတောင် မပြောနိုင်ပါဘူး။ ကျွန်တော့်ညီအစ်ကိုတွေ၊ ဆွေမျိုးတွေနဲ့ သူငယ်ချင်းတွေကို ဆုံးရှုံးခဲ့ရပါတယ်"ဟု သတို့သားဖြစ်သူကပြောသည်။

ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နက်စ်ရက်ရာဟီမီက မင်္ဂလာဆောင်တွင်လူပေါင်း ၆၃ ဦး သေဆုံးခဲ့ပြီး ၁၈၂ ဦး ဒဏ်ရာရခဲ့ကြောင်း၊ ဒဏ်ရာရသူများတွင် အမျိုးသမီးများနှင့် ကလေးများလည်း ပါဝင်ကြောင်း ပြောသည်။ အာဖဂန်မင်္ဂလာဆောင်များတွင် ဧည့်သည် ရာနှင့်ထောင်နှင့်ချီ၍ လာရောက်ကြပြီး မင်္ဂလာပွဲတွင် ပျော်ရွှင်စွာကကြသည်။

အဆိုပါမင်္ဂလာဆောင်သည် ရှီယိုက်မူဆလင်များ စုဝေးခဲ့သည့်ပွဲဖြစ်ပြီး အာဖဂန်နစ္စတန်တွင် ရှီယိုက်မူဆလင်များမှာ ဆွန်နီ မူဆလင်များ၏ ပစ်မှတ်မကြာခဏဆိုသလို ဖြစ်တတ်သည်။ ယခုပေါက်ကွဲမှု၏ အဓိကလက်သည်မှာ မည်သူဖြစ်သည်ကို မကြေညာသေးပေ။ မင်္ဂလာပွဲတွင် စုစုပေါင်း ဧည့်သည် ၁၂၀၀ ခန့်ကို ဖိတ်ကြားခဲ့ကြောင်း မင်္ဂလာပွဲသို့ တက်ရောက်လာသူတစ်ဦးက တိုလိုသတင်းဌာနသို့ ပြောသည်။

**အေအက်ဖ်ပီ**

## ကက်ရှ်မီးယားဒေသ၌ ဆန္ဒပြမှုများအတွင်း လူရှစ်ဦးဒဏ်ရာရရှိပြီးနောက် လုံခြုံရေးအရ ပြန်လည်တင်းကျပ်

**ဆရီနာဂါ ဩဂုတ် ၁၈**

ကက်ရှ်မီးယားဒေသ၌ ယခုရက်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုများအတွင်း လူ ရှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အာဏာပိုင်များက ဒေသတွင်းရှိ နေရာအများအပြားတို့တွင် ဆူပူအုံကြွမှုများကို နှိမ်နင်းရန် လုံခြုံရေးဆိုင်ရာစည်းမျဉ်းများကို ပြန်လည်တင်းကျပ်လိုက်ကြောင်း သိရသည်။

ကက်ရှ်မီးယားဒေသ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ရုပ်သိမ်းရန် အိန္ဒိယအစိုးရက ဩဂုတ် ၅ ရက်တွင် ဆုံးဖြတ်လိုက်ပြီးနောက် ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့အကြား နှစ်ဖက်စလုံးက ပိုင်ဆိုင်သည်ဟု အငြင်းပွားလျက်ရှိသည့် ကက်ရှ်မီးယားဒေသ၌ တင်းမာမှုများ မြင့်တက်ခဲ့သည်။

အာဏာပိုင်များသည် ယင်းဒေသ၌ လွန်ခဲ့သောနှစ်ပတ်အကြာက ဖြတ်တောက်ခဲ့သည့် တယ်လီဖုန်းနှင့် အင်တာနက်ဆက်သွယ်ရေးလိုင်းများနှင့် လူစုလူဝေးဖြင့် သွားလာလှုပ်ရှားမှုများအား တားမြစ်ပိတ်ပင်ခဲ့မှုကို တဖြည်းဖြည်း ပြန်လည်ဖြေလျှော့ပေးခဲ့သည်။

သို့သော်လည်း ပြီးခဲ့သည့် ဩဂုတ် ၁၇ ရက်တွင် ဆရီနာဂါအနီးတစ်ဝိုက်ရှိ နေရာများ၌ ရန်းရင်းဆန်ခတ်ဖြစ်ပွားမှုများရှိခဲ့ရာ အချို့ဒေသများ၌ လုံခြုံရေးအရ တင်းကျပ်မှုများ ပြန်လည်လုပ်ဆောင်ခဲ့ကြောင်း အမည်မဖော်လိုသူ အာဏာပိုင်အချို့၏ ပြောပြချက်ကို ကိုးကားလျက် ဖော်ပြခဲ့သည်။

မူလက အာဏာပိုင်များသည် ဆန္ဒပြဆူပူမှုများရှိသည်ဆိုသော သတင်းများကို ငြင်းဆန်ခဲ့ပြီး ကက်ရှ်မီးယားဒေသရှိ အစိတ်အပိုင်းအချို့တို့တွင် ငြိမ်းချမ်းစွာ ရှိကြောင်း ပြောကြားခဲ့သည်။ ဆန္ဒပြမှုများအတွင်း ဒဏ်ရာရရှိသူ ရှစ်ဦးရှိကြောင်း ဂျမ်မူးနှင့် ကက်ရှ်မီးယားအစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရိုဟစ်ကန်ဆယ်လ်က ဩဂုတ် ၁၇ ရက်နှောင်းပိုင်းတွင် သတင်းထောက်များသို့ ပြောကြားခဲ့သည်။ သို့သော် အသေးစိတ် ဖော်ပြမှု မရှိပေ။

**အေအက်ဖ်ပီ**

## အင်ဒိုနီးရှားအလယ်ပိုင်းတွင် သင်္ဘောမီးလောင်မှုဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေသူများကို ရှာဖွေ

**ဂျကာတာ ဩဂုတ် ၁၈**

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း ဆူလာဝေစီပြည်နယ် အရှေ့တောင်ဘက် ကမ်းလွန်ပင်လယ်ပြင်၌ ဩဂုတ် ၁၇ ရက်က ခရီးသည်တင်သင်္ဘောတစ်စင်း မီးလောင်မှုကြောင့် လူ ခုနစ်ဦး သေဆုံးခဲ့ပြီးနောက် ပျောက်ဆုံးသူအချို့ရှိခဲ့ရာ ပျောက်ဆုံးနေသူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဩဂုတ် ၁၈ ရက်တွင် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မီးလောင်မှုဖြစ်ပွားခဲ့သည့် သင်္ဘောကို တွေ့ရစဉ်။

ဩဂုတ် ၁၇ ရက်က ဖြစ်ပွားခဲ့သည့် သင်္ဘောမီးလောင်မှုအတွင်း သင်္ဘောပေါ်မှ လူ ၁၆ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး လေးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ပြည်နယ်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးရုံး အကြီးအကဲ ဂျူနိုက်ဒီက ပြောကြားခဲ့သည်။

သင်္ဘောမီးလောင်မှုဖြစ်ပွားခဲ့သည့် ကိုနာဝီခရိုင် ဘိုကိုရီကျွန်းကမ်းလွန်ပင်လယ်ပြင်၌ စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များ အပါအဝင် စုစုပေါင်းလူအင်အား ၇၃ ဦး ပူးပေါင်းပါဝင်ကာ ရှာဖွေရေး ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

အခင်းဖြစ်ပွားသည့်နေရာမှ ၆ မိုင်ပတ်လည်ကို အဓိကထားလျက် ကယ်ဆယ်ရှာဖွေရေး လုပ်ငန်းများဆောင်ရွက်နေကြောင်းနှင့် ရှာဖွေရေးတွင် အကူအညီပေးရန် သင်္ဘောများနှင့် အသက်ကယ်လှေများကိုပါ ဖြန့်ကြက်ထားကြောင်း သိရသည်။

ခရီးသည်တင်သင်္ဘောသည် ဆူလာဝေစီပြည်နယ်အနီး မာရိုဝါလီခရိုင်၊ ကာလီရိုအန်ကျွန်းစုရှိ ဆိပ်ကမ်းတစ်ခုသို့ ထွက်ခွာလာစဉ် မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

**ဆင်ဟွာ**

## စပိန်ကျွန်းစုဖြစ်သည့် ကန်နရီကျွန်းတွင် တောမီးလောင်မှုကြောင့် လူပေါင်း ၂၀၀၀ ကျော်ကို ရွှေ့ပြောင်းပေး



ကန်နရီကျွန်းတွင် တောမီးလောင်နေသည်ကို တွေ့ရစဉ်။

**တီဂျီဒါ ဩဂုတ် ၁၈**

စပိန်နိုင်ငံ၏ အပန်းဖြေကျွန်းတစ်ကျွန်းဖြစ်သည့် ဂရန်ကန်နရီကျွန်းတွင် တောမီးလောင်မှုကြောင့် လူပေါင်း ၂၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။ အဆိုပါ တောမီးသည် ဗယ်လာဆီကိုမြို့တွင် ဩဂုတ် ၁၇ ရက် ညနေပိုင်းက စတင်လောင်ခဲ့ပြီး လျင်မြန်စွာ ကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မိုရာနှင့် တီဂျီဒါတို့ကို အရေးပေါ်နေရာများအဖြစ် ကြေညာခဲ့ပြီး တီဂျီဒါမြို့မှ လူပေါင်း ၂၀၀၀ နှင့် အခြားမြို့များမှ လူများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။ မြေ ၁၀၀၀ ဟက်တာခန့် မီးလောင်သွားခဲ့ပြီး အာတီနာရာ၊ တီဂျီဒါနှင့် ဂလက်ဒါတို့သည် စိုးရိမ်ရသည့် အခြေအနေတွင်ရှိသည့်အတွက် အိမ်နီးချင်းမြို့များသည်လည်း ထိတ်လန့်ရလျက်ရှိသည်။

လေကြမ်းများတိုက်ခတ်လာနိုင်သည်ဟုလည်း ကြိုတင်ခန့်မှန်းထားရာ မီးငြိမ်းသတ်နိုင်ရေး ခက်ခဲလိမ့်မည်ဖြစ်သည်။ ရေသယ်ရဟတ်ယာဉ်ကြီးများ အသုံးပြုသည့်အပြင် မြေပြင်တွင်လည်း မီးသတ်သမားများက မီးငြိမ်းသတ်နိုင်ရေး အစွမ်းကုန် ကြိုးပမ်းလျက်ရှိသည်။

**ဆင်ဟွာ**

## လက်နက်ထိန်းချုပ်ရေး တင်းကျပ်ရန်အတွက် စုဝေးပွဲများ အမေရိကန်တစ်လွှားတွင် ပြုလုပ်

**ဝါရှင်တန် ဩဂုတ် ၁၈**

အမေရိကန် တစ်လွှားတွင် သေနတ်ပစ်ခတ်မှုများကြောင့် လူအစုလိုက်သေဆုံးရမှုများ ဖြစ်ပေါ်နေသည့်အတွက် လက်နက်ထိန်းချုပ်ရေးကြပ်မတ်ပေးရန် တောင်းဆိုသူများသည် စုဝေးဆန္ဒထုတ်ဖော်ခဲ့ကြသည်။ ယခုသီတင်းပတ်အတွင်း နေရာပေါင်း ၁၀၀ ခန့်တွင် စုဝေးဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့ကြသည်။ ယခုလအစောပိုင်းတွင် အယ်ပက်ဆို၊ တက္ကဆက်၊ ဒေတန်၊ အိုဟိုင်းယိုးပြည်နယ်တို့တွင် သေနတ်ပစ်ခတ်မှုကြောင့် လူအစုလိုက် သေဆုံးမှုများဖြစ်ပေါ်ခဲ့ရသည်။ ဩဂုတ် ၁၇ ရက်က လူပေါင်း ၁၀၀ ခန့်သည် ဝါရှင်တန်တွင် စုဝေးခဲ့ကြပြီး သေနတ်ဖြင့် အကြမ်းဖက်ခံရမှုများမှာ တော်သင့်ပြီဟု ကြွေးကြော်ခဲ့ကြသည်။

၎င်းတို့သည် အိမ်ဖြူတော်၊ ဝါရှင်တန်အထိမ်းအမှတ် အဆောက်အအုံများသို့ သွားရောက်ခဲ့ကြပြီး လက်နက်ထိန်းချုပ်ရေးတင်းကျပ်ပေးရန် လွှတ်တော်ကို တောင်းဆိုခဲ့ကြသည်။ လက်နက်ဝယ်ယူသူ၏ နောက်ခံအကြောင်းအရာကို စစ်ဆေးသည့် လုပ်ပိုင်ခွင့်ဥပဒေကြမ်းကို ဒီမိုကရက်တစ်များ ကြီးစိုးသော အောက်လွှတ်တော်တွင် ဖေဖော်ဝါရီလအတွင်း အတည်ပြုခဲ့ပြီးဖြစ်သည်။ လက်နက်ထိန်းချုပ်ရေးတွင် အရေးယူရန် ပျက်ကွက်သည့်အတွက် သမ္မတထရမ့်ကို ဒီမိုကရက်တစ်များက အပြစ်တင်ကြသည်။ လာမည့် ၂၀၂၀ ရွေးကောက်ပွဲတွင် လက်နက်ထိန်းချုပ်ရေးမှာ အဓိကအကြောင်းအရာဖြစ်လာမည် ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဆူဒန်ပြည်သူတို့ ဝမ်းမြောက်ခွင့်ရသည့်အချိန်

**ချူးစန္ဒီနွေး**

● ● ● ● ● ● ●

**ဆူဒန်နိုင်ငံမှာ နိုင်ငံရေးပဋိပက္ခတွေကြောင့် ဆန္ဒပြမှုတွေကြား တိုင်းပြည်မငြိမ်မသက်ဖြစ်ခဲ့ရတာ အချိန်အတော်လေးကြာခဲ့ပါပြီ။ ဒါပေမယ့် အခုအချိန်မှာတော့ ဆူဒန်နိုင်ငံအတွက် ဝမ်းမြောက်စရာ သတင်းတစ်ခု ထွက်ပေါ်လာခဲ့ပါပြီ။**



**အရပ်သားအုပ်ချုပ်ရေးစနစ်အသွင်ကူးပြောင်းနိုင်ရေး ဦးတည်သည့် စာချုပ်လက်မှတ်ရေးထိုးပွဲသို့ သွားရောက်ရန် ခါတွန်မြို့သို့ ရောက်ရှိလာကြသူများကို တွေ့ရစဉ်။**

**သဘောတူလက်မှတ်ရေးထိုးနိုင်**

အဲဒါကတော့ ဆူဒန်နိုင်ငံမှာ တပ်ဘက်နဲ့ အရပ်သား ခေါင်းဆောင်တွေအကြား အာဏာခွဲဝေမှုအတွက် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပြီဆိုတဲ့ သတင်းစကား ပါပဲ။

အရပ်သား အုပ်ချုပ်ခွင့်အာဏာစနစ် အသွင်ကူးပြောင်းနိုင်ရေး ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ကြေညာချက်တစ်ရပ်ကို ဆူဒန်တပ်ဖွဲ့ကောင်စီနဲ့ ဆန္ဒဖော်ထုတ်သူခေါင်းဆောင်တို့အကြား လက်မှတ်ရေးထိုးနိုင်ခဲ့တာလည်း ဖြစ်တယ်။ ဆူဒန်နိုင်ငံ မြို့တော်ခါတွန်မှာ ဒီလိုသမိုင်းဝင်မယ့် စာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ အာဏာသိမ်းမှု၊ အင်အားသုံးဖြိုခွင်းမှုနဲ့ ဆန္ဒပြမှုတွေအကြား ရှစ်လကြာမလူးသာမလွန့်သာ အခြေအနေနဲ့ ကြုံတွေ့ခဲ့ရတဲ့ အာဖရိက နိုင်ငံတစ်နိုင်ငံအဖို့ အခုအချိန်အခါကတော့ ပြုံးပန်းဝေနိုင်မယ့်ကာလပါပဲ။ ဆူဒန်နိုင်ငံကို နှစ်ပေါင်း ၃၀ ကြာအုပ်ချုပ်နိုင်ခဲ့တဲ့ သူကတော့ အိုမာဟက်ဆန်အယ်ဘတ်ရှာဆိုသူပါပဲ။ လွန်ခဲ့တဲ့တစ်နှစ်ခန့်ကဆိုရင် သမ္မတဟောင်း အယ်ဘတ်ရှာကို အကျင့်ပျက်ခြစားမှုနဲ့ တရားစွဲဆိုနိုင်ဖို့ဆိုတာ ဆူဒန်လူမျိုးအနည်းငယ်သာ စိတ်ကူးယဉ်ကြည့်ခဲ့ဖူးမှာပါ။ လက်တွေ့မှာ တကယ်ဖြစ်လာလိမ့်မယ်လို့တော့ ဘယ်သူမှထင်မှာမဟုတ်ပါဘူး။ အခုအချိန်မှာတော့ ဒါဟာ တကယ်ဖြစ်လာခဲ့ပါပြီ။

**ပျော်ပွဲရွှင်ပွဲများကျင်းပ**

ဩဂုတ် ၁၇ ရက်မှာတော့ အာဏာခွဲဝေရေးအတွက် ခေါင်းဆောင်ပိုင်းတွင် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်လို့ လမ်းပေါ်မှာ ပျော်ပွဲရွှင်ပွဲကျင်းပတာတွေ မီးရှူးမီးပန်းပစ်လွှတ်တာတွေနဲ့ စည်ကားနေပါတယ်။ ဒေသတွင်းမှာဆိုရင် တော်လှန်ရေး အတော်များများဟာ ကျရှုံးခဲ့တာများတဲ့အတွက် ဆူဒန်ပြည်သူတွေဟာ သူတို့ရဲ့ဆန္ဒပြည့်ဝပါ့မလားလို့ မျှော်လင့်ချက်အနည်းငယ်သာ ထားနိုင်ခဲ့ပါတယ်။ အခုအခါမှာတော့ အနည်းငယ်ပျော်နိုင်ပြီဖြစ်ပေမယ့် လူတချို့ကတော့ တိုင်းပြည်အတွင်းမှာ စီးပွားရေးပျက်သုဉ်းမှုတွေ၊ အာဏာခွဲဝေရေးမှာ သမ္မတဟောင်း အယ်ဘတ်ရှာရဲ့ အနီးကပ်လူတွေက အာဏာကို ဆက်လက်ဆုပ်ကိုင်ထားတာတွေရှိနေဆဲဖြစ်လို့ အပြည့်အဝမပျော်နိုင်ပါဘူး။ လူငယ်ဆရာဝန်တစ်ဦးဖြစ်တဲ့ မိုဟမ်မက်ဇာဟရီကတော့ သမ္မတအယ်ဘတ်ရှာပြုတ်ကျရေးအတွက် လမ်းပေါ်ဆန္ဒပြခဲ့သူထဲက တစ်ဦးပါ။ သူကတော့အခုအချိန်မှာ လူတွေဟာ ကိစ္စတော်တော်များများကို အကောင်းမြင်နေကြပါတယ်။ ဒါပေမယ့်လည်း ခံစားမှုတချို့ကတော့ ရောထွေးနေတုန်းပါပဲ။ ကျွန်တော်တို့ အကောင်းဆုံးအတွက်ပဲ ဆုတောင်းကြပါတယ်လို့ ပြောခဲ့ပါတယ်။

**လမ်းကြောင်းတစ်ခုဖြစ်လာ**

အခု သဘောတူခဲ့တဲ့ စာချုပ်မှာတော့ ဆူဒန်တပ်ဖွဲ့ကောင်စီဒုတိယအကြီးအကဲ မိုဟာမက်ဟမ်ဒန်ဒါဂလိုက တပ်ဘက်ခေါင်းဆောင်တွေအစား လက်မှတ်ရေးထိုးခဲ့ပါတယ်။ အတိုက်အခံမဟာမိတ်တွေဘက်ကတော့ အားလုံးရဲ့ကိုယ်စား အာမက်အယ်ရာဘီက လက်မှတ်ရေးထိုးခဲ့ပါတယ်။ နိုင်ငံရပ်ခြားခေါင်းဆောင်တွေကတော့ အီသီယိုးပီးယားဝန်ကြီးချုပ် အဘီအာမက် ပါဝင်ခဲ့ပါတယ်။ အီသီယိုးပီးယားဝန်ကြီးချုပ်ကတော့ အခုလို အာဏာခွဲဝေရေးစာချုပ်ဖြစ်လာရေးအတွက် ဆွေးနွေးပွဲဖြစ်မြောက်အောင် ကူညီပေးခဲ့တဲ့လူပါ။ အဲဒီမတိုင်ခင် ဇွန်လအတွင်းမှာတော့ ဆန္ဒပြသူတွေအကြား အင်အားသုံးဖြိုခွဲမှုကြောင့် လူပေါင်း ၁၂၈ ဦး သေဆုံးခဲ့ရပါတယ်။ အခုလက်မှတ်ရေးထိုးခဲ့တဲ့ သဘောတူညီချက်ကြောင့် စီးပွားရေးပညာရှင် အဗ္ဗဒယ်လာဟမ်ဒေါ့ ဦးဆောင်တဲ့ ကြားဖြတ်အစိုးရအဖွဲ့က စက်တင်ဘာ ၁ ရက်မှ အာဏာရရှိဖို့ လမ်းကြောင်းတစ်ခုဖြစ်လာမှာပါ။

**ခက်ခဲတဲ့ညှိနှိုင်းမှုတစ်ခု**

ဧပြီလအတွင်း သမ္မတဟောင်း အယ်ဘတ်ရှာကို တပ်ခေါင်းဆောင်တွေက ဖြုတ်ချပြီးတဲ့နောက် အာဏာထိန်းသိမ်းထားရာမှ အခုဆိုရင် အစိုးရအသစ်ထံ လွှဲပြောင်းပေးမှုတွေ ပြုလုပ်ရတော့မှာပါ။ အစိုးရအဖွဲ့သစ်ကို မစ္စတာဟမ်ဒေါ့က ဦးဆောင်မှာဖြစ်ပြီး အာဏာအလုံးစုံကတော့ အချုပ်အခြာအာဏာကောင်စီရဲ့ထိန်းချုပ်မှုအောက်မှာ ၂၁ လကြာရှိမှာပါ။ ကာကွယ်ရေးနဲ့ပြည်ထဲရေးဝန်ကြီးဌာနကိုတော့ ဆူဒန်တပ်ဖွဲ့ဘက်က ခေါင်းဆောင်တွေကပဲ ဆက်လက်ထိန်းချုပ်သွားမှာပါ။ တကယ်တော့ ဒါဟာခက်ခဲတဲ့ ညှိနှိုင်းမှုတစ်ခုပါပဲလို့ ဆန္ဒပြပွဲမှာ အဓိကပါဝင်ခဲ့သူ ဆာရာအဗ္ဗဒယ်ဂါလီက ပြောပါတယ်။ သုံးနှစ်ကြာပြီးတဲ့နောက်မှာတော့ အရပ်သားဦးဆောင်တဲ့ အစိုးရဖြစ်လာလိမ့်မယ်လို့ မျှော်လင့်တယ်။ ဒီလိုမှ မဟုတ်ခဲ့ရင်တော့ လမ်းပေါ်ပြန်ထွက်ရမှာပဲလို့ သူက ဆက်ပြောပါတယ်။

**သွေးစွန်းမှုတွေရှိခဲ့**

ဆူဒန်နိုင်ငံသားသမ္မတ အယ်ဘတ်ရှာရဲ့ လက်ထက်မှာ အပြည်ပြည်ဆိုင်ရာက အထီးကျန်ဖြစ်အောင်လုပ်ထားမှု၊ ပဋိပက္ခတွေ၊ ငတ်ပြတ်မှုတွေနဲ့ ဆယ်စုနှစ်များစွာကြာအောင် သည်းခံရင်ဆိုင်ခဲ့ရပါတယ်။ အခုအခါမှာတော့ အရာအားလုံးကို အသစ်စနိုင်ပြီး ဆူဒန်ပြည်သူတွေ ပျော်ရွှင်နေကြပါတယ်။ ဧပြီလ ၁၁ ရက်မှ စတင်ခဲ့တဲ့ သမ္မတအယ်ဘတ်ရှာကို ဖြုတ်ချဖို့အရေးကြိုးပမ်းမှုမှာ လူငယ်တွေရဲ့ မျှော်လင့်ချက်ကနေ အစပြုခဲ့ပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေပါ။ အမျိုးသမီးတွေအပေါ်ထားရှိတဲ့ တင်းကျပ်တဲ့စည်းမျဉ်းတွေကို အဆုံးသတ်ဖို့ကြိုးစားရင်း စတင်ခဲ့ကြပါတယ်။ အခုသဘောတူညီထားတဲ့ အာဏာခွဲဝေမှုဆိုတာကလည်း သွေးစွန်းမှုတွေရှိခဲ့ပါတယ်။ အပြစ်ကင်းလှပါချည်ရဲ့တော့ မဟုတ်ပါဘူး။ ဘာလို့လဲဆိုရင် ဇွန်လအတွင်း ဆန္ဒပြသူတွေကို နှိမ်နင်းခဲ့ရာမှာတော့ အသေအပျောက်များခဲ့လို့ပါ။ သီတင်းပတ်အတော်ကြာတဲ့အထိ ဆန္ဒပြသူတွေရဲ့အလောင်းတွေဟာ နိုင်းမြစ်ထဲမှာ ပေါလောပေါ်နေတုန်းပါပဲ။

**အမှန်တရားအတွက်ပြန်လိုချင်**

ဩဂုတ်လ ၁၉ ရက်မှာစတင်မယ့် တရားခွင်ကတော့ တာဝန်ခံမှုအတွက် ကောင်းမွန်တဲ့ခြေလှမ်းပါပဲလို့ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်မှ ဂျိုအန်းညာန်ယူကီက ပြောပါတယ်။ မစ္စတာအယ်ဘတ်ရှာဟာ သူလုပ်ခဲ့တဲ့အရာတွေအတွက် တာဝန်ယူသွားရမှာပါ။ သူ့ကြောင့် ထိခိုက်ခံစားရသူတွေဟာ အမှန်တရားအတွက် ပြန်လိုချင်ကြတုန်းပါပဲလို့ သူက ဆက်ပြောပါတယ်။ ဩဂုတ်လ ၁၇ ရက်ကပြုလုပ်ခဲ့တဲ့ အာဏာခွဲဝေရေး သဘောတူညီမှုလက်မှတ်ရေးထိုးပွဲမှာဆိုရင်တော့ တောင်ဆူဒန်ဘက်ကသမ္မတဆယ်ဗာကီရာလည်း မျက်မြင်သက်သေတစ်ဦးအဖြစ် ပါဝင်ခဲ့ပါတယ်။ တောင်ဆူဒန်ဟာ ၂၀၁၁ ခုနှစ်မှာ ဆူဒန်နိုင်ငံကနေ ခွဲထွက်ခဲ့ပြီး ကမ္ဘာ့နိုင်ငံသစ်အဖြစ် ပေါ်ထွက်လာခဲ့ပါတယ်။

**အမျိုးသမီးများ၏ မကျေနပ်ချက်**

သမ္မတအယ်ဘတ်ရှာကို ဖြုတ်ချဖို့အရေး ဆန္ဒပြပွဲတွေမှာ အမျိုးသမီးတွေက အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့ပေမယ့် အခု အာဏာခွဲဝေမှုမှာတော့ အမျိုးသမီးတွေဟာ လျစ်လျူရှုခံရတယ်ဆိုပြီး မကျေမနပ်ဖြစ်နေကြတဲ့ အမျိုးသမီးတွေလည်း ရှိပါတယ်။ အစိုးရအဖွဲ့တွင်းမှာ အမျိုးသမီးအတော်များများ ပါဝင်နိုင်ဖို့လည်း မျှော်လင့်တယ်လို့ အတတ်ပညာပိုင်းဆိုင်ရာအဖွဲ့က အမျိုးသမီးတစ်ဦးဖြစ်သူ မစ္စအဗ္ဗဒဲဂါလီကပြောပါတယ်။ ဝန်ကြီးတွေခန့်အပ်တာကိုလည်း စောင့်ကြည့်ပြီး အမျိုးသမီးဘယ်လောက်ပါမလဲဆိုတာ စောင့်ကြည့်သွားမယ်လို့ သူက ဆက်ပြောပါတယ်။ အစားအသောက်၊ လောင်စာနဲ့ လျှပ်စစ်ပြတ်တောက်မှု၊ ငွေကြေးဖောင်းပွမှုမြင့်တက်မှု၊ စီးပွားရေးပြိုလဲမှုတွေ ဖြစ်ပေါ်နေချိန်မှာ အစိုးရအဖွဲ့သစ်ဟာ တာဝန်ဆက်ခံဖို့ ဖြစ်လာခဲ့ပါတယ်။

**နိုင်ငံတကာမှ အကူအညီလိုအပ်**

ပြီးခဲ့တဲ့သီတင်းပတ်တွေအတွင်း ခါတွန်မြို့မှာ ရေကြီးမှုကြောင့် နေရာအတော်များများမှာ ရေလွှမ်းမိုးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ နောက်ထပ်မငြိမ်မသက်မှုတွေ ဖြစ်ပေါ်လာမှာကို ကာကွယ်ဖို့ရော၊ ယိုယွင်းနေတဲ့စီးပွားရေးကို အဖတ်ဆယ်ဖို့ရော ဆူဒန်ဟာ အပြည်ပြည်ဆိုင်ရာက အကူအညီတွေ အရေးပေါ်လိုအပ်တယ်လို့ ကျွမ်းကျင်သူတွေက ပြောကြပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ဆူဒန်နိုင်ငံကို အကြမ်းဖက်သမားတွေ ထောက်ပံ့ပေးနေတဲ့နိုင်ငံအဖြစ် ဆယ်စုနှစ်အတော်ကြာ စာရင်းသွင်းခဲ့ပါတယ်။ တကယ်လို့များ အဲဒါကို ရုပ်သိမ်းပေးခဲ့မယ်ဆိုရင် စီးပွားရေးအတွက် ရင်းနှီးမြှုပ်နှံမှုတွေ ပြန်လုပ်နိုင်မှာပါ။ ။

**ကိုးကား -နယူးယောက်တိုင်း**

# နိုင်ငံတကာသတင်းတိုထွာ

## ရိုမေးနီးယား စိတ်ရောဂါကုဆေးရုံ၌ လူနာတစ်ဦး၏ တိုက်ခိုက်မှုကြောင့် လေးဦးသေဆုံး

**ဘူခါရက်စ် ဩဂုတ် ၁၈**

ရိုမေးနီးယားနိုင်ငံရှိ စိတ်ရောဂါကုဆေးရုံတစ်ရုံ၌ လူနာတစ်ဦး၏ တိုက်ခိုက်မှုကြောင့် လူလေးဦးသေဆုံးပြီး ကိုးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရိုမေးနီးယား သတင်းစာတစ်စောင်တွင် ဩဂုတ် ၁၈ ရက်က ဖော်ပြခဲ့သည်။

တိုက်ခိုက်မှုဖြစ်ပွားပုံမှာ မြို့တော်ဘူခါရက်စ် အရှေ့မြောက်ပိုင်း ဆာပိုကာရှိ ဆေးရုံတစ်ရုံမှ လူနာဖြစ်သည့် အသက် ၃၈ နှစ်ရှိ အမျိုးသားတစ်ဦးသည် ကုသခန်းတစ်ခန်းအတွင်းသို့ ဝင်ရောက်လာခဲ့ပြီး သွေးသွင်းသည့်စင်ဖြင့် အခြားလူနာများအား တိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်ခံရသည့် လူနာသုံးဦးမှာ ဦးခေါင်း၌ ထိခိုက်ဒဏ်ရာများရရှိခဲ့ကာ ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ လေးဦးမြောက် တိုက်ခိုက်ခံရသူမှာ ဆေးရုံသို့အရောက်တွင် ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားကြောင်း သိရသည်။ လူနာအမျိုးသားက တိုက်ခိုက်ခဲ့မှုအတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သူ ကိုးဦးအနက် နှစ်ဦးမှာ ကိုမာရောဂါခံစားနေရသူ နှစ်ဦးဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ကမ္ဘောဒီးယားတွင် အွန်လိုင်းလောင်းကစား စီးပွားရေးလိုင်စင်ထုတ်ပေးမှုကို ရပ်ဆိုင်း

**ဖနောင်ပင် ဩဂုတ် ၁၈**

ကမ္ဘောဒီးယားနိုင်ငံသည် အွန်လိုင်းလောင်းကစား စီးပွားရေးလိုင်စင်ထုတ်ပေးတော့မည်မဟုတ်ဘဲ ယခင်ထုတ်ပေးပြီးသားလိုင်စင်များကိုလည်း သက်တမ်းတိုးပေးတော့မည် မဟုတ်ကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က ဩဂုတ် ၁၈ ရက်တွင် ပြောကြားခဲ့သည်။ အတည်ပြုလက်မှတ် ရေးထိုးလိုက်သည့်နေ့မှစကာ ကမ္ဘောဒီးယားပြည်တွင်းနှင့် ပြည်ပတို့တွင် အွန်လိုင်းလောင်းကစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးလိုင်စင် ထုတ်ပေးမှုများကို ရပ်တန့်တော့မည်ဟု ၎င်းက ပြောကြားခဲ့သည်။

ယခင်လိုင်စင် ကိုင်ဆောင်ထားသူများသည် ထုတ်ပေးထားသည့် လိုင်စင်သက်တမ်းမကုန်ဆုံးမီ အချိန်အထိ လုပ်ကိုင်ခွင့်ရမည်ဖြစ်ပြီး သက်တမ်းကုန်ဆုံးသွားလျှင်မူ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက လိုင်စင်သက်တမ်းတိုးပေးတော့မည် မဟုတ်ပေ။

တရားမဝင် အွန်လိုင်းလောင်းကစားများကို နှိမ်နင်းဖြိုခွင်းရန်လည်း စုံစမ်းစစ်ဆေးမှုများပြုလုပ်သွားရန် အာဏာပိုင်များကို ဝန်ကြီးချုပ်က ညွှန်ကြားထားပြီးဖြစ်သည်။ နိုင်ငံရပ်ခြားမှ ရာဇဝတ်သားများသည် အွန်လိုင်းလောင်းကစားမှုများကို ကမ္ဘောဒီးယားတွင် လုပ်ဆောင်လာသည့်အတွက် ယခုလို ကြပ်မတ်မှုများ ပြုလုပ်လာခြင်းပင် ဖြစ်သည်။

**ဆင်ဟွာ**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲသို့ တက်ရောက်

**ရွှေဘို ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် လိပ်ချင်းကျေးရွာအနီးရှိ ရေ့ပြေး အဆင့်မြှင့်လယ်မြေ လေးဧက၌ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဩဂုတ် ၁၇ ရက်က ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် တက်ရောက်အားပေးကြည့်ရှုသည်။

သရုပ်ပြပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးရေးဝင်ငွေ တိုးတက်ရေးစီမံကိန်းအရ လိပ်ချင်းကျေးရွာအုပ်စု၌ အဆင့်မြှင့်လယ်ယာမြေ ၅၇၅ ဧကကို ရေ့ပြေးစီမံကိန်းအဖြစ် အကောင်အထည်ဖော်ထားသလို အဆင့်မြှင့်လယ်မြေဖော်ဆောင်ခြင်း၏ အကျိုးကျေးဇူးများကို ဒေသခံတောင်သူများ လက်တွေ့သိမြင်ခံစားကြရမည်ဖြစ်ကြောင်း၊ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးမှုသရုပ်ပြခြင်းသည်လည်း တောင်သူများအတွက် အကျိုးရှိစေမည့် အစီအစဉ်ဖြစ်ပြီး လုပ်ငန်းခွင်အတွင်း လယ်ယာလုပ်သားရှားပါးခြင်းကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲ(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးခင်မောင်ညွန့်က ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးခြင်းကြောင့် ကုန်ကျစရိတ်ကို သက်သာစေခြင်း၊ အချိန်မီ စိုက်ပျိုးနိုင်ခြင်း၊ ကောက်ကွက်အပြည့် စိုက်ပျိုးနိုင်ခြင်း၊ အပင်ပွားနှုန်း ကောင်းမွန်သဖြင့် အထွက်နှုန်းကောင်းမွန်စေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်း ပြောကြားကာ JICA မှ အကြံပေး တစ်ဦးကလည်း ကွင်းသရုပ်ပြပွဲနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ လယ်ယာသုံးစက်ကိရိယာများ ရောင်းချသည့် ကုမ္ပဏီများဖြစ်သော Kubota၊ Minoru နှင့် Yarmar ကုမ္ပဏီတို့မှ တာဝန်ရှိသူများက ၎င်းတို့ကုမ္ပဏီအလိုက် ကောက်စိုက်စက်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့ကြပြီး ကောက်စိုက်စက်များဖြင့် စိုက်ပျိုးမှုကို လက်တွေ့သရုပ်ပြခဲ့ရာ ဒေသခံတောင်သူ ၁၂၀ ခန့် လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ထွန်းမြင့်အောင်(ရွှေဘို)**

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို ကြီးအုံကြီးဝ တမံအတွင်း ငါးမျိုးစိုက်ထည့်ပွဲ တက်ရောက်

**ပွင့်ဖြူ ဩဂုတ် ၁၈**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝ တမံအတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဩဂုတ် ၁၆ ရက်က ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်ခဲ့သည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ ဒုတိယ လွှတ်တော်ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာယဉ်ယဉ်မိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်၍ ငါးမြစ်ချင်းကောင်ရေ နှစ်သိန်းနှင့် ငါးခုံးမကြီး ကောင်ရေ တစ်သိန်းခွဲကို တမံအတွင်း မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။




ငါးမျိုးစိုက်ထည့်ပွဲတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို အမှာစကားပြောကြားစဉ်။

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနအနေဖြင့် ပြည်သူများအတွက် ငါးသယံဇာတ ဖူလုံစေရန်၊ ငါးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်၊ ဆင်းရဲနွမ်းပါးမှု ပပျောက်စေရန်နှင့် ငါးထုတ်လုပ်မှု တိုးတက်မြင့်မားပြီး ဒေသခံ ကျေးလက်နေပြည်သူများနှင့် ရေလုပ်သားများ ဝင်ငွေတိုးစေရန် စသည့် ရည်ရွယ်ချက်များဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများ၊ ဆည်ကန်များ၊ စပါးစိုက်လယ်မြေများ၌ နှစ်စဉ် ငါးမျိုးစိတ်များ စိုက်ထည့်ပေးနေကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ် ပြည်နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ် အခမ်းအနား ကျင်းပ

**လွိုင်ကော် ဩဂုတ် ၁၈**

ကယားပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပြည်နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ပြည်နယ် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ် ပြည်နယ်အဆင့် ကျောင်းကျန်းမာရေး သီတင်းပတ် အခမ်းအနားကို ဩဂုတ် ၁၆ ရက်က လွိုင်ကော်မြို့ မင်းစုရပ်ကွက်ရှိ ပြည်နယ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုကို လူထုအကြားတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့် နေ့စဉ်ဘဝများ ရရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး တစ်ဦးတစ်ယောက်ချင်းစီမှစ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏ ကျန်းမာရေးကို အကောင်းဆုံးဖြစ်အောင် ပြုမူနေထိုင်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ထိန်းသိမ်းရမည်ဖြစ်ပြီး သက်ဆိုင်ရာ ရောင်းချသူများအနေဖြင့်လည်း လိုက်နာကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဌေးလွင်၊ ပြည်နယ်ပညာရေးမှူး ဦးစောအယ်ဒိုဝါးတို့က ကျောင်းကျန်းမာရေး သီတင်းပတ်ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် အခြေခံပညာကျောင်းသားကျောင်းသူများက Fitness Dance ဖြင့် ကပြဖျော်ဖြေခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး တေးသရုပ်ဖော်မှုများဖြင့် ဖျော်ဖြေတင်ဆက်ခြင်းနှင့် အေရိုးဗစ်အကတို့ဖြင့် ကပြတင်ဆက်ခဲ့ကြသည်။ ထို့နောက် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စံပြကျောင်း၊ စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသည့် ကျောင်းအုပ်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ကပြဖျော်ဖြေခဲ့သည့် ကလေးငယ်များ၊ ကျောင်းသားကျောင်းသူများအတွက် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**



# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနား ဘားအံ၌ ကျင်းပ

**ဘားအံ ဩဂုတ် ၁၈**

ကရင်ပြည်နယ် ဘားအံမြို့တွင် ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားပြီး ကျင်းပရေးကော်မတီမှ နန်းထက်ထက်လင်းစိုးက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဖြစ်ပေါ်လာပုံနှင့် ယခုနှစ်ဆောင်ပုဒ်အပေါ် ရှုမြင်မှုအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဦးသန်းနိုင်တို့က အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ်ချစ်ကြည်ရေး (အမျိုးသား၊ အမျိုးသမီး) ဘောလုံးပြိုင်ပွဲ တွင် အနိုင်ရဗိုလ်စွဲသော ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တကောင်းနိုင်ငံရေးလေ့လာမှုအဖွဲ့ အမှုဆောင် ဒါရိုက်တာ ဦးရဲမျိုးဟိန်းက အမျိုးသားသွင်ပြင်လက္ခဏာ တည်ဆောက်ခြင်းတွင် လူငယ်များ၏ အခန်းကဏ္ဍကိုလည်းကောင်း၊ Public Administaration စောခိုင်သက်ထွန်းက လူငယ်နှင့်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကိုလည်းကောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့(PACE)မှ ဦးဝင်းညီညီဇော်က လူငယ်နှင့်ပြည်သူ့နီတိကို လည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးဘိုဘိုဝေမောင်က Youth for State Building ကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့သည်။ ဆက်လက်၍ ဒေသခံလူငယ် နှင့် စွန့်ဦးတီထွင်မှုခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ပီတိကရင်ရိုးရာဂျပ်ခုပ်နှင့်ပိုးထည်ဆိုင်မှ ကိုပီတိ၊ Nan Hpaan Downtoen Transport မှ Founder ဖြစ်သူ ဒေါက်တာစောဖြိုးဝေလင်း၊ Hta Ba Kaw Travels and Tours မှ Co-founder ဖြစ်သူ နန်းယုဇနဝင်း၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် စောယှားဖောင်အွာနှင့် ဝေယံမင်းဦးတို့က ဦးဆောင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းရာ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် တောင်ကြီးမြို့၌ ကျင်းပသည့် ကျောင်းကျန်းမာရေးအဆင့်မြှင့်စံပြကျောင်းများ ဆုပေးပွဲသို့ တက်ရောက်

**တောင်ကြီး ဩဂုတ် ၁၈**

ပြည်နယ်အဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုဖွင့်ပွဲနှင့် ကျောင်းကျန်းမာရေးအဆင့်မြှင့်စံပြကျောင်းများ ဆုပေးပွဲကို ယမန်နေ့က တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ခင်သိန်း ခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်တောင်ပိုင်း၌ တောင်ကြီးမြို့ရှိ ကျောင်းအချို့တွင် ကျန်းမာရေး အဆင့်မြှင့် ကျောင်းလုပ်ငန်းစဉ်များ ပြည့်မီအောင် ဆောင်ရွက်နိုင်သည်ကို သိရှိရကြောင်း၊ ၂၀၁၉ ခုနှစ် ဇွန် ၁၂ ရက်နှင့် ၁၃ ရက်တို့က ကျင်းပခဲ့သော ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေး အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ပပျောက်ရေး၊ ဆေးလိပ်ဆေးရွက်ကြီးနှင့် ကွမ်းယာသုံးစွဲမှု ကင်းစင်ပပျောက်ရေး၊ အရက်အလွန်အကျွံ သောက်သုံးခြင်းနှင့် နောက်ဆက်တွဲအန္တရာယ်များ လျှော့ချရေး၊ ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုဘဝပုံစံများ လိုက်နာကျင့်သုံးဆောင်ရွက်ရေး၊ ယာဉ်အန္တရာယ်နှင့် လမ်းအန္တရာယ်တို့ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု လျှော့နည်းပပျောက်ရေး၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများကို ထည့်သွင်းသင်ကြားပေးနိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများတွင် ဂိမ်းအလွန်အကျွံစွဲလမ်းမှု ပပျောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဆွေးနွေးသွားကြမည်ဟု သိရကြောင်း၊ နှီးနှောဖလှယ်ပွဲ၏ ရလဒ်အနေဖြင့် တစ်နိုင်ငံလုံးရှိ ကျောင်းများ၊ တက္ကသိုလ်များတွင် လက်တွေ့အကောင်အထည်ဖော်နိုင်ရေး သက်ဆိုင်သူများအားလုံး ပညာရေးဝန်ကြီးဌာနက အထူးအလေးထား ဆောင်ရွက်သွားကြမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်၏ ကျောင်းကျန်းမာရေးစံပြကျောင်း ဆုရရှိသော ကျောင်းများကို ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး ဒေါ်နန်းရွှေမြင့်တို့က ဆုချီးမြှင့်ပေးပြီး ကျန်းမာစေကြောင်း အလေ့အကျင့်ကောင်းများနှင့် ပတ်သက်၍ စာစီစာကုံး၊ ကာတွန်း၊ ပန်းချီနှင့် ကဗျာပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါက်တာ အောင်သန်းမောင်တို့က ဆုများချီးမြှင့်ပေးသည်။ စံပြကျောင်းရွေးချယ်ခြင်းလုပ်ငန်းအား စဉ်ဆက်မပြတ်အားဖြည့် ကူညီပေးသော မော်တော်ယာဉ် ထိန်းသိမ်းရေးဌာန ဥက္ကဋ္ဌ ဦးသန်းကျော်အား ကျေးဇူးတင်ဂုဏ်ပြုလွှာကို ပညာရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ချီးမြှင့်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား အာဟာရကျွေးမွေးနေမှုနှင့် ကျောင်းကျန်းမာရေးဌာနမှ ကျန်းမာရေး စစ်ဆေးပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။




**မောင်မောင်သန်း(တောင်ကြီး)**

# ကုန်သွယ်ရေကြောင်း လျှပ်စစ်နည်းပညာအရာရှိလောင်းသင်တန်း ပထမဆုံးအကြိမ် ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၌ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှ စတင်၍ ကုန်သွယ်ရေကြောင်း လျှပ်စစ်နည်းပညာ အရာရှိလောင်း သင်တန်းကို ပထမဆုံးအကြိမ် စတင်ဖွင့်လှစ် သင်ကြားပို့ချပေးမည်ဖြစ်သည်။

ယခင်က ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်းနှင့် ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း သင်တန်းများကိုသာ ဖွင့်လှစ်သင်ကြားပေးနေရာမှ ပြည်ပသင်္ဘောလိုင်းများ၏ တောင်းဆိုမှုများကြောင့် ယခုကုန်သွယ်ရေကြောင်း လျှပ်စစ်နည်းပညာ အရာရှိလောင်း သင်တန်းကို ဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်ကျောင်းအုပ်ကြီး ဦးဇော်လွင်ဦးက "ဒီဘာသာရပ်ကို ထပ်တိုးပြီး ဖွင့်လှစ်ဖြစ်တာက နှစ်စဉ် ပြည်ပသင်္ဘောကုမ္ပဏီတွေက သင်္ဘောပေါ်မှာ တာဝန်ထမ်းဆောင်ဖို့ ရေကြောင်းလျှပ်စစ်အရာရှိလောင်းတွေကို ဒီကျောင်းကနေ မွေးထုတ်ပေးဖို့ တောင်းဆိုလာတာကြောင့် ထပ်တိုးဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ်အနေနဲ့ သင်္ဘောပေါ်မှာ လျှပ်စစ်နည်းပညာအရာရှိတွေ တာဝန်ထမ်းဆောင်ရမယ်လို့ သတ်မှတ်လိုက်ပါတယ်။ ကျောင်းသားတွေအနေနဲ့ ဒီက အရာရှိလောင်း သင်တန်းဆင်းသွားပြီးရင် အလုပ်ရုံတွေမှာ လက်တွေ့ လေးလလောက် သင်ယူရဦးမှာပါ။ ပြီးရင် သင်္ဘောပေါ်မှာ တာဝန်ထမ်းဆောင်ပြီး လိုအပ်တဲ့ ပင်လယ်ပြင်လုပ်သက်ပြည့်ရင် အီလက်ထရွန်နစ် နည်းပညာ စာမေးပွဲဖြေပြီး အရာရှိအဖြစ်တာဝန်ထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။



မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်တွင် တက်ရောက်နေသည့် အရာရှိလောင်း ဒီပလိုမာသင်တန်းသားများ။

ကုန်သွယ်ရေကြောင်း လျှပ်စစ်နည်းပညာ အရာရှိလောင်းသင်တန်းကို သင်တန်းကာလ နှစ်နှစ်တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ရေကြောင်း လျှပ်စစ်နည်းပညာ ဒီပလိုမာ ရရှိမည်ဖြစ်သည်။ ဒီပလိုမာ သင်တန်းဆင်းများအနေဖြင့် ပင်လယ်ပြင်လုပ်သက် ရရှိပြီး သုံးနှစ်မှ ငါးနှစ်အတောအတွင်း လစာအနေဖြင့် အမေရိကန်ဒေါ်လာ ၃၀၀၀ မှ ၆၀၀၀ အထိ ရရှိကြသည့် အင်ဂျင်နီယာအရာရှိများ ဖြစ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ် အနေဖြင့် အဆိုပါသင်တန်း အတွက် သင်ရိုးညွှန်းတမ်းကို အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်၏ စံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲထားကာ သင်တန်းတွင် စာတွေ့လက်တွေ့ သင်ကြားနိုင်ရန် သင်ထောက်ကူပစ္စည်းများလည်း စုဆောင်းထားရှိပြီးဖြစ်ကြောင်း သိရသည်။

ကုန်သွယ်ရေကြောင်း လျှပ်စစ်နည်းပညာ အရာရှိလောင်းအဖြစ် လျှောက်ထားရန် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာဘာသာရပ် ပါဝင်သော ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းအမှတ် ၄၁၀ နှင့်အထက် ရရှိသူဖြစ်ရန် နှင့် ၂၀၁၉ ဒီဇင်ဘာ ၃၁ ရက်တွင် အသက် ၂၀ ထက်မကျော်ရန် လိုအပ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အရာရှိလောင်း ဒီပလိုမာသင်တန်းအတွက် လျှောက်လွှာများကို စတင်လက်ခံနေပြီး ဩဂုတ် ၃၀ ရက်အထိ နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ဖွင့်လှစ်သင်ကြားမည့် မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ်၏ အရာရှိလောင်း ဒီပလိုမာသင်တန်းများမှ ကုန်သွယ်ရေကြောင်း အရာရှိလောင်း သင်တန်းနှင့် ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း သင်တန်းများတွင် ကျောင်းသားဦးရေ ၉၀ စီ လက်ခံမည်ဖြစ်ပြီး ယခုနှစ်မှ စတင်ဖွင့်လှစ်မည့် ရေကြောင်းလျှပ်စစ်နည်းပညာ အရာရှိလောင်း သင်တန်းတွင်မူ ကျောင်းသားဦးရေ ၂၀ ကိုသာ လက်ခံသင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - ထိန်လင်း**

## အမြို့မြို့အနယ်နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ရွှေကူ**

ကချင်ပြည်နယ် ရွှေကူမြို့နယ်ရဲတပ်ဖွဲ့မှ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများအား မူခင်းကျဆင်းရေး ကြိုတင်ကာကွယ်ရေးများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ်လဒုတိယပတ်က အမှတ်(၂)ရပ်ကွက် ရွှေမြင်းတတင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းချစ်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ယုက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးသုံးစွဲသူများ၊ သုံးစွဲခြင်းကြောင့် ရရှိသည့်ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးစွဲနေသူများ၏ သွင်ပြင်လက္ခဏာနှင့် စိတ်ခံစားမှုကြောင့် ပြစ်မှုများကျူးလွန်ခံရခြင်းနှင့် လက်ရှိဖြစ်ပွားနေသော သက်ငယ်မုဒိမ်းဖြစ်ပွားရသည့် အကြောင်းနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မလှိုင်**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ဩဂုတ် ၁၆ ရက်က မူခင်းအသိပညာပေးဟောပြောခြင်းကို မလှိုင်မြို့ အမှတ် ၂ ရပ်ကွက် နယ်မြေ ၁၀ ရှိ ကိုယ်ပိုင်အထက်တန်းကျောင်း၌ မလှိုင်မြို့ မြို့မရဲစခန်းမှူး ဒုရဲမှူးသန်းထွန်းဦးစီးသော ရဲတပ်ဖွဲ့ဝင်များက သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် မူခင်းအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အလားတူ ဝမ်းတွင်းမြို့နယ် ရေဆုံးကျေးရွာ ရွာလယ်ဓမ္မာရုံတွင် မူခင်းများ မဖြစ်ပွားစေရေး ကြိုတင်မူခင်း အသိပညာပေးဟောပြောခြင်း ဆောင်ရွက်ခဲ့ရာ ရွာသူရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ပေါက်ရင်းကုန်းကျေးရွာအုပ်စု ပုလဲကုန်းကျေးရွာ၌ ဩဂုတ် ၁၆ ရက်က ရွာလယ်ဓမ္မာရုံ၌ စလင်းမြို့မစခန်းမှ ခေတ္တစခန်းမှူးရဲအုပ် ကျော်ကျော်ဦးနှင့် စလင်းယာဉ်ထိန်းရဲဌာနစိတ်တို့ ပူးပေါင်း၍ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောကြသည်။

ခေတ္တစခန်းမှူးရဲအုပ်ကျော်ကျော်ဦးက မူးယစ်ဆေးဝါးအန္တရာယ်၊ လူသတ်မှု၊ မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှုများမဖြစ်ပွားစေရေး အသိပညာပေးဟောပြောပြီး စလင်းယာဉ်ထိန်းဌာနစိတ်မှ ယာဉ်ထိန်းရဲတပ်ကြပ်ကြီး ဇင်မင်းထိုက်က ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့် ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရမည့်စည်းကမ်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၈**

(၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး သိန်းဦး၏ ဦးဆောင်မှုဖြင့် အရာရှိများနှင့်အခြားအဆင့်တပ်ဖွဲ့ဝင် စုစုပေါင်း ၆၂ ဦးသည် ဩဂုတ် ၁၅ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဌာနတွင် သွေးလှူဒါန်းခဲ့ကြောင်းသိရသည်။

အဆိုပါ သွေးလှူဒါန်းပွဲတွင် အမျိုးသားသွေးလှူဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာအောင်က သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှူပ**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၈-၈-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၃၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၂၃၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၅၉၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၅၀/၈၉၀ | ကျပ် | ၉၀၅/၉၁၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀/၉၀၀ | ကျပ် | ၉၂၀/၉၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၅၀/၇၉၅ | ကျပ် | ၈၂၅/၈၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၈၈၅ | ကျပ် | ၉၃၅/၉၄၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၂၁ ・ ၂ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၆ ・ ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၉၆ ・ ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၄၈ ・ ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၃၀ ・ ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၂ ・ ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၆ ・ ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၃၇၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၅ ・ ၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၃ ・ ၇၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၉ ・ ၂၃၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

**စတော့အိတ်ချိန်း ဈေးကွက် (၉-၈-၂၀၁၉)**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂၀၀၀ | ၁၂၀၀၀ | ၅၆၂၄ | ၆၇၄၈၈၀၀၀ |
| MTSH | ၄၂၀၀ | ၃၉၅၀ | ၃၆၉၂၂ | ၁၅၇၆၂၇၄၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၂ | ၁၆၈၀၀ |
| FPB | ၂၆၀၀၀ | ၂၆၀၀၀ | ၄၇၅ | ၁၂၃၈၀၀၀၀ |
| TMH | ၃၀၅၀ | ၃၁၀၀ | ၁၅၁၆ | ၄၆၂၈၉၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီခွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာ ၁၆ ရွာတွင် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေးဆောင်ရွက်ပေးမည်



**လှိုင်းဘွဲ့ ဩဂုတ် ၁၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မဟာဓာတ်အားလိုင်း ရောက်ရှိနေသည့် နေရာမှစပြီး ၁၀ မိုင်အထက် ကျေးရွာ ၁၆ ရွာတွင် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေးဆောင်ရွက်ပေးနိုင်ရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ခန့်မှန်းကုန်ကျငွေကျပ် ၁၈၇၈ သန်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောအောင်မျိုးမြင့်က ပြောသည်။

အဆိုပါကျေးရွာ ၁၆ ရွာတွင် အိမ်ခြေပေါင်း ၆၈၄ အိမ်အတွက် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေး ဆောင်ရွက်ပေးရာတွင် မဟာဓာတ်အားလိုင်းရောက်ရှိနေသည့် နေရာမှစပြီး ၁၀မိုင်အထက်မီးမရရှိသည့် ကျေးရွာများကို မီးရရှိစေရန်အတွက် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် သီးသန့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့မီးရရှိရေးဆောင်ရွက်ပေးရာတွင် တစ်အိမ်သုံးဆိုလာများမှာ ဝပ် ၆၀နှင့် ဝပ် ၁၀၀ ဟူ၍ နှစ်မျိုးရှိပြီး မိမိတို့အိမ်များတွင်သုံးစွဲရန် ယူသည့် ဝပ်အလိုက်တပ်ဆင်ပေးသွားမည်ဖြစ်သည်။

"မီးမရရှိသေးတဲ့ ၁၀ မိုင်အထက်ကျေးရွာတွေကို မီးရရှိအောင် ဆောင်ရွက်ပေးသွားမှာပါ။ ဆောင်ရွက်ပေးတဲ့အခါမှာလည်း ဆိုလာတစ်ချပ်ရဲ့ ကျသင့်ငွေကို အကုန်မပေးရပါဘူး။ လေးပုံတစ်ပုံပဲ ကျခံပေးရမှာပါ။ အခုလိုမီးရရှိအောင် ဆောင်ရွက်ပေးတဲ့အတွက် လူနေမှုဘဝအဆင့်အတန်းလည်း ဖွံ့ဖြိုးတိုးတက်လာပါမယ်။ မီးရရှိတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးတွေလည်း ကောင်းမွန်လာပါမယ်။ ပြီးတော့ ကျေးရွာ ၁၆ ရွာမှာ ရှိတဲ့ အိမ်ခြေ ၆၈၄ အိမ်အတွက် ဆိုလာ ဝပ် ၆၀ အချပ် ၂၅၀၊ ဝပ် ၁၀၀ ၄၃၄ ချပ်ကို တပ်ဆင်ပေးမည်ဖြစ်ကာ မူလတန်းကျောင်းခြောက်ကျောင်း၊ အလယ်တန်းကျောင်းသုံးကျောင်း၊ အထက်တန်းကျောင်းတစ်ကျောင်း၊ ကျန်းမာရေးအဆောက်အအုံငါးခု၊ လမ်းမီးတိုင် ၇၉ တိုင်နှင့် ဘာသာရေးအဆောက်အအုံ ၁၁ လုံးအတွက် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများအား အခမဲ့တပ်ဆင်ပေးသွားမှာဖြစ်ပါတယ်"ဟု ဦးစီးမှူးက ဆက်လက်ပြောကြားသည်။

အဆိုပါ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိရေးဆောင်ရွက်ပေးမည့် ကျေးရွာ ၁၆ ရွာမှာ ရွာမ၊ လုံးနိုင်၊ နောင်ဘိုတိုက် ကျောင်း၊ ခဝဲဘန်၊ ကရင်စု၊ ဗမာစု၊ ဂါတ်တဲကုန်း၊ ကော့စူး၊ လုကမန်း၊ ကျိုက်ပေါင်၊ ကော့နွဲ၊ ကော့နွဲကမ်းနား၊ ကော့နွဲရွာသစ်၊ ကဇိုင်း၊ ကော့နွဲရွာဟောင်း၊ ထီးပလူထကျေးရွာများဖြစ်ပြီး ဆိုလာတပ်ဆင်မှုအပိုင်းအား ဩဂုတ်လနောက်ဆုံးပတ်မှ စတင်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ**

# အာဖရိကဝက်အပြင်းဖျားရောဂါ ကာကွယ်ရေးဟောပြော

**မြင်းခြံ ဩဂုတ် ၁၈**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြင်းခြံမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အာဖရိကဝက်အပြင်းဖျားရောဂါကာကွယ်ထိန်းချုပ်ရေး ပညာပေးဟောပြောပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်ဝင်းက ရောဂါ၏နောက်ခံသမိုင်း၊ ရောဂါဖြစ်စေသည့်ပိုး၊ ရောဂါဖြစ်သော တိရစ္ဆာန်၊ရောဂါကူးစက်ပျံ့နှံ့ခြင်း၊ ရောဂါလက္ခဏာများ၊ ကြိုတင်ကာကွယ်ခြင်းနှင့် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်း စသည်များကို ရှင်းလင်းဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်အတွင်းရှိ စားသောက်ဆိုင်ပိုင်ရှင်များ၊ ဝက်မွေးမြူရေးလုပ်ငန်းရှင်များ၊ ဝက်သားထွက်ပစ္စည်းရောင်းချသူများနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများတက်ရောက်ကြသည်။

"အာဖရိကအပြင်းဖျားဝက်ရောဂါက ၁၉၀၇ခုနှစ်မှာ အာဖရိကတိုက်၊ ကင်ညာနိုင်ငံမှာ စတင်ဖြစ်ပွားခဲ့ပါတယ်။ အဲဒီကနေတစ်ဆင့် ဥရောပတိုက်နဲ့ အမေရိကတိုက်တွေကို ဆက်လက်ပျံ့နှံ့ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ဩဂုတ်လ ပထမအပတ်ကစပြီး အိမ်နီးချင်း တရုတ်နိုင်ငံမှာ ပျံ့နှံ့လျက်ရှိကာ ဝက်အများအပြား သေဆုံးလျက်ရှိပါတယ်။ အိမ်မွေးဝက်တွေနဲ့ တောဝက်တွေမှာ အဖြစ်များပါတယ်။ ဝက်ရဲ့အသက်အရွယ်မရွေးလည်း ဖြစ်ပွားနိုင်ပါတယ်။ ဒီရောဂါပိုးနဲ့ ထိတွေ့တဲ့ ဆေးထိုးအပ်၊ အသုံးအဆောင်ပစ္စည်းတွေ ဖိနပ်၊ အဝတ်အစားနဲ့ ယာဉ်တို့မှတစ်ဆင့် ကူးစက်ပျံ့နှံ့ပြီး အချိန်ကြာမြင့်စွာ အေးခဲထားတဲ့ ဝက်သားတွေနဲ့ ထိတွေ့မိခြင်းများကလည်း ကူးစက်နိုင်ပါတယ်" ဟု မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

**ဇော်မင်း(မြင်းခြံ)**

# ရုပ်ရှင်ဇာတ်ကားကောင်းများ ပိုမိုထွက်ရှိရေး ကြိုးပမ်းလုပ်ဆောင်လာ

**ရန်ကုန် ဩဂုတ် ၁၈**

ရုပ်ရှင်ဇာတ်ကားအချို့မှာ ရုံတင်ပြသခွင့်ရရန် နှစ်နှစ်ခန့် စောင့်ဆိုင်းခဲ့ရပြီး ရုံတင်ပြသချိန်တွင်မူ ပရိသတ်အားပေးမှုအပေါ်မူတည်၍ ပွဲချိန် အတိုးအလျှော့ ပြုလုပ်ခြင်းဖြင့် အဆင်ပြေအောင် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

"အခုရက်ပိုင်း ရုံတင်နေတဲ့ အလီဘာဘာနှင့် ခိုးသားငါးယောက်၊ လွမ်းဒဏ္ဍာရီ၊ ကြီးမြတ်သောမြန်မာ ဇာတ်ကားတွေဟာ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလနဲ့ မတ်လအတွင်းက ခွင့်ပြုထားတဲ့ ဇာတ်ကားတွေဖြစ်လို့ နှစ်နှစ်ခန့်စီ ရှိကြပါတယ်။ အဲဒီဇာတ်ကားတွေ ရုံတင်ဖို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှာ ရုံရက်ချိတ်တဲ့ အစည်းအဝေး ပြုလုပ်ရာမှာလည်း ရုံအုပ်စုနှစ်ခုက ရွေးချယ်ခဲ့တဲ့ ဇာတ်ကားတွေဖြစ်ပါတယ်၊ ဒီလိုရွေးချယ်ရာမှာ ထုတ်လုပ်သူအားလုံးရဲ့ရိုက်ကူးပြီးစီးသွားတဲ့ ဇာတ်ကားတွေကို ရုံတင်ပြသနိုင်ဖို့ ရည်ရွယ်ချက်နဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဆောင်ရွက်ပေးတာဖြစ်တယ်။ အားနည်းတဲ့ကားတွေရှိသလို အားသာတဲ့ ကားတွေလည်း ရှိပါတယ်။ ဇာတ်ကားအားလုံး ပြသနိုင်ဖို့၊ ရုပ်ရှင်ရုံတွေ ပိတ်မထားရအောင်နဲ့ အားလပ်ရက်တွေမှာ ပြည်သူတွေ အပြည့်အဝအပန်းဖြေနိုင်ဖို့ ရည်ရွယ်ချက်တွေနဲ့ စီစဉ်ဆောင်ရွက်ပေးပါတယ်၊ သို့သော်လည်း ပရိသတ်အားပေးမှုနည်းတဲ့ ဇာတ်ကားအချို့ကတော့ ပွဲပိတ်ရတာရှိပါတယ်"ဟု ရုပ်ရှင်ရုံတာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုကဲ့သို့ ရုပ်ရှင်ဇာတ်ကားအချို့ ပွဲပိတ်ရခြင်း၊ ပွဲချိန်လျှော့ပြသရခြင်းမျိုး ၂၀၁၈ ခုနှစ်ကလည်း ရှိခဲ့ကြောင်း၊ ရုပ်ရှင်ဇာတ်ကားထုတ်လုပ်မှု များပြားလာမှုနှင့်အတူ ရုံတင်ပြသမှုတွင်လည်း ကန့်သတ်ချက်များ ရှိလာကြောင်း၊ ယခင် ဖလင်ခေတ်တွင် ဇာတ်ကားထုတ်လုပ်မှုနည်းပြီး ရုပ်ရှင်ရုံများတွင် တစ်ပြိုင်တည်း ပြသနိုင်မှု မရှိခဲ့သဖြင့် တစ်ပတ်လျှင် တစ်ကား စနစ်ဖြင့် ပြသနိုင်ခဲ့သော်လည်း ယခုအခါ ရုပ်ရှင်ဇာတ်ကားထုတ်လုပ်မှု များပြားလာမှုကြောင့် ရုံအုပ်စု နှစ်အုပ်စုအနေဖြင့် ရုပ်ရှင်ဇာတ်ကားများ ရွေးချယ်ပြီး တစ်ပတ်လျှင် နှစ်ကားဖြင့် ရုံတင်နေကြောင်း၊ တစ်ခါတစ်ရံတွင် ထုတ်လုပ်သူများနှင့် ရုံပိုင်ရှင်တို့ ညှိနှိုင်းမှုအရ တစ်ပတ်လျှင် သုံးကားလည်း ဖြစ်တတ်ကြောင်း၊ ယှဉ်ပြိုင်မှုများ မြင့်တက်လာကြောင်း၊ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ပြုလုပ်နိုင်မှသာ အဆင်ပြေချောမွေ့မှုရှိကြောင်း၊ ဘက်စုံပြည့်စုံကောင်းမွန်အောင် ကြိုးစားသည့် ရုပ်ရှင်ဇာတ်ကားမျိုးသာ ပွဲချိန်လျှော့ပေးရခြင်းမရှိဘဲ တိုးပေးရခြင်းဖြစ်ကြောင်း သိရသည်။

" ၂၀၁၈ ခုနှစ်မှာ မုန်းစွဲ၊ ၂၀၁၉ ခုနှစ်မှာ နိုင်ငံကြီးသားနဲ့ သူစိမ်းအိမ် ရုပ်ရှင်ဇာတ်ကားတွေဆိုရင် ပရိသတ်အကြိုက်များလို့ ဒီဘက်အုပ်စုက ရွေးပေမယ့် ဟိုဘက်အုပ်စုက ရုံထပ်ပေးတယ်၊ အလားတူ ဟိုဘက်အုပ်စုက ရွေးရင်လည်း ဒီဘက်အုပ်စုက ရုံထပ်ပေးတာမျိုး ရှိတယ်၊ ပရိသတ်အားပေးမှုအပေါ်မူတည်ပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ အများစုကတော့ ရုံတင်ပြသရမယ့် သတ်မှတ်ရက်အတွင်းမှာ ပုံမှန်ပြသနိုင်တဲ့ကားတွေ ဖြစ်ပါတယ်"ဟု ရုပ်ရှင်ရုံတာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ရုပ်ရှင်ပြသရေးစနစ် ယခုထက်ပိုမိုကောင်းမွန်စေရန်အတွက် ရုပ်ရှင်ရုံလုပ်ငန်းပိုင်ရှင်များနှင့် ထုတ်လုပ်သူများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်နေသကဲ့သို့ ပွဲချိန်မလျှော့ရသော၊ ပွဲချိန်တိုးပြသခွင့်ရသော ဇာတ်ကားကောင်းများ ပိုမိုထွက်ရှိရေးအတွက်လည်း ထုတ်လုပ်သူများ၊ ဒါရိုက်တာများနှင့် အနုပညာရှင်များအနေဖြင့် ပိုမိုကြိုးပမ်းလုပ်ဆောင်လာကြကြောင်း သိရသည်။ **လင်းနိုင်**

# မိုင်းပျဉ်းမြို့၌ လူဦးရေစာရင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်း ကောက်ယူပြုစုခြင်းဆိုင်ရာ ဆွေးနွေး

**မိုင်းပျဉ်း ဩဂုတ် ၁၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းပျဉ်းမြို့၌ လူဦးရေစာရင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်း ကောက်ယူပြုစုခြင်းဆိုင်ရာဆွေးနွေးပွဲကို ဩဂုတ် ၁၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် ကျိုင်းတုံခရိုင် လူဦးရေကောက်ယူရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယအုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက မဲဆန္ဒပေးပိုင်ခွင့်ရှိသော နိုင်ငံသားတိုင်း မဲစာရင်းတွင်ပါဝင်ပြီး နိုင်ငံသားအခွင့်အရေးမဆုံးရှုံးစေရန်နှင့် အခြေခံမဲဆန္ဒရှင်စာရင်း တိကျမှန်ကန်စေရေး ပြုစုဆောင်ရွက်ရန် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မိုင်းပျဉ်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအာကာတင်ဦးက မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု လူဦးရေစာရင်းနှင့် အချက်အလက်များအား မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး၌ အခြေခံမဲဆန္ဒရှင်စာရင်းနှင့် စာရင်းရေးသွင်းခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဒေါ်လှိုင်ဦးမေက အခြေခံမဲဆန္ဒရှင်စာရင်းပြုစုဆောင်ရွက်နေသည့် အခြေအနေများကို လည်းကောင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူး ဦးဝင်းဖေက ရပ်ကွက်၊ ကျေးရွာအတွင်းမှာ နေထိုင်သည့် လူဦးရေစာရင်း အိမ်တိုင်ရာရောက် ကောက်ခံမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ် /ကျေး စာရေးများက အခြေခံမဲဆန္ဒရှင်စာရင်း ကောက်ယူနေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# တနင်္သာရီမြို့တွင် မြစ်ရေကြီးသဖြင့်ရေနစ်မြုပ်ခဲ့သည့် သောက်သုံးရေတွင်းများအား ရေမှုတ်သန့်စင်ခြင်း လုပ်ငန်းများဆောင်ရွက်

**တနင်္သာရီ ဩဂုတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ဩဂုတ်လ ပထမပတ်အတွင်းက မိုးများအဆက်မပြတ်ရွာသွန်း၍ မြစ်ရေကြီးပြီး ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် ရပ်ကွက်ကျေးရွာများတွင် မြစ်ရေဖုံးလွှမ်း၍ ရေနစ်မြုပ်ဝင်ရောက်ခဲ့သည့် အများသုံး၊ အိမ်သုံး၊ ကျောင်းသုံးရေတွင်းများရှိ ညစ်ညမ်းရေများအား ရေစုပ်စက်ဖြင့် စုပ်ထုတ်ပြီး ရေမှုတ်သန့်စင်ပေးခြင်းလုပ်ငန်းကို ဩဂုတ် ၁၆ ရက်မှစ၍ ပြည်သူများဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးနှင့် သန့်ရှင်းသော သောက်ရေသုံးရေကို ရရှိသုံးစွဲနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်း အင်ဂျင်နီယာ (၂) ဦးရဲမြတ်အောင်နှင့် ဦးအောင်ဖြိုးဦးတို့က ကြီးကြပ်လျက် ကျေးရွာမီးသတ်တပ်ဖွဲ့ဝင်များ၊ အုပ်စု အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြရာ ယမန်နေ့က ဆင်ခြေဖုံးကျေးရွာအုပ်စု - လယ်တောင်ယာကျေးရွာအတွင်း သောက်သုံးရေတွင်း ခုနစ်တွင်းကို ရေမှုတ်သန့်စင်ပေးခဲ့ကြကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ထို့အပြင် ၎င်းအဖွဲ့သည် ဩဂုတ် ၁၆ ရက်က ဘန်းလမွတ်ကျေးရွာအုပ်စုအတွင်းရှိ အများသောက်သုံးရေတွင်း ခြောက်တွင်းကိုလည်း ညစ်ညမ်းရေများကို ရေစုပ်စက်ဖြင့် စုပ်ထုတ်ပေးပြီး ရေမှုတ်သန့်စင်ခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ပြီးဖြစ်ကြောင်း၊ အခြားရပ်ကွက် ကျေးရွာများရှိ ရေနစ်မြုပ်ခြင်းခံခဲ့ရသည့် ရေတွင်းမှန်သမျှကို ယခုကဲ့သို့ရေမှုတ်သန့်စင်ပေးခြင်းကို ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးအရာရှိ ဦးညီညီဝင်းက ပြောသည်။



ညစ်ညမ်းရေများအား ရေစုပ်စက်ဖြင့် စုပ်ထုတ်စဉ်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေမှုတ်သန့်စင်ပြီးသည့် သောက်သုံးရေတွင်းများကို မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာလင်းထိုက်၏ ညွှန်ကြားချက်ဖြင့် ရပ်ကွက်ကျေးရွာရှိ ကျန်းမာရေးဆရာ ဆရာမများက ကလိုရင်း ဆေးလိုက်ခပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**နန်းသာရီ - ထိန်ဝင်း(ပြန်/ဆက်)**

# ကျွန်တော်နဲ့ ကုန်အမှတ်တံဆိပ်



## ပါမောက္ခ၊ ဒေါက်တာ အောင်ထွန်းသက်

**ကျွန်တော်က မန္တလေးနဲ့ ရင်းနှီးတယ်။ မကြာခဏရောက်တယ်။ အလုပ်ကိစ္စရှိသလို ဟောပြောပွဲတွေ၊ သင်တန်းတွေလည်း မကြာမကြာပေးဖြစ်တာ။ ဒီတစ်ခေါက်က ထူးခြားတဲ့ပွဲတစ်ခုအတွက် သွားခဲ့တာ။ စီစဉ်ခဲ့တာက ကြာပြီ။ ခန်းမအဆင်မပြေတာမို့ ရက်ရွှေ့ခဲ့တယ်။ ပွဲက SP Bakery ကိတ်မုန့်ဆိုင်လုပ်ငန်းရဲ့ Franchise လို့ခေါ်တဲ့ စီးပွားရေးပုံစံအသစ်တစ်ခုကို မိတ်ဆက်တဲ့ပွဲ။ ကမကထလုပ်သူက လုပ်ငန်းရှင် ဒေါ်သင်းသင်းကျော်။ သူနဲ့က အကျွမ်းတဝင်ရှိပြီးသား။ တလောကတင် B2B စီးပွားရေးစကားဝိုင်းမှာ သူရယ်၊ သူ့ရဲ့အစ်ကိုနှစ်ဦး ပါဝင်ခဲ့ကြတယ်။ SP လုပ်ငန်းက အဘိုးဖြစ်သူ မိုးကုတ်မြို့မှာ စခဲ့တဲ့လုပ်ငန်း။ အခုတော့ မြေးဖြစ်သူက တာဝန်ယူနေပြီ။ အခုလို သားစဉ်မြေးဆက် စီးပွားရေးလုပ်ငန်းတွေ မြန်မာပြည်မှာ သိပ်ရှိစေချင်တာ။ CNN တီဗွီအစီအစဉ်တစ်ခုမှာ နှစ် ၁၀၀ ကျော်တဲ့ အမေရိကန်စီးပွားရေးလုပ်ငန်းတွေအကြောင်း ထုတ်ဖော်ပြီး ပြသနေတာ။ ဒီအစီအစဉ်ကို ကြည့်ပြီး ကျွန်တော့်စိတ်ထဲမှာ မြန်မာပြည်မှာလည်း အခုလိုဖြစ်စေချင်လိုက်တာ။ အခု SP ကတော့ အနှစ် ၅၀ ပြည့်ပြီ။**

စီးပွားရေးလုပ်ငန်းတွေအနေနဲ့ အခုလို သားစဉ်မြေးဆက် ဆက်လက်လက်ဆင့်ကမ်းနိုင်ဖို့လိုတယ်။ လွန်ခဲ့တဲ့ ငါးနှစ်လောက်က ကုန်သည်ကြီးများအသင်းမှာ ဟောပြောပွဲကျင်းပခဲ့တယ်။ ဟောင်ကောင်တက္ကသိုလ်က ပညာရှင်တစ်စုရဲ့တွေ့ရှိချက်အရ အဘိုးဖြစ်သူကနေ မြေးအထိ ဆင်းတဲ့လုပ်ငန်းတွေ ၁၂ ရာခိုင်နှုန်းလောက်ပဲရှိတာ တွေ့ရတယ်။ တစ်နည်းပြောရရင် နှစ်တွေအကြာကြီး ရပ်တည်တဲ့လုပ်ငန်းတွေ သိပ်မရှိလှဘူး။ SP ဟာ မန္တလေးမှာ အခြေစိုက်ပေမယ့် ရန်ကုန်မှာလည်း ဆိုင်တွေဖွင့်နေပြီ။

### လုပ်ငန်းချဲ့ထွင်ဖို့ အရင်းအနှီး

ဒီပွဲကတော့ ဖွင့်တဲ့ပုံစံမတူတဲ့ လုပ်ငန်းမျိုးကို မိတ်ဆက်ခြင်းဖြစ်တယ်။ ဒီစီးပွားရေးပုံစံကို Franchise လို့ ခေါ်ပါတယ်။ ပုံမှန်အားဖြင့် လုပ်ငန်းချဲ့ထွင်ချင်တဲ့အခါ ပိုင်ရှင်လုပ်သူက ဆိုင်ခွဲတွေ ဖွင့်လှစ်တယ်။ ဒီပုံစံဟာ မြန်မာပြည်မှာရှိတဲ့ အခြေခံပုံစံဖြစ်တယ်။ ပိုင်ရှင်ဟာ မိမိရဲ့ဆိုင်တွေကို နေရာဒေသအနှံ့မှာ ဆိုင်ခွဲတွေဖွင့်တာ။ ကိုယ့်ခြေကိုယ့်လက်ဖြစ်တာမို့ စိတ်တိုင်းကျ ဆောင်ရွက်နိုင်မှာ ဖြစ်တယ်။ ဆိုင်ခွဲဖွင့်လှစ်တဲ့ စီးပွားရေးပုံစံက နယ်ပယ်အသီးသီးမှာ ဆောင်ရွက်နိုင်တယ်။ စားသောက်ဆိုင်တွေ၊ ဘဏ်တွေ၊ စတိုးဆိုင်တွေ ပိုင်ရှင်လုပ်သူက ဦးစီးပြီး ချဲ့ထွင်တဲ့သဘောပဲဖြစ်တယ်။ ဒါပေမယ့် အခြေခံအားနည်းချက်က လုပ်ငန်းချဲ့ထွင်ဖို့ အရင်းအနှီးပဲဖြစ်တယ်။ အရင်းအနှီးရှိရင် ချဲ့ထွင်နိုင်မယ်။ ကိုယ့်မှာ အရင်းအနှီးအလုံအလောက်မရှိရင် ငွေချေးဖို့ လိုအပ်မှာ။ အခုလိုဆောင်ရွက်ဖြစ်ရင်လည်း အကန့်အသတ်တွေ ရှိပြန်ရော။

ဒါကြောင့်လည်း နိုင်ငံတကာမှာ ကျင့်သုံးတဲ့ပုံစံတစ်ခု ပေါ်ပေါက်လာခဲ့တယ်။ စီးပွားရေးလုပ်ငန်းချဲ့ထွင်လိုတဲ့သူဟာ သူကိုယ်တိုင် ဆိုင်ခွဲတွေ တိုးချဲ့မဖွင့်ဘဲ သူ့ပုံစံအတိုင်း ဖွင့်လှစ်လိုတဲ့သူတွေကို Franchise လုပ်ခွင့်ပြုစေတယ်။ Franchise ရဲ့အနက်အဓိပ္ပာယ်က လုပ်ခွင့်ရခြင်းဖြစ်တယ်။ လုပ်ခွင့်ရခြင်းရဲ့ အစီအစဉ်မှာ လုပ်ခွင့်ပေးသူ (franchisor) နဲ့ လုပ်ခွင့်ရသူ (franchisee) နှစ်ဦးရှိတယ်။ လုပ်ခွင့်ပေးသူ သတ်မှတ်တဲ့ စည်းကမ်းတွေအတိုင်း လုပ်ခွင့်ရသူက ဆောင်ရွက်ပေးရမယ်။ အရေးကြီးဆုံးက နှစ်ဦးနှစ်ဖက် သဘောတူညီမှုတွေပဲဖြစ်တယ်။ လုပ်ခွင့်ရသူအနေနဲ့ နာမည်ရပြီး လူအသိများတဲ့ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို အဆင့်ဆင့်ရောင်းခွင့်၊ ပေးခွင့်ရှိတယ်။ စံသတ်မှတ်ချက်တွေဟာလည်း ပီပီပြင်ပြင်ရှိပြီးသားမို့ ဝယ်သူတွေအနေနဲ့ ယုံကြည်စိတ်ချမှုရှိတယ်။

ဒီစီးပွားရေးပုံစံကို အမေရိကန်ပြည်ထောင်စုမှာ စတင်လာခဲ့တယ်။ နာမည်အကြီးဆုံးက အမဲသား-ပေါင်မုန့်ညှပ်ကို ရောင်းချတဲ့ Mc Donald's ဖြစ်တယ်။ ဒီ Mc Donald's ဆိုင်တွေဟာ တစ်ကမ္ဘာလုံးမှာ အနှံ့အပြားတွေ့ရတယ်။ ဘယ်နိုင်ငံ၊ ဘယ်ဆိုင်ပဲသွားသွား ဝန်ထမ်းတွေရဲ့အဝတ်အစားဟာ တစ်ပုံစံတည်း။ ဆိုင်အခင်းအကျင်းဟာလည်း တစ်ပုံစံတည်း။ အစားအသောက်အရသာဟာလည်း ဘယ်ဆိုင်မှာစားစား တစ်မျိုးတည်း။ တချို့နိုင်ငံမှာတော့ ဒေသခံတွေ နှစ်သက်မှုတိုးအောင် အနည်းငယ်ပြောင်းရုံ ရောင်းချတာတွေ့ရတယ်။ ဒီစီးပွားရေးပုံစံကို မြန်မာပြည်မှာ နိုင်ငံခြားကုမ္ပဏီတွေ လာရောက်ပြီး လုပ်နေတာကို တွေ့နေရပြီ။ နာမည်ကျော်ကြက်ကြော်ဆိုင် KFC တို့၊ ပီဇာရောင်းချတဲ့ကုမ္ပဏီတို့ အများကြီး ဖွင့်လှစ်နေတာ မြင်ရတယ်။ အိမ်နီးနားချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံတို့၊ စင်ကာပူနိုင်ငံတို့ကလည်း သူတို့နိုင်ငံမှာ နာမည်ရပြီးတဲ့လုပ်ငန်းတွေ မြန်မာပြည်မှာ လာဖွင့်နေတာကို တွေ့ရတယ်။ ဒေါ်သင်းသင်းကျော်အနေနဲ့လည်း ဒီစီးပွားရေးပုံစံကိုယူပြီး SP ကိတ်မုန့်ဆိုင်တွေကို မြန်မာနိုင်ငံအနှံ့အပြားမှာ ဖွင့်လှစ်နိုင်အောင် ကြိုးစားဖို့ ကျွန်တော်ကတော့ သိပ်အားပေးလိုတယ်။ ဖွင့်လှစ်ဖို့အစီအစဉ်ကို သူက လာရောက်တိုင်ပင်တယ်။ အခမ်းအနားက တစ်နေကုန်။ မနက်ပိုင်းမှာတော့ မိန့်ခွန်းတွေ၊ စကားဝိုင်းတွေ ပြုလုပ်မှာဖြစ်ပြီး နေ့လယ်ပိုင်းမှာတော့ Franchise လုပ်ငန်းကို လုပ်ချင်တဲ့ ဆန္ဒရှိသူတွေနဲ့ ထိတွေ့ပြီး အသေးစိတ်ဆွေးနွေးဖို့ စီစဉ်ထားတာ။

### နားလည်မှုအပြည့်အဝရှိစေဖို့ဖြစ်

ဒီပွဲအတွက် ကျွန်တော်က သုံးနေရာမှာ တာဝန်ယူခဲ့တယ်။ မနက်ပိုင်း အဖွင့်အမှာစကားပြောပြီး စီးပွားရေးစကားဝိုင်းရဲ့ အရှေ့မှာလည်း အကြောင်းအရာတစ်ခုကို တင်ပြဖို့ စီစဉ်ခဲ့တယ်။ နောက်ဆုံးအပိုင်းကတော့ စကားဝိုင်းရဲ့ သဘာပတိအဖြစ် ဆောင်ရွက်ဖို့ ပထမပိုင်းမှာ ကျွန်တော်က ပရိသတ်တွေကို Franchise စီးပွားရေးပုံစံကို အသေးစိတ်တင်ပြခဲ့ပါတယ်။ လူအသိနည်းသေးတဲ့ ပုံစံဖြစ်တာမို့ နားလည်မှုအပြည့်အဝရှိစေဖို့ ဖြစ်ပါတယ်။ SP အနေနဲ့ လုပ်ပေးတဲ့သူဖြစ်ပြီး လုပ်ချင်တဲ့သူတွေက ပရိသတ်ထဲမှာရှိတာမို့ နှစ်ဦးနှစ်ဖက်စလုံး နားလည်အောင် ရှင်းပြခဲ့တယ်။ တစ်ဖက်မှာလည်း တက်ရောက်လာတဲ့ ပရိသတ်တွေထဲမှာ စီးပွားရေးလုပ်ငန်းရှင်တွေ ပါဝင်တာမို့ သူတို့အနေနဲ့လည်း သူတို့ရဲ့လုပ်ငန်းတွေကို ချဲ့ထွင်ချင်တဲ့စိတ်ရှိရင် ဒီစီးပွားရေးပုံစံကို စဉ်းစားနိုင်အောင်ဆိုတဲ့ ဆန္ဒနဲ့ တင်ပြခဲ့တာဖြစ်ပါတယ်။ အမှန်တော့ ဒီပုံစံဟာ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုအပေါ် အခြေခံတဲ့သဘောဖြစ်ပြီး တစ်ဖက်နဲ့တစ်ဖက် တာဝန်ခံရမှာဖြစ်သလို တာဝန်လည်းယူဖို့ လိုအပ်ပါတယ်။ အတွေ့အကြုံ လုံးဝမရှိသေးသူတစ်ဦးကို မိမိနှစ်နဲ့ချီပြီး ပြုစုပျိုးထောင်လာခဲ့တဲ့ အလုပ်တစ်ခုကို ယုံယုံကြည်ကြည်နဲ့ အပ်နှံခြင်းဖြစ်တယ်။

> **“အခုခေတ်မှာ စားသုံးသူတွေဟာ အမှတ်တံဆိပ် (brand) ကိုကြည့်ပြီး ဝယ်ယူစားသုံးကြတယ်။ ဒါကြောင့်လည်း စီးပွားရေးလုပ်ငန်းတွေဟာ မိမိလုပ်ငန်းရဲ့ အမှတ်တံဆိပ်ကို ကြိုးစားပြီး ဖော်ထုတ်နေကြတယ်။ ကြော်ငြာရာမှာလည်း အမှတ်တံဆိပ်ကို အခြေခံပြီး လုပ်ကြရတယ်။ အစားအသောက်၊ လူသုံးကုန် နေရာတိုင်းမှာ အမှတ်တံဆိပ်ဟာ အရေးကြီး”**

### အခွင့်အရေးနဲ့တာဝန် အပြန်အလှန်ဆက်စပ်

လူအသိများတဲ့ SP အမှတ်တံဆိပ် အဆင်သင့်ရယူနိုင်တဲ့ အခွင့်အရေး။ ဒီနေရာမှာ အခွင့်အရေးလိုချင်တာပဲ စဉ်းစားပြီး အခွင့်အရေးနဲ့ ပူးတွဲလာတဲ့ တာဝန်ကျေမှုကိုတော့ သိဖို့လိုအပ်တာ။ အခွင့်အရေးနဲ့ တာဝန် အပြန်အလှန် ဆက်စပ်မှုကို တချို့တွေက မမြင်ကြလို့ ကိုယ်ရဖို့ပဲ ကြည့်တတ်ကြပြီး ရယူမှုနဲ့ တွဲဖက်တဲ့ ပိုပြီးတန်ဖိုးရှိတဲ့ပေးဆပ်ခြင်းကိုတော့ မစဉ်းစားကြဘူး။ လက်ရှိအချိန်မှာ ဒီအကြောင်းအရာဟာ အလွန်လွှမ်းမိုးနေတာ တွေ့ရတယ်။ ဒီမိုကရေစီနိုင်ငံဖြစ်လာတာမို့ လူတိုင်းက နေရာတိုင်းမှာ အခွင့်အရေးတွေ တောင်းဆိုကြတယ်။ အသံကျယ်ကျယ်နဲ့။ ဒါပေမယ့် တောင်းဆိုလိုက်တဲ့ အခွင့်အရေးတွေနဲ့ တွဲဖက်ပြီး အထူးကပ်ပါလာတဲ့ တာဝန်ကိုတော့ မသိတာလား။ မသိချင်အောင် ဆောင်နေတာလားပဲ။ ကျွန်တော်ကတော့ အခွင့်အရေးရတိုင်း လူငယ်တွေကို အမြဲသတိပေးတယ်။ အခွင့်အရေးတောင်းခွင့်ရှိတယ်။ ဒါပေမယ့် တစ်ဖက်က တာဝန်ကို မမေ့ဖို့ Franchise လုပ်ငန်းနဲ့ ပတ်သက်ပြီး နှစ်ဦးနှစ်ဖက်ရှိတာမို့ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိရမယ်။ အပေးအယူရှိရမယ်။ တစ်ခုတော့ရှိတယ်။ မိဘနဲ့ သားသမီးဆက်ဆံတဲ့ပုံစံမျိုး မဟုတ်တာကို သတိပြုရမယ်။ သားသမီးတွေဟာ မိဘကို အရာရာအတွက် မှီခိုနေတာ၊ အားကိုးနေတာမျိုး မဖြစ်သင့်ဘူး။ လင်မယားဆက်ဆံမှုပုံစံလည်း မဟုတ်ဘဲ အနီးစပ်ဆုံးကတော့ ညီအစ်ကိုတွေ၊ မောင်နှမတွေ ဆက်ဆံရေးဖြစ်တယ်။ အကြီးလုပ်တဲ့သူက Franchise ကို ပေးတဲ့သူဖြစ်ပြီး အငယ်ကတော့ ယူတဲ့သူဖြစ်တယ်။ သားချင်းစိတ်ရှိပြီး တစ်ဦးအပေါ်တစ်ဦး သံယောဇဉ်နဲ့ ထိတွေ့ဆက်ဆံဖို့ လိုအပ်တယ်။ အထူးအရေးကြီးတာက စာချုပ်ဖြစ်တယ်။ ဒီကိစ္စကို ပေါ့ပေါ့သေးသေး ယူဆလို့ မရပါဘူး။ စာချုပ်ထဲမှာ ကိစ္စအားလုံးအတွက် အသေးစိတ်ပါဝင်တယ်။ တစ်ဦးရဲ့တာဝန်၊ တစ်ဦးရဲ့ရပိုင်ခွင့်။ အဓိကကတော့ ပွင့်လင်းမြင်သာမှုဖြစ်တယ်။ ဒီနေရာမှာ ကျွန်တော်တို့ထုံးစံက ခပ်ပေါ့ပေါ့ “ရပါတယ်” နားလည်မှုနဲ့ လုပ်ကြတာပေါ့ဆိုတဲ့ အတွေးတွေက အရိုးစွဲတယ်။ အခုလို အလေးအနက်မထားရင် အကြီးအကျယ်ဒုက္ခရောက်နိုင်တယ်။ ကျွန်တော်တို့က ကတိကို လွယ်လွယ်ပေးတတ်ကြတယ်။ ဖြစ်တယ်၊ ရတယ်၊ လုပ်ပေးမယ်။ တစ်ဖက်သား ကျေနပ်အောင်လုပ်တာ အမုန်းမခံချင်ပြီ။

### သုတေသနလုပ်ဖို့ လိုအပ်

ကတိနဲ့ ပတ်သက်လာရင် နေရာတိုင်းမှာ လွယ်လွယ်ပေးနေတာ မြင်ရတယ်။ မဖြစ်နိုင်တာကို ခပ်ပေါ့ပေါ့ လူကြိုက်များအောင် ပြောကြဆိုကြတာ တွေ့ရတယ်။ ကတိပေးရင် ကတိတည်ဖို့ လိုတာကို မေ့နေဟန်တူတယ်။ သိရက်နဲ့ ပေးခဲ့တာလည်း ဖြစ်နိုင်တယ်။ ဒါကြောင့်လည်း ကျွန်တော်က တပည့်တွေကို (under promise, over deliver) လုပ်နိုင်တာထက် လျှော့ပြီးပြော၊ ပြီးမှလုပ်ပြလို့ အမြဲမှာတယ်။ နှစ်ရက်နဲ့ပြီးနိုင်မယ့်အလုပ်ကို လေးရက်ကြာမယ်လို့ ကတိပေးပြီး နှစ်ရက်အတွင်း ပြီးအောင်လုပ်ဖို့။ အခုတော့ နေရာအတော်များများမှာ ပြောင်းပြန်ဖြစ်နေတာ တွေ့ရတယ်။ နှစ်ရက်ကြာမယ့်အလုပ်ကို တစ်ရက်နဲ့ပြီးမယ်လို့ ခပ်လွယ်လွယ်ပြောလိုက်တယ်။ ကတိပေးတယ်။ ပေးထားတဲ့ကတိ မတည်နိုင်မှန်းသိရက်နဲ့ ဒီအကျင့်စရိုက်တွေ၊ အပြုအမူတွေ နေရာတိုင်းမှာ တွေ့ရတယ်။ တာဝန်ရှိသူတွေက လုပ်နေတာမြင်ရတော့ ဝမ်းနည်းစရာပါပဲ။ ကျွန်တော့်ရဲ့ တင်ပြချက်ရဲ့ အနှစ်ကတော့ ဒီစီးပွားရေးပုံစံအောင်မြင်မှုအတွက် လိုအပ်တဲ့သော့ချက် ငါးချက်ဖြစ်ပါတယ်။ ပထမအချက် ဒီပုံစံကို အကောင်အထည်ဖော်တဲ့အခါ နှစ်ဦးနှစ်ဖက်က သုတေသနလုပ်ဖို့ လိုအပ်တယ်။ ပုံစံနဲ့ပတ်သက်ပြီး ပြီးပြည့်စုံတဲ့ နားလည်မှုရအောင် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အသေးစိတ်တွေကို နိုက်နိုက်ချွတ်ချွတ် သိအောင်လုပ်ရမယ်။ ဒုတိယသော့ချက်ကတော့ ဆက်သွယ်ဆက်ဆံတဲ့အခါ ပွင့်လင်းမြင်သာမှုရှိပြီး တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုရှိဖို့ လိုအပ်တယ်။ တတိယကတော့ ဒီပုံစံအောင်မြင်ဖို့ လိုအပ်ချက်တွေအားလုံးရှိဖို့ လိုအပ်တယ်။ နည်းပညာ၊ ဈေးကွက်၊ ငွေကြေး၊ အရင်းအနှီး၊ စီမံခန့်ခွဲမှုဒါတွေအားလုံး အဆင်သင့်ဖြစ်ရမယ်။ စတုတ္ထအချက်ကတော့ တာဝန်ယူမှုပဲဖြစ်တယ်။ နောက်ဆုံးကတော့ အောင်မြင်မှုရအောင် အစီအစဉ်တွေ သပ်သပ်ရပ်ရပ် ချမှတ်ရမှာသာ ဖြစ်တယ်။

### အမှတ်တံဆိပ်ဟာ အရေးကြီး

ကျွန်တော့်အနေနဲ့ အခုလို အဖွင့်အမှာစကားပြောပြီးတဲ့အခါ ဒေါ်သင်းသင်းကျော်က မိန့်ခွန်းပြောခဲ့တယ်။ နောက်တစ်ဦးကတော့ SP ရဲ့ Franchise လုပ်ငန်းကို အကြံပေးဖြစ်သူ စင်ကာပူနိုင်ငံသားကလည်း Franchise နဲ့ ပတ်သက်ပြီး အရှေ့တောင်အာရှနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေနဲ့ စီးပွားရေးပုံစံရဲ့ အခြေခံတွေကို အသေးစိတ်တင်ပြဆွေးနွေးခဲ့ပါတယ်။ ဖွင့်ပွဲအခမ်းအနားအပြီးမှာ စကားဝိုင်းမစမီ ကျွန်တော်က နိုင်ငံအမှတ်တံဆိပ်ဆိုတဲ့ခေါင်းစဉ်နဲ့ တင်ပြချက်တစ်ခုလုပ်ခဲ့တယ်။ ဒီအတွေးအခေါ်က အသစ်အဆန်းဖြစ်တာမို့ ကျွန်တော်က လူများများသိစေချင်တယ်။ လူသိများတာက အမှတ်တံဆိပ် (brand)။ ပစ္စည်းတစ်ခုဝယ်ဖို့ စဉ်းစားရင် ပထမဆုံးကြည့်တာ။ စဉ်းစားတာက အမှတ်တံဆိပ်။ ကားဝယ်ချင်ရင် မာစီဒီးကို စဉ်းစားမှာ။ လက်ပတ်နာရီဆိုရင်လည်း အိုမီဂါကို သတိရမှာ။ ဒီပစ္စည်းတွေရဲ့အမှတ်တံဆိပ်တွေဟာ လူတွေအသိများတယ်။ တန်ဖိုးထားတာ မာစီဒီးကားလို့ ပြောလိုက်တာနဲ့ အရည်အသွေးနဲ့ ပတ်သက်ပြီး မေးခွန်းထုတ်စရာတွေ သိပ်မရှိတော့ဘူး။ အခုခေတ်မှာ စားသုံးသူတွေဟာ အမှတ်တံဆိပ် (brand) ကိုကြည့်ပြီး ဝယ်ယူစားသုံးကြတယ်။ ဒါကြောင့်လည်း စီးပွားရေးလုပ်ငန်းတွေဟာ မိမိလုပ်ငန်းရဲ့ အမှတ်တံဆိပ်ကို ကြိုးစားပြီး ဖော်ထုတ်နေကြတယ်။ ကြော်ငြာရာမှာလည်း အမှတ်တံဆိပ်ကို အခြေခံပြီး လုပ်ကြရတယ်။ အစားအသောက်၊ လူသုံးကုန် နေရာတိုင်းမှာ အမှတ်တံဆိပ်ဟာ အရေးကြီးတယ်။

ကျွန်တော့်ရဲ့ တင်ပြချက်မှာတော့ စီးပွားရေးလုပ်ငန်းအတွက် အမှတ်တံဆိပ်ဟာ အရေးပါသလို နိုင်ငံတစ်နိုင်ငံရဲ့ အမှတ်တံဆိပ်ဟာလည်း နိုင်ငံအတွက် အရေးပါကြောင်း တင်ပြခဲ့ပါတယ်။ နိုင်ငံအမှတ်တံဆိပ်ကို လွှမ်းမိုးတဲ့အကြောင်းအချက် (၆) ချက်ရှိပါတယ်။ ပထမဆုံးက နိုင်ငံကို စီမံအုပ်ချုပ်တဲ့စနစ်ဖြစ်တယ်။ ဥပမာအားဖြင့် နိုင်ငံတစ်နိုင်ငံမှာ အာဏာရှင်စနစ်ကျင့်သုံးရင် အမှတ်တံဆိပ်အတွက် နစ်နာမှာဖြစ်ပြီး ပွင့်လင်းမြင်သာတဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရင် အမှတ်တံဆိပ်အတွက် အားသာချက်ရှိမှာဖြစ်တယ်။ ဒုတိယအချက်ကတော့ ပို့ကုန်ပမာဏပဲဖြစ်တယ်။ ပို့ကုန်ပမာဏအမျိုးအစားဟာ နိုင်ငံအမှတ်တံဆိပ်အပေါ် အကျိုးသက်ရောက်နိုင်ပါတယ်။ နံပါတ် (၃) အချက်က ရင်းနှီးမြှုပ်နှံမှုနဲ့ လူဝင်မှုကြီးကြပ်ရေးဖြစ်တယ်။ နံပါတ် (၄) အချက်က ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ပြီး နံပါတ် (၅) အချက်က နိုင်ငံခြားကမ္ဘာလှည့်ခရီးသည်ဦးရေဖြစ်ပြီး နောက်ဆုံးအချက်က နိုင်ငံသားပြည်သူတွေဖြစ်တယ်။ ဒီအချက် (၆) ချက်ကို အာရုံပြုကာ နိုင်ငံတစ်နိုင်ငံနဲ့ ပတ်သက်ပြီး နိုင်ငံတကာက ဆုံးဖြတ်ကြ၊ အကဲဖြတ်ကြတာဖြစ်တယ်။ ဒါကြောင့်လည်း ကျွန်တော့်အနေနဲ့ အချက်ခြောက်ချက်လုံးကို အသေအချာစဉ်းစားပြီး တိုးတက်ကောင်းမွန်လာအောင် လုပ်စေချင်တယ်။ အခုချိန်မှာ မြန်မာလို့ပြောရင် နိုင်ငံတကာမှာ ဘယ်လိုမြင်ကြမလဲ။ ဒီအမြင်ဟာ နိုင်ငံရဲ့ အမှတ်တံဆိပ်ပဲဖြစ်တယ်။ ဒါကြောင့် ကျွန်တော်က နိုင်ငံ့အမှတ်တံဆိပ်တောက်ပအောင် ဆောင်ရွက်ဖို့ လူတိုင်းမှာ တာဝန်ရှိတယ်လို့ မြင်မိတယ်။ တောက်ပအောင် ဝိုင်းဝန်းဆောင်ရွက်ရမယ်။ နာမည်ပျက်အောင် လုပ်တာတွေ ရှောင်ရှားရမယ်။ ကျွန်တော့်အနေနဲ့ ပရိသတ်တွေ စဉ်းစားစရာ၊ တွေးစရာ အကြောင်းအရာတစ်ခုကို တင်ပြခွင့်ရလို့ စီစဉ်ဆောင်ရွက်ပေးတဲ့ SP မိသားစုကို ကျေးဇူးတင်မိပါတယ်။

### ရှုထောင့်အမျိုးမျိုးမှာ တင်ပြ

စကားဝိုင်းမှာ ကျွန်တော်နဲ့အတူ ဆွေးနွေးကြသူတွေကတော့ အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦး၊ ဆရာဦးတင်ဇံကျော်၊ ရောဝတီဘဏ် အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်ကျော်နဲ့ လက်လီအသင်းဥက္ကဋ္ဌ ဦးသူရိန်ငြိမ်း။ စကားဝိုင်းရဲ့ခေါင်းစဉ်က Promoting National Brands တစ်နိုင်ငံလုံး အသိအမှတ်ပြုတဲ့ ပစ္စည်းနဲ့ ဝန်ဆောင်မှုတွေ မြှင့်တင်မှုအကြောင်းဖြစ်တယ်။ ပါဝင်ဆွေးနွေးကြသူတွေက အတွေ့အကြုံများပြီး ဗဟုသုတကြွယ်ဝကြသူတွေဖြစ်တော့ ရှုထောင့်အမျိုးမျိုးမှာ တင်ပြခဲ့ပါတယ်။ ပရိသတ်တွေအတွက် အလွန်အကျိုးရှိလှပါတယ်။ ပရိသတ်တွေကလည်း မေးခွန်းတွေ မေးကြတာမို့ စကားဝိုင်းက အလွန်မြိုင်ခဲ့ပါတယ်။

နိဂုံးမှာ ကျွန်တော်က ဆွေးနွေးခဲ့တဲ့ ခေါင်းစဉ်နှစ်ခုကို ခြုံငုံပြီး သုံးသပ်ခဲ့ပါတယ်။ ရုတ်တရက်ကြည့်ရင် တူသလိုဖြစ်နေပေမယ့် မတူပါဘူး။ ပထမအကြောင်းအရာကတော့ (Nation Branding) နိုင်ငံအတွက် အမှတ်တံဆိပ်ဖြစ်ပြီး ဒုတိယကတော့ (National Brand) နိုင်ငံအတွင်း လူသိတဲ့ အမှတ်တံဆိပ်။ ကျွန်တော်တို့နိုင်ငံမှာ Nation Branding နဲ့ ပတ်သက်လာရင် အစိုးရ၊ ပြည်သူနဲ့ လုပ်ငန်းရှင်တွေ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်သလို National Brand ဖြစ်ဖို့က စီးပွားရေးလုပ်ငန်းရှင်တွေက ကြိုးစားရမှာသာ ဖြစ်ပါတယ်။ ။

# ပူတာအိုမြို့နယ်၌ တိုင်းရင်းဆေးအသိပညာပေးဟောပြောခြင်းနှင့် အခမဲ့ကွင်းဆင်းဆေးကုသ

**ပူတာအို ဩဂုတ် ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ပူတာအိုမြို့နယ် တိုင်းရင်းဆေးဦးစီးဌာနအနေဖြင့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းစေရေးဟူသော ရည်မှန်းချက်နှစ်ရပ်နှင့်အညီ တိုင်းရင်းဆေး အသိပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းဆေးကုသခြင်းများကို ယမန်နေ့က မြို့နယ် မာမူးလဲ့ကျေးရွာအုပ်စု မကျော့ဝါကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာန လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ခိုင်မျိုးဦးက တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာများ၊ မိုးရာသီတွင် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရန်၊ ဆောင်ရန် ရှောင်ရန်အချက်များနှင့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် ပတ်သက်၍ ဆောင်ရန် ရှောင်ရန်အချက်များကို အသိပညာပေးဟောပြောသည်။

ထို့နောက် မကျော့ဝါကျေးရွာနေ ဒေသခံပြည်သူ ၆၆ ဦးအား တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန် (ပူတာအို)**



ဒေသခံများအား တိုင်းရင်းဆေးဖြင့် ဆေးကုသစဉ်။

# အမျိုးသားနေ့ ရာပြည့်ပွဲတွင် မဂ္ဂဇင်းနှင့် မှတ်တမ်းဓာတ်ပုံစာအုပ် ထုတ်ဝေနိုင်ရန် ပြင်ဆင်နေ

**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်မြို့တွင် ရာပြည့်အထိမ်းအမှတ်သုံးခုကို ၂၀၂၀ ပြည့်နှစ်အတွင်းကျင်းပရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ အမျိုးသားနေ့အောင်ပွဲ အထိမ်းအမှတ်တစ်ခုဖြစ်သော မြို့မကျောင်း(အထက(၂)ဒဂုံ)၏ ကျောင်းသားဟောင်းများကလည်း မြို့မအမျိုးသားကျောင်း ရာပြည့်ပွဲကို ကျင်းပရန်နှင့် ထိုပွဲတွင် ကျောင်းမဂ္ဂဇင်းနှင့် မှတ်တမ်းဓာတ်ပုံစာအုပ် ထုတ်ဝေနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

ကိုလိုနီခေတ်က အမျိုးသားပညာရေး ပေါ်ထွန်းလာစေရန် တိုင်းရင်းသားများ စုပေါင်းကြိုးပမ်းခဲ့ရာမှ အမျိုးသားကျောင်းများ ပေါ်ထွန်းခဲ့ပြီး အမျိုးသားနေ့ ဖြစ်ပေါ် လာခြင်းဖြစ်ရာ အမျိုးသားနေ့ ရာပြည့်ပွဲနှင့်အတူ မြို့မအမျိုးသားကျောင်း ရာပြည့်ပွဲ၌ ကျောင်းမဂ္ဂဇင်းနှင့် မှတ်တမ်းဓာတ်ပုံစာအုပ်ကို ထုတ်ဝေသွားမည့်အပြင် ပျော်ပွဲရွှင်ပွဲ၊ ပြခန်းနှင့် မြို့မကျောင်း အမှတ်တရပစ္စည်းများ ပြသနိုင်ရန်လည်း ရာပြည့် သဘင်ကျင်းပရေး လုပ်ငန်းကော်မတီက ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

မြို့မကျောင်း ရာပြည့်အကြိုပွဲကို ဒဂုံ အထက(၃) ကျောင်းတွင် ကျင်းပနိုင်ရန် စီမံဆောင်ရွက်ခဲ့ပြီး မြို့မကျောင်းသား ကျောင်းသူဟောင်းများက ဒဂုံ အမှတ်(၂) အထက်တန်းကျောင်းနှင့် အမှတ်(၃) အထက်တန်းကျောင်းတွင် ရာပြည့်လှူပ်ရှားမှုအဖြစ် စာပေဟောပြောပွဲ ကျင်းပရန်လည်း စီမံထားကြောင်း၊ မြို့မကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် မြို့မကျောင်း ရာပြည့်ပွဲကို ကျင်းပနိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ ခုနှစ်မှစ၍ ပွဲကျင်းပနိုင်ရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းထားကာ အဓိကအနေဖြင့် ကျောင်းရာပြည့်မဂ္ဂဇင်းနှင့် မှတ်တမ်းဓာတ်ပုံစာအုပ် ထုတ်ဝေရေးကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်**



**တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်အတွင်း၌ မြစ်ရေကြီးမှုကြောင့် တင်ကျန်နေသော အမှိုက်များ၊ ရွှံ့နွံများကို ဩဂုတ် ၁၇ ရက်က ဆေးကြောခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ရဲခေါင်မြင့်ဦးစီးတပ်ဖွဲ့ဝင် ၁၅ ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမျိုးနိုင်၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦးနှင့် ဗိုလ်မှူး ညီအောင်သိန်းနှင့် နယ်မြေခံတပ်မတော်သား ၂၂ ဦးတို့ပါဝင်သော ပူးပေါင်းအဖွဲ့က ဆောင်ရွက်စဉ်။**

မြင့်ဦး (မြိတ်)

# ရေဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးကြောင့် ကျောင်းပိတ်ထားခဲ့ရသော်လည်း ဆက်လက်သင်ကြားနိုင်ရန် စီစဉ်ထား

**ပုသိမ် ဩဂုတ် ၁၈**

ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးရာသီကာလ အကြောင်းအမျိုးမျိုးကြောင့် သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ပြီး စာသင်ကျောင်းများ ပိတ်ထားခဲ့သော်လည်း ဆက်လက်သင်ကြားနိုင်စေရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ပြောသည်။

"တိုင်းဒေသကြီးအတွင်းမှာ သဘာဝဘေးနဲ့ပတ်သက်ပြီး အထက်တန်းအဆင့် တစ်ကျောင်း၊ အလယ်တန်းအဆင့် တစ်ကျောင်း၊ မူလတန်းအဆင့် ၁၂ ကျောင်း စုစုပေါင်း ၁၄ ကျောင်းတော့ ပိတ်ထားခဲ့ရပါတယ်။ ဒီကနေ့ စာရင်းအရ ကျောင်းအချို့ ပြန်ဖွင့်နိုင်ခဲ့ပါပြီ။ ကလေးတွေ ပညာသင်ကြားရေးအတွက် ရပ်ရွာအတွင်းမှာရှိတဲ့ ဘုန်းကြီးကျောင်းတွေ၊ ခရစ်ယာန်ကျောင်းတွေမှာ နေရာစီစဉ်ပြီး ဆက်လက်သင်ကြားခိုင်းထားပါတယ်။ တကယ်လို့ အဲဒီမှာတင် အဆင်မပြေဘူးဆိုရင်၊ ကျောင်းပျက်ရက်တွေများလို့ရှိရင် ကျောင်းပြန်ဖွင့်တဲ့ရက်တွေမှာ ရက်အစားထိုးပြီးတော့ ပြန်လည်သင်ကြားဖို့ စီစဉ်ထားပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောပြသည်။

"သဘာဝဘေးဆိုတာက ကြိုတင်ခန့်မှန်းလို့မရတဲ့အရာတွေပါ။ အဲဒါကြောင့် ခရိုင်မှူးတွေ၊ မြို့နယ်မှူးတွေကို သဘာဝဘေးနဲ့ပတ်သက်၍ အစည်းအဝေးခေါ်ပြီး အသိပညာပေး ဟောပြောတာတွေ လုပ်ပါတယ်။ သဘာဝဘေးနဲ့ ပတ်သက်ရင် အချိန်နဲ့တစ်ပြေးညီ တင်ပြနိုင်ဖို့ကိုလည်း စီစဉ်ဆောင်ရွက်ခိုင်းပါတယ်။ အကယ်၍ ဒီလိုသတင်းမျိုးကို ကျွန်တော်တို့ ဌာနကနေ လျင်မြန်စွာ သတင်းပေးပို့မှုတွေ လုပ်နိုင်အောင် စီစဉ်ဆောင်ရွက်ထားပါတယ်။ ကျွန်တော်တို့ဘက်ကနေပြီး ကလေးတွေ ပညာရေးမထိခိုက်ရအောင် အစစအရာရာ အဆင်ပြေအောင် ဆောင်ရွက်ပေးနေပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းပေါင်း ၆၈၆၁ ကျောင်းရှိပြီး ရေဘေးကြောင့် ပိတ်ထားခဲ့ရသော ကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရန် အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်) သတင်းအဖွဲ့**

# ကြာအင်းဆိပ်ကြီးမြို့နယ်မှ ရေဘေးသင့်တိရစ္ဆာန်များအတွက် အစာများထောက်ပံ့ပြီး ဆေးကုသပေးလျက်ရှိ

**ကြာအင်းဆိပ်ကြီး ဩဂုတ် ၁၈**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားကာ ရေဘေးသင့်သော တိရစ္ဆာန်များအတွက် အစားအစာရှားပါးမှုလည်း ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ တိရစ္ဆာန်များ စားသောက်မှုအဆင်ပြေစေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ထောက်ပံ့ပေးသော နွားစာများကို မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိုးလွင်နှင့် ဝန်ထမ်းများက ဩဂုတ် ၁၆ ရက်က ကျေးရွာများသို့ သွားရောက်ထောက်ပံ့ခဲ့ကြောင်း သိရသည်။ ရေဘေးကြုံတွေ့နေသော ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၆)ရပ်ကွက်၊ ကမော့ကျေးရွာအုပ်စု၊ ရွှေတောင်ဘိုကျေးရွာအုပ်စု၊ သံပုရာကျေးရွာအုပ်စုနှင့် တံခွန်ကျေးရွာအုပ်စုတို့ရှိ ကျေးရွာများမှ နွားများအတွက် နွားစာအိတ် ၅၀ ကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ရေဘေးသင့်ကျေးရွာများမှ နွား ၈၉ ကောင်နှင့် ဆိတ် ၇၅ ကောင်တို့အား ဆေးကုသခြင်းနှင့် ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်းကိုလည်း ယခု ရေကြီးစဉ်ကာလအတွင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး (ပြန်/ဆက်)**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ဩဂုတ်လ (၃) ရက်နေ့မှ (၉) ရက်နေ့အထိ ထွက်ရှိသော စာအုပ်စာရင်း

*ဩဂုတ် ၁၀ ရက်မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၂၁။ | ကိုယ်ချည်းသက်သက်မြို့နှင့် အခြားဝတ္ထုတိုများ | မောင်ကျော်သာ(ပဲခူး) | စိတ်ကူးချိုချို | ၂၈၀၀ |
| ၂၂။ | ဣန္ဒာဝံသ နန်းတွင်းဇာတ်တော်ကြီး | လှိုင်ထိပ်ခေါင်တင် | စိတ်ကူးချိုချို | ၉၀၀၀ |
| ၂၃။ | မြို့ကြီးသူသို့ကဗျာများ | ဝင်းမြင့် | စိတ်ကူးချိုချို | ၂၀၀၀ |
| ၂၄။ | ဥပဒေဆေးပညာ | ဦးစန်းမောင် (BA,H.G.P.R.L) | wisdom house | ၁၅၀၀၀ |
| ၂၅။ | အသည်းတထိတ်ထိတ် | လင်းလွန်းခင် | မောင်ပေါ်ထွန်း | ၅၀၀၀ |
| ၂၆။ | လောကရဲ့ချောင်ကြိုချောင်ကြားက ကဗျာများ | မိုးဝေး | နှစ်ကာလများ | ၂၀၀၀ |
| ၂၇။ | ဗိုလ်ချုပ်မှူးကြီး စောမောင် (သို့မဟုတ်) အာဏာအသိမ်းခံရသော အာဏာရှင်တစ်ဦး | သန်းဝင်းလှိုင် | လွင်ဦးစာပေ | ၂၅၀၀ |
| ၂၈။ | ကိုဥက္ကာနှင့် မနှင်းဆီ | ဒေါက်တာသိန်းဆွေ (ဆေး/မန်း) | အရဏ်သစ် | ၁၅၀၀ |
| ၂၉။ | ဆေးမင်ကြောင်ဝတ္ထုတို (၅) ပုဒ် | မောင်ကိုကို (အမရပူရ) | စိတ်ကူးချိုချို | ၁၀၀၀ |
| ၃၀။ | ပို့စ်မော့က်စ်ဝါဒ (သို့မဟုတ်) လက်ဝဲသစ် | သန်းစိုးနိုင် | လင်းသစ်ရောင်စဉ် | ၂၅၀၀ |
| ၃၁။ | တချို့အဆင်းလှ တချို့အဆင်းမလှ | နုနုရည် (အင်းဝ) | စိတ်ကူးချိုချို | ၃၅၀၀ |
| ၃၂။ | လူငယ်နှင့်စရိုက်ဆိုး၊ ဘဝနေနည်းလမ်းညွှန် | မောင်မင်းစိုး | Pica Media | ၂၅၀၀ |
| ၃၃။ | တော်လှန်သော သရော်စာများ | ဗြိတိသျှကိုကိုမောင် | ရန်ကုန်လမ်းမများ | ၄၅၀၀ |
| ၃၄။ | ချစ်သူ | MKS Publishing | မိုးသက်ဟန် | ၃၀၀၀ |
| ၃၅။ | ခေတ်သစ်ရဲ့တောင်းဆိုမှုများ | ဒေါက်တာဖြိုးသီဟ | ငါတို့စာပေ | ၃၀၀၀ |
| ၃၆။ | ရေသေအိုင် | လင်းခါး | ငါတို့စာပေ | ၃၀၀၀ |
| ၃၇။ | အိပ်မက်ဗိမာန် | ကဘော်မြေမောင်မောင် | နှစ်ကာလများ | ၅၀၀၀ |
| ၃၈။ | ကျွန်တော်၏ စစ်ဘဝမှတ်တမ်း | ဗိုလ်မှူးဟောင်း ဇေယျကျော်ထင်သိန်းမောင် | စိတ်ကူးချိုချို | ၄၀၀၀ |
| ၃၉။ | မြန်မာစာပေမော်ဒန်ပြဿနာဆွေးနွေးပွဲ | မောင်သာနိုး၊ ဇော်ဇော်အောင်၊ သစ္စာနီ | စိတ်ကူးချိုချို | ၇၀၀ |
| ၄၀။ | လွတ်လပ်ရေးမော်ကွန်း | တင့်တယ် | စိတ်ကူးချိုချို | ၇၀၀ |
| ၄၁။ | ပညာပွင့်ဝေဝေ စံပြစာစီစာကုံးများနှင့် အဆိုရေးသားဖြေနည်း | အငြိမ်းစားပါမောက္ခကြီးများနှင့် Top Ten ဝင် ဂုဏ်ထူးရှင်များ | အောင်သပြေစာပေ | ၃၀၀၀ |
| ၄၂။ | နယ်ချဲ့ကို အသက်ပေးအန်တုခဲ့သူ ဗိုလ်အောင်ကျော် | သန့်စင်မွန် | ဘဝအားမာန်စာပေ | ၂၀၀၀ |

# မော်လမြိုင်ကျွန်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်း ပြုစုနိုင်ရေး မြေပြင်လူဦးရေ စာရင်းကောက်ယူ

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၈**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒပေးကြမည့် မော်လမြိုင်ကျွန်းမြို့နယ်မှ အသက် ၁၈ နှစ်ပြည့်ပြီး မဲဆန္ဒရှင် ပြည်သူများ၏ မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန်စွာ ရရှိစေရေးအတွက် မြေပြင်လူဦးရေ စာရင်းကောက်ယူခြင်း လုပ်ငန်းကို ဇွန်လဆန်းမှစတင်ပြီး ဩဂုတ် ၃၁ ရက် နောက်ဆုံးထားပြီး မြေပြင်လူဦးရေ စာရင်းကောက်ယူလျက်ရှိရာ ယမန်နေ့က စာရင်းကောက်ယူရေး အဖွဲ့များက မော်လမြိုင်ကျွန်းမြို့အမှတ် (၉) ရပ်ကွက်တွင် မြေပြင်လူဦးရေ စာရင်းများ ကောက်ယူကြသည်။ **(ဓာတ်ပုံ)**



ယင်းပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲဆန္ဒပေးကြမည့် အသက် ၁၈ နှစ်ပြည့်ပြီး မဲဆန္ဒရှင် ပြည်သူများ၏ မဲစာရင်းပြုစုခြင်းကို သတ်မှတ်လျာထားသည့် အချိန်ကာလ အတွင်း အပြီးသတ် မဲဆန္ဒရှင်စာရင်း များ ပြုစုထားရှိရန် လုပ်ငန်းများ ပြင်ဆင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရွေးကောက်ပွဲတွင် မော်လမြိုင်ကျွန်းမြို့နယ် ရပ်ကွက် ၁၃ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၀၈ အုပ်စု တို့မှ ၁၈ နှစ်ပြည့် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးကြမည်ဖြစ်သည်။

**မော်ကျွန်း-မြင့်အောင်**

# ရွှေဘိုမြို့နယ် ကျေးရွာ ၁၂ ရွာတွင် လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူးပေး

**ရွှေဘို ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေး အတွက် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်း ပထမအဆင့်ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းက ကြီးကြပ်၍ စိုးမိုးသန်း ကုမ္ပဏီမှ ဇန်နဝါရီလ ဒုတိယပတ်က စတင် ဆောင်ရွက်ခဲ့ရာ ကျေးရွာ ၁၆ ရွာတွင် ကျေးရွာ ၁၂ ရွာ လျှပ်စစ်ဓာတ်အား စတင်ရရှိကြောင်း မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးဘုန်းမြင့်ဦးထံမှ သိရသည်။

အဆိုပါလျှပ်စစ်ဓာတ်အား စတင်ရရှိသည့် ကျေးရွာများမှာ ဥသျှစ်ကန်ရွာ ဟောင်းကျေးရွာ၊ အင်ပင်လှကျေးရွာ၊ မင်းပေးကျေးရွာ၊ တည်သီးတောကျေးရွာ၊ ညောင်ကိုင်းကျေးရွာ၊ ညောင်ပင်လှ ကျေးရွာ၊ ပေါက်ချိုင်ကျေးရွာ၊ ရွှေကူကျေးရွာ၊ လက်ပံကုန်းကျေးရွာ၊ ငါးဆူကုန်းကျေးရွာ၊ သစ်ကြီးတော ကျေးရွာနှင့် ဝါးရုံကန်ကျေးရွာများ ဖြစ်ကြောင်း သိရသည်။ ထိုကျေးရွာများရှိ နေအိမ်များ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရန်အတွက် အိမ်သုံးမီတာများကို အမြန်ဆုံး တပ်ဆင်ပေးသွားမည်ဖြစ်သည်။

ရွှေဘိုမြို့နယ်တွင် အမျိုးသား လျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်း ပထမအဆင့်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားရရှိရန် ကျန်ရှိသော ကျေးရွာများဖြစ်သည့် ဘိုတဲကျေးရွာ၊ ဆင်းကွပ် (အရှေ့) ကျေးရွာ၊ ဆင်းကွပ် (အနောက်) ကျေးရွာနှင့် ဆီဆုံကုန်းကျေးရွာတို့ကို စက်တင်ဘာလအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မိုးသောက် (ရွှေဘို)**

# ရေကြီးနစ်မြုပ်ခဲ့သည့် သောက်သုံးရေတွင်းများအား သန့်ရှင်းသောက်သုံးရေ ပြန်လည်ရရှိရေးဆောင်ရွက်

**ဘားအံ ဩဂုတ် ၁၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း မိုးရာသီရေကြီးနစ်မြုပ်ခြင်းခံခဲ့ရသော မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၄ စု၊ ကျေးရွာ ၄၃ ရွာမှ သောက်သုံးရေတွင်းစုစုပေါင်း ၈၉၀ နှင့် မြေသားရေကန်များမှာ ရေပြန်လည်ကျဆင်းပြီး သန့်ရှင်းသောသောက်သုံးရေ ပြန်လည်ရရှိရေး တာဝန်ရှိသူများ ပူးပေါင်း၍ တွင်းဆေးခြင်း၊ တွင်းမှုတ်ခြင်း၊ ကလိုရင်း ဆေးခပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ ယနေ့နံနက်ပိုင်းက ကော့သင်းရျူးကျေးရွာ အုပ်စုအတွင်းရှိ ကော့ဒိုင်းကျေးရွာနှင့် လှိုင်ကားကျေးရွာများတွင် စတင်ဆောင်ရွက်လျက်ရှိသည်။



ရေကြီးနစ်မြုပ်ခဲ့သည့် သောက်သုံးရေတွင်းအား ကလိုရင်း ဆေးခပ်ခြင်းဆောင်ရွက်စဉ်။

အဆိုပါ ရေကြီးနစ်မြုပ်ခြင်းခံရသော သောက်သုံးရေတွင်းများမှ ကျေးရွာ အလိုက် အများပြည်သူသုံးသောက်ရေ တွင်းများကို ဦးစားပေး၍ ကျေးလက်ဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့တို့က ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပြီး ကျန်အမြင့်ပိုင်းကျပြီး ရေဆိုးများ ဝင်ရောက်မှု မရှိသော ရေတွင်းများကို လည်း ကလိုရင်းခပ်ခြင်းတို့ကို ဆက်လက် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# မြေပြိုပြီး လမ်းပိတ်ခဲ့သော မိုးမောက်-လွယ်ဂျယ်လမ်းတွင် မော်တော်ယာဉ်များပြန်လည်သွားလာနိုင်

**လွယ်ဂျယ် ဩဂုတ် ၁၈**

ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မိုးမောက်- လွယ်ဂျယ် လမ်းပိုင်းတွင် ဩဂုတ် ၁၅ ရက်က မြေပြိုမှုများဖြစ်ပွားခဲ့ပြီး ဩဂုတ် ၁၆ ရက်တွင် လမ်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားသဖြင့် ယာဉ်များ ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း လွယ်ဂျယ်မြို့အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မိုးသည်းထန်ခြင်းကြောင့် မိုးမောက်-လွယ်ဂျယ်လမ်းပိုင်းတွင် လွယ်ဂျယ်ဘက်ခြမ်း ၆၄-၆၅ ကီလိုမီတာကြား၌ နှစ်နေရာ၊ ၆၃-၆၄ ကီလိုမီတာကြား၌ သုံးနေရာနှင့် ၆၂-၆၃ ကီလိုမီတာကြား၌ တစ်နေရာ၊ စုစုပေါင်း ခြောက်နေရာတို့တွင် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ အဆိုပါနေရာများသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ မိုးမောက်မြို့နယ်အုပ်ချုပ်ရေးမှူး၊ လွယ်ဂျယ်မြို့ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လမ်းရှင်းလင်းရေး လုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် အမြန်ဆုံး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့အတူ မိုးမောက်ဘက်ခြမ်းမှ လမ်းမြေပြိုမှုဖြစ်ပွားသည့် ၄၉-၅၀ ကီလိုမီတာကြားနှင့် ၄၂-၄၃ ကီလိုမီတာကြားမှ နေရာများတွင်လည်း ရှင်းလင်းရေးလုပ်ငန်းများကို လမ်းဦးစီးဌာနက ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သဖြင့် ဩဂုတ် ၁၆ ရက် ညနေ ၃ နာရီခန့်မှစ၍ မော်တော်ယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်စိုး(ပြန်/ဆက်)**

# အထက်တန်းစားရုပ်ရှင်ဇာတ်ကား ဩဂုတ် ၂၂ ရက်တွင် တစ်နိုင်ငံလုံး၌ ရုံတင်ပြသမည်

**ရန်ကုန် ဩဂုတ် ၁၈**

အထက်တန်းစားရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၂၂ ရက်တွင် တစ်နိုင်ငံလုံး၌ ရုံတင်ပြသမည်ဖြစ်ကြောင်း ဩဂုတ် ၁၅ ရက်က ရန်ကုန်မြို့ Junction City JCGV ရုပ်ရှင်ရုံတွင် ပြသသည့် အထူးပြပွဲမှ သိရသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားကို ဇာတ်လမ်း ရွှန်းရမီမိုး၊ ဇာတ်ညွှန်း မိုးနီလွင်၊ ဒါရိုက်တာ နေပိုင်၊ သရုပ်ဆောင် နေတိုး၊ မြတ်ကေသီအောင်၊ ဇော်ဝင်းနိုင် (မန်း)၊ ဦးပေါ်လေး၊ စိုးမိုးကြည်၊ ပိုးအိအိခန့်၊ ညီထွဋ်ခေါင်၊ သူရိယ၊ ကောင်းဆက်ထူး၊ ဝေယံကျော် နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင် ဖန်တီးထားပြီး Lucky Smile ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ထားသည်။

ရုပ်ရှင်ဇာတ်ကားနှင့် ပတ်သက်၍ အကယ်ဒမီနေတိုးက " လူတစ်ယောက်က ဘယ်လိုအလုပ်ပဲ လုပ်နေလုပ်နေ တကယ်ကို သီလသမာဓိရှိပြီးတော့ စိတ်ထားဖြူစင်တယ်ဆိုရင် အထက်တန်းစားဆိုတဲ့စိတ်ဓာတ်ကို ပိုင်ဆိုင်တယ်ဆိုတဲ့ သဘောပါ။ လူနေမှုစနစ်နဲ့ အဆင့်အတန်းကို သတ်မှတ်ထားတဲ့ ဇာတ်လမ်းမျိုး မဟုတ်ပါဘူး။ စိတ်ဓာတ်အဆင့်အတန်းနဲ့အညီ အထက်တန်းကျတဲ့စိတ်ဓာတ်နဲ့ အောက်တန်းကျတဲ့ စိတ်ဓာတ်မျိုးဆိုတာ ဘယ်လိုမျိုးလဲဆိုတာ မီးမောင်းထိုးပြထားတာပါ"ဟုပြောသည်။

"လူတစ်ယောက်ဟာ ဘယ်လိုအနေအထားက မွေးဖွား လာလာ၊ သူ့ဘဝမှာ ကောင်းတာ၊ ဆိုးတာဟာ သူ့အပေါ်မှာပဲ မူတည်နေတယ်။ ကိုယ်ကျင့်တရားကောင်းမယ်၊ စိတ်ဓာတ် ဖြူစင်မယ်၊ ငါးပါးသီလလုံမယ်၊ သူ့ကိုယ်သူ အကောင်းဆုံး နေသွားမယ်ဆိုရင် လူတစ်ယောက်ဟာ အထက်တန်းစားပဲ။ လူတစ်ယောက်က ပညာတတ်ဖို့၊ ငွေရှိဖို့ထက် လူကောင်းဖြစ်ဖို့ အရေးကြီးတယ်။ ပိုက်ဆံရှိလည်း မကောင်းတဲ့သူဆိုရင် အထက်တန်းစားလူ မဟုတ်ပါဘူး"ဟု ရွှန်းရမီမိုးက ပြောသည်။

**သန့်ဇင်ဝင်း**

# လှိုင်လင်မြို့၌ ငလျင်ဘေးနှင့် သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးသရုပ်ပြ လေ့ကျင့်

**လှိုင်လင် ဩဂုတ် ၁၈**

လှိုင်လင်ခရိုင်မီးသတ်ဦးစီးဌာနမှ ကြီးမှူး၍ ငလျင်ဘေးနှင့် သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကွန်ပျူတာတက္ကသိုလ်(ပင်လုံ) ၌ ပြုလုပ်ကြောင်း သိရသည်။

မကြာသေးမီက မွန်ပြည်နယ်တွင် သဘာဝဘေးအန္တရာယ်ဖြင့် ရေကြီးခြင်း၊ မြေပြိုခြင်းများ ကျရောက်ခဲ့ပြီး အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများဖြင့် ကြုံတွေ့ခံစားခဲ့ရကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ပျက်စီးဆုံးရှုံးမှုနည်းနိုင်သမျှ နည်းပြီး လူ့အသက်များ ကယ်ဆယ်နိုင်ရန် ရည်ရွယ်၍ သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းကပြောသည်။ အဆိုပါသရုပ်ပြလေ့ကျင့်မှုတွင် မီးသတ်တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**မိုးလွင်ဦး(လှိုင်လင်)**

# အခြေခံပညာကျောင်းများ၌ အားကစားကဏ္ဍ တိုးတက်ရေးဟောပြောသရုပ်ပြ

**ရန်ကုန် ဩဂုတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာ့လက်ရွေးစင် အားကစားဟောင်းများအသင်းတို့ ပူးပေါင်း၍ အားကစားကဏ္ဍ တိုးတက်မြင့်မားရေးနှင့် နိုင်ငံ့ဂုဏ်ဆောင်မည့် မျိုးဆက်သစ် လက်ရွေးစင် အားကစားမောင်မယ်များ ပေါ်ထွက်လာစေရေးအတွက် ဟောပြောပွဲနှင့် သရုပ်ပြပွဲကို မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ်လ ဒုတိယပတ်က ပြုလုပ်ခဲ့ရာ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ အသင်းဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဘောလုံးလက်ရွေးစင်ဟောင်း ဦးအေးမောင်ကြီးနှင့် ကျွမ်းဘားအားကစား လက်ရွေးစင်ဟောင်း ဒေါ်နီနီအောင်တို့က အားကစားနှင့်ပတ်သက်သည့် စိတ်ဓာတ်နှင့် စည်းကမ်းများ၊ အခြေခံနည်းစနစ် သဘောတရားများကို ဟောပြောသည်။

ထို့နောက် အားကစားနည်းစနစ်များ သရုပ်ဖော်ပြသသည့် အစီအစဉ်ကို ဆက်လက်ပြုလုပ်ရာ တိုင်းဒေသကြီး လက်ရွေးစင်အဆင့်ရှိ ကျောင်းသား ကျောင်းသူ ဝူရှူးအဖွဲ့က ဝူရှူးအတိုက် ပြကွက်များဖြင့်လည်းကောင်း၊ မြန်မာ့လက်ရွေးစင် ကျွမ်းဘားအဖွဲ့မှ လူငယ်မောင်မယ်များက ပြိုင်ပွဲဝင် ကျွမ်းဘားပြကွက် အမျိုးမျိုး ကိုလည်းကောင်း သရုပ်ပြကြသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ**

# တပ်ကုန်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**တပ်ကုန်း ဩဂုတ် ၁၈**

တပ်ကုန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း အခမ်းအနားကို ယမန်နေ့က ရှောက်ကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါစကားဝိုင်းတွင် တပ်ကုန်းမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကာဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့စကားဝိုင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထွန်းထွန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းညွန့်၊ မြို့မရဲစခန်းမှူးရုံးမှ ဒုရဲအုပ် သန့်ဇင်ဖြိုးတို့က ဦးဆောင်ဆွေးနွေးပြီးနောက် မြို့နယ် စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်လယ်ယာမြေ စီစစ်ရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများက ဆက်လက်ဆွေးနွေးကြသည်။

ပြည်သူ့စကားဝိုင်းသို့ တက်ရောက်လာသည့် ပြည်သူများက လမ်းပန်းဆက်သွယ်ရေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရေး စသည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် ဆင်တုပ်ကွေးရောဂါ မဖြစ်ပွားအောင်ကြိုတင်ကာကွယ်နည်းများ မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်(ပြန်/ဆက်)**



# အခြေခံပညာကျောင်း ၄၄ ကျောင်းအနက် ၄၁ ကျောင်းပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိ

**တနင်္သာရီ ဩဂုတ် ၁၈**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းမှုကြောင့် ဩဂုတ် ၉ ရက်မှစ၍ ၁၃ ရက်အထိ အခြေခံပညာကျောင်း ၄၄ ကျောင်း ယာယီပိတ်လိုက်ရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အဆိုပါ တနင်္သာရီမြစ်ရေသည် ဩဂုတ် ၁၇ ရက်က တိုင်းတာချက်အရ ၁၆ ပေအထိ ပြန်လည်လျော့ကျသွားပြီဖြစ်သည်။ သို့ဖြစ်၍ ဩဂုတ် ၁၈ ရက်နံနက်ပိုင်းမှစ၍ ယာယီပိတ်ထားလိုက်ရသော အခြေခံပညာကျောင်း ၄၄ ကျောင်းအနက် ၄၁ ကျောင်းကိုပြန်လည်ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်ကြောင်းနှင့် ဖွင့်လှစ်ရန် ကျန်ရှိနေသေးသော အခြေခံပညာကျောင်းသုံးကျောင်းသည် လမ်းပန်း ဆက်သွယ်ရေးအခက်အခဲ၊ ရေဝပ်နေသေးသည့် အခက်အခဲများကြောင့် ပိတ်ထားရဆဲဖြစ်ကြောင်း သိရသည်။



အဆိုပါ ယာယီပိတ်ထားရသော ကျောင်းများ၏ပိတ်ရက်များကို စနေ၊ တနင်္ဂနွေနှင့် အဖိတ်၊ ဥပုသ်ကျောင်းပိတ်ရက်များတွင် အစားထိုးသင်ကြားပေးရန် စီစဉ်ထားရှိကြောင်း မြို့နယ်ပညာရေးမှူးထံမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# မူဆယ်မြို့နယ်တွင် ရပ်ရွာလူထုပူးပေါင်းပါဝင်သည့် ဆုံးဖြတ်ချက်ချသည့်ဖြစ်စဉ် သင်တန်းဖွင့်လှစ်

**မူဆယ် ဩဂုတ် ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်တွင် ငြိမ်းချမ်းရေးအထောက်အကူပြုအဖွဲ့ (မူဆယ်)မှ ဦးဆောင်ပြီး ပြည်သူ့ဝန်ဆောင်မှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အရပ်သားများ ပူးပေါင်းလာစေရေးစီမံချက်မှ ရပ်ရွာလူထု ပူးပေါင်းပါဝင်သည့် ဆုံးဖြတ်ချက်ချသည့်ဖြစ်စဉ် သင်တန်းကို ယမန်နေ့က မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်ကျေးရွာအုပ်စု အောက်နမ့်ဟွယ်ကျေးရွာ လူငယ်ခန်းမဆောင်၌ ဖွင့်လှစ်သည်။

**သင်ကြားပို့ချသွားမည်**

အဆိုပါသင်တန်းကို အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ သင်တန်းသူ သင်တန်းသား စုစုပေါင်း ၂၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရပြီး စီမံချက် တာဝန်ခံ ဦးမိုင်းညီမောင်ဦးနှင့်သင်တန်း ဆရာ ဦးစံရဲမြင့်မြတ် မောင်မယ်လူမှုကူညီရေးအသင်းဥက္ကဋ္ဌတို့က ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ်၊ ရပ်ရွာလူထုပူးပေါင်းပါဝင်သည့် ဆုံးဖြတ်ချက်ချသည့်ဖြစ်စဉ်၊ သတင်းအချက်အလက်ရယူခြင်းနှင့် ဖြန့်ဝေခြင်း၊ ပူးပေါင်းပါဝင်ခြင်းနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်း၊ ပြည်သူ့ဝန်ဆောင်မှုများအား ပြန်လည်စောင့်ကြည့်လေ့လာခြင်း ၊ နစ်နာမှုများကို တိုင်ကြားသည့်ယန္တရားစသည့်ခေါင်းစဉ်များဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းကို ဩဂုတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ ဒီသင်တန်းတွေပြီးရင်တော့ ဒေသအသီးသီးက စစ်ပွဲတွေကြောင့် ထိခိုက်နစ်နာမှုရှိတာတွေကို စစ်တမ်းကောက်ယူတာ၊ နေရပ်စွန့်ခွာသူတွေရဲ့ လိုအပ်ချက်တွေ ကောက်ယူစုဆောင်းတာတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေနဲ့ ချိတ်ဆက်၍ လုပ်သွားဖို့အစီအစဉ်တွေလည်းရှိပြီး သင်တန်းကို နမ့်ခမ်းမြို့မှာ ဆက်လက်ဖွင့်ဖို့ အစီအစဉ်တွေရှိပါတယ်"ဟု စီမံချက်တာဝန်ခံက ပြောသည်။

**သန့်ဇင်(မူဆယ်)**

# သုံးပန်လှမြစ်ရေတင်သို့ ချင်းတွင်းမြစ်မှတစ်ဆင့် ရေဝင်ရောက်မှုရရှိနိုင်ရေး စက်အင်အားကြီးများ အသုံးပြုကာ စိုက်ပျိုးရေရရှိရေး ဆောင်ရွက် ပေးသွားမည်

**ချောင်းဦး ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံသည် ချောင်းဦးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဘော်နှင့်အတူ ဩဂုတ် ၁၆ ရက်က ချောင်းဦးမြို့နယ် ဧက ၄၀၀ အဆင့်မြင့် လယ်ယာဖော်ထုတ်နေမှုနှင့် မြစ်ရေတင်များမှ ရေပေးဝေခြင်း လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် အဖွဲ့သည် မြို့နယ် အတွင်းရှိ သုံးပန်လှနှင့် အောင်စေပိုင်စေ လုပ်ငန်းများမှရေရရှိကာ စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ဆောင်နေသော တောင်သူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရေကော်မတီများနှင့် တွေ့ဆုံ၍ တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆွေးနွေးခဲ့သည်။

ချောင်းဦးမြို့နယ်၌ မြစ်ရေတင်များအနေဖြင့် သုံးပန်လှ၊ အောင်စေပိုင်စေ မြစ်ရေတင်လုပ်ငန်းများမှ သုံးပန်လှ၊ တောကျောင်းကြီး၊ ရွှေလေ့နှင့် အခြားကျေးရွာများသို့ စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိသည်။

အဆိုပါသုံးပန်လှ မြစ်ရေတင်သို့ နှစ်စဉ် ရေဝင်ရောက်မှုနည်းပါးသဖြင့် စိုက်ပျိုးရေအခက်အခဲများကို တောင်သူများက တင်ပြကြရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက သုံးပန်လှမြစ်ရေတင်သို့ ချင်းတွင်းမြစ်မှတစ်ဆင့် ရေဝင်ရောက်မှုရရှိနိုင်ရေး စက်အင်အားကြီးများ နှစ်ဆင့်၊ သုံးဆင့် အသုံးပြုကာ စိုက်ပျိုးရေရရှိရေး ဆောင်ရွက် ပေးသွားမည်ဟု ဆွေးနွေးခဲ့သည်။

ချောင်းဦးမြို့နယ်တွင် အောင်စေပိုင်စေမြစ်ရေတင်လုပ်ငန်းမှ ရေပေးဝေကာ ဧက ၄၀၀ အဆင့်မြင့် လယ်ယာမြေဖော်ဆောင်လျက်ရှိပြီး တောင်သူများမှ ကိုယ့်အားကိုယ်ကိုးဖြင့် ဧက ၁၀၀ နှင့် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဧက ၃၀၀ ဖော်ဆောင်ထားခြင်းဖြစ်သည်။ ယခု ဧက ၄၀၀ အပြင် အခြားနီးစပ်ရာ တောင်သူများမှလည်း အဆင့်မြင့်လယ်ယာဖော်ထုတ်ရာတွင် ပါဝင်လိုသည့် ဆန္ဒများရှိကြောင်း တောင်သူဦးမျိုးဝင်းက ပြောသည်။

**အိအိအောင်(ချောင်းဦး)**

# ရှင်မတောင်လမ်းတိုးတက်ကောင်းမွန်ရန် ကတ္တရာလမ်းခင်းလျက်ရှိ

**ရေစကြို ဩဂုတ် ၁၈**

ရေစကြိုမြို့နယ်တွင် ရှင်မတောင်ခြေအနီး ကျေးရွာများရှိ ဒေသခံလူဦးရေ ၈၀၀၀ ခန့်အတွက် လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရှင်မတောင်လာ ဘုရားဖူးပြည်သူများအတွက် သွားလာရေးကောင်းမွန်စေရန် တောင်အိုကျေးရွာမှ ရှင်မတောင်သို့ သွားရာလမ်းကို ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။**(အောက်ပုံ)**

တောင်အိုကျေးရွာ-ရှင်မတောင် လမ်းမှာ လမ်းမိုင်အရှည် ၁၁/၄ မိုင် ရှိပြီး ကျောက်ချောလမ်း ၉/၄ မိုင်ရှိကြောင်းသိရသည်။ ယခုအခါ ကတ္တရာခင်းထားခြင်းမရှိသေးသော ကျောက် ချောလမ်း ၉/၄ မိုင်ပေါ်တွင် လမ်းအဆင့်မြှင့်တင်သည့်အနေဖြင့် ကတ္တရာ လမ်း ၄/၀မိုင် ကို ခင်းခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါလမ်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **အိမွန်ဆွေ(ရေစကြို)**



# စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် လုပ်ငန်းညှိနှိုင်းစည်းဝေး အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်း

**မုံရွာ ဩဂုတ် ၁၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၁၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများထပ်ဆင့်ရှင်းလင်းခြင်း အခမ်းအနားနှင့် စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က တိုင်းဒေသကြီးတရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးမျိုးမောင်က ပြည်ထောင်စုတရားသူကြီးချုပ်၏ ညွှန်ကြားချက်နှင့် အစည်းအဝေးတွင် ဆွေးနွေးမှာကြားခဲ့သည့် အချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး တရားရေးဦးစီးမှူး (တာဝန်) ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်သီတာအောင်က စီမံခန့်ခွဲရေးဆိုင်ရာ မှာကြားချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်တရားသူကြီးများက တရားစီရင်ရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ တင်ပြကြရာ တရားသူကြီးချုပ်၊ တရားလွှတ်တာ်တရားသူကြီး ဒေါ်ချယ်ရီကြည်၊ ဦးဖြိုးဖြိုးနှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**မုံရွာ(ကိုယ်ပွား)**

# ဆောမြို့နယ်၌ တိုင်းရင်းဆေးဖြင့် ကွင်းဆင်းကုသ

**ဆော ဩဂုတ် ၁၈**

ဆောမြို့နယ် တိုင်းရင်းဆေးကုဌာန ဆေးကုသရေးအဖွဲ့သည် ယမန်နေ့က လယ်ရင်းကျေးရွာသို့ သွားရောက်ကွင်းဆင်း၍ တိုင်းရင်းဆေးပညာရပ်များဖြင့် ကျေးရွာနေပြည်သူများအား ကျန်းမာရေးစစ်ဆေးပေးကာ ဆေးဝါးများကုသပေး ခဲ့ကြသည်။ ထိုသို့ကွင်းဆင်းဆောင်ရွက်ပေးရာတွင် အမကကျောင်း၌ မြို့နယ်တိုင်းရင်း ဆေးမှူး ဒေါ်ဟန်နီလှစိုးက ရာသီဥတုအလိုက် နေထိုင်စားသောက်နည်းများ၊ လက်ဆေးခြင်း၊ အစာစားပြီးတိုင်း သွားတိုက်ရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ဆောင်ရန်၊ ရှောင်ရန်များကို ကျန်းမာရေးအသိပညာပေးဟောပြောသည်။

ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ မိုးရာသီတွင် အဖြစ်များသောရောဂါများ၊ ပတ်ဝန်းကျင်မှ ဆေးဘက်ဝင်အပင်များအကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူ ၅၄ ဦးတို့အား ကျန်းမာရေးစစ်ဆေးပေးကာ အခမဲ့ဆေးကုသပေးခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဗြိတိသျှကောင်စီ၏ ဒစ်ဂျစ်တယ်စာကြည့်တိုက်ကို အသင်းဝင်၍ အွန်လိုင်းဖြင့် အသုံးပြုနိုင်မည်

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာနိုင်ငံတစ်ဝန်းလုံး မည့်သည့်နေရာမှမဆို အွန်လိုင်းမှတစ်ဆင့် ဗြိတိသျှကောင်စီစာကြည့်တိုက်ရှိ စာအုပ်များစွာကို ဖတ်ရှုနိုင်ရန်အတွက် ဗြိတိသျှကောင်စီ ဒစ်ဂျစ်တယ်စာကြည့်တိုက်(British Council Digital Library)တွင် အသင်းဝင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဒစ်ဂျစ်တယ်စာကြည့်တိုက်ကို အသုံးပြုပါက မဂ္ဂဇင်းနှင့် သတင်းစာပေါင်း ၇၀၀၀ ကျော်၊ သုတ၊ ရသ eBook နှင့် audiobook ပေါင်း ၃၀၀၀ ကျော်၊ ဘာသာရပ်ဆိုင်ရာ eBook ပေါင်း တစ်သိန်းကျော်၊ မှတ်တမ်းရုပ်ရှင်နှင့် တီဗွီအစီအစဉ်ပေါင်း ၇၀၀၀ ကျော်၊ ရုပ်ပြကာတွန်းပေါင်း ၁၅၀ ကျော်နှင့် ဆော့ဖ်ဝဲအသုံးပြုနည်း ဗွီဒီယိုရာပေါင်းများစွာတို့ကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် IELTS အတွက်ပြင်ဆင်မှုဆိုင်ရာ အွန်လိုင်းသင်ရိုးဖြစ်သော Road to IELTS(full version)ကိုလည်း ဒစ်ဂျစ်တယ်စာကြည့်တိုက်တွင် အသင်းဝင်ခြင်းဖြင့် တစ်ပါတည်း ရရှိမည်ဖြစ်ကြောင်း၊ အဆိုပါသင်ရိုးတွင် IELTS နှင့်ပတ်သက်သော Interactive activities ပေါင်း ၃၀၀ ကျော်၊ Advice and tutorials ဗွီဒီယို ၁၃ ခုနှင့် Practice test ၃၆ ခု ပါဝင်ပြီး ရာနှုန်းပြည့် စိတ်ချယုံကြည်ရသည့် official IELTS practice material များ ပါဝင်သော IELTS အတွက်ပြင်ဆင်မှု အွန်လိုင်းသင်ရိုးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း အချိန်နေရာမရွေး အွန်လိုင်းမှတစ်ဆင့် ဝင်ရောက်လေ့ကျင့်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဗြိတိသျှကောင်စီ၏ ဒစ်ဂျစ်တယ်စာကြည့်တိုက်တွင် အသင်းဝင်ရန်အတွက် ဝက်ဘ်ဆိုက်လိပ်စာ www.britishcouncil.org.mm/my/english/libraries/join-digital သို့ ဝင်ရောက်၍ သက်ဆိုင်ရာအချက်အလက်များ ဖြည့်စွက်ပေးပြီး အသင်းဝင်နိုင်မည်ဖြစ်သလို ဗြိတိသျှကောင်စီရုံးများတွင် လာရောက်မေးမြန်း၍လည်း ချက်ချင်း အသင်းဝင်နိုင်ကြောင်း၊ တစ်နှစ်စာ အသင်းဝင်ကြေးမှာ ကျပ် ၃၀၀၀၀ ဖြစ်ကြောင်း၊ သို့သော် စက်တင်ဘာ ၃၀ ရက်မတိုင်ခင် အသင်းဝင်ပါက ကျပ်တစ်သောင်း လျှော့ပေးမည်ဖြစ်သောကြောင့် ကျပ် ၂၀၀၀၀ သာ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

အွန်လိုင်းမှတစ်ဆင့် အသင်းဝင်ရန် ဆောင်ရွက်သူများအနေဖြင့် အသင်းဝင်ကြေးမည်သို့ပေးသွင်းရမည်ကို Online registration form တွင် ဖြည့်ပေးလိုက်သည့် အီးမေးလ်သို့ အလိုအလျောက် ပြန်ပို့ပေးမည်ဖြစ်ပြီး အသင်းဝင်ကြေးပေးသည့် နည်းလမ်းအတွက် အခက်အခဲရှိပါက ဗြိတိသျှကောင်စီရုံးများတွင် လာရောက်မေးမြန်းကာ AYA Mobile Banking သို့မဟုတ် မည်သည့် MPU/Visa ကတ်ဖြင့်မဆို ပေးသွင်း၍ ချက်ချင်းအသင်းဝင်နိုင်ကြောင်း၊ AYA Mobile Banking ကို အသုံးမပြုပါက AYA ဘဏ်များမှ ငွေသားဖြင့်လည်း အသင်းဝင်ကြေးကို ပေးပို့နိုင်ကြောင်း သိရသည်။

ဗြိတိသျှကောင်စီ၏ ဒစ်ဂျစ်တယ်စာကြည့်တိုက်ကို အသင်းဝင်၍ အသုံးပြုနိုင်ရန် အီးမေးလ်တစ်ခုခု ရှိရမည်ဖြစ်ပြီး မရှိပါက ဝင်ရောက်နိုင်မည် မဟုတ်ကြောင်း၊ ဒစ်ဂျစ်တယ်စာကြည့်တိုက်ထဲရှိ Resources များကို အသုံးပြုရာတွင် ဖုန်းအများစုနှင့် အဆင်ပြေသော်လည်း အချို့သော ဖုန်းအနည်းစုတွင် ebook များ ဖတ်ရှုနိုင်အောင် အက်ပလီကေးရှင်းအချို့ကို ထပ်မံ download ဆွဲရန် လိုပြီး အခက်အခဲအနည်းငယ်ဖြစ်နိုင်ကြောင်း၊ ထိုအခက်အခဲများအတွက် ရန်ကုန်နှင့် မန္တလေးမြို့များတွင် နေထိုင်ပါက ဗြိတိသျှကောင်စီရုံးများသို့ လာရောက်၍ စာကြည့်တိုက်ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အသေးစိတ် မေးမြန်းနိုင်ကြောင်း၊ အခြားမြို့များတွင် နေထိုင်သူများအနေဖြင့် ဒစ်ဂျစ်တယ်စာကြည့်တိုက်ကို အသုံးပြုစဉ် အခက်အခဲတစ်ခုခုရှိပါက screenshot ရိုက်ပြီး ပုံများကို http://m.me/BritishCouncilMyanmar သို့ ပေးပို့၍ စုံစမ်းနိုင်ကြောင်း၊ ကွန်ပျူတာနှင့် လက်ပ်တော့ပ်များဖြင့် အသုံးမည်ဆိုလျှင်မူ resources များအားလုံးကို အခက်အခဲမရှိ သုံးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဗြိတိသျှကောင်စီ၏ ဒစ်ဂျစ်တယ်စာကြည့်တိုက်တွင် အသင်းဝင်နိုင်ရန် ဩဂုတ် ၁ ရက်က စတင်ဆောင်ရွက်ထားခြင်းဖြစ်ရာ စတင် အသင်းဝင်၍ အသုံးပြုမည့်သူများအတွက် ဒစ်ဂျစ်တယ်စာကြည့်တိုက် အသုံးပြုနည်းများကို ရှင်းပြသည့် Orientation session ကိုလည်း ရန်ကုန်နှင့် မန္တလေးရှိ ဗြိတိသျှကောင်စီရုံးများ၌ အပတ်စဉ် ပြုလုပ်လျက်ရှိသည်။ Orientation session များ ပြုလုပ်မည့် အချိန်ဇယားကို www.facebook.com/BritishCouncilMyanmar/events/ တွင် ကြည့်ရှုနိုင်မည်ဖြစ်သည်။

ထို့အပြင် ဗြိတိသျှကောင်စီ၏ ဒစ်ဂျစ်တယ်စာကြည့်တိုက်ကို အသင်းဝင်ရန် စုံစမ်းလိုသည့်အချက်များရှိပါက ရန်ကုန်မြို့အတွက် ဖုန်း-၀၉-၇၇၇၀၀၁၈၃၀ နှင့် အီးမေးလ် library.enquiries@mm.britishcouncil.org သို့လည်းကောင်း၊ မန္တလေးမြို့အတွက် ဖုန်း- ၀၉-၇၇၇၀၀၁၈၂၅ နှင့် အီးမေးလ် mdy.enquiries@mm.britishcouncil.org သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း ဗြိတိသျှကောင်စီမှ ထုတ်ပြန်ချက်အရ သိရသည်။




**သူရဖြိုး**

# မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ITPEC စာမေးပွဲများ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာနိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူးပြီး Information Technology Professionals Examination Council(ITPEC) အသိအမှတ်ပြု စာမေးပွဲများကို အောက်တိုဘာလအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စာမေးပွဲများမှာ IT Passport စာမေးပွဲ၊ Fundamental IT Engineer(FE) စာမေးပွဲနှင့် Applied IT Engineer(AP) စာမေးပွဲတို့ဖြစ်သည်။ IT Passport စာမေးပွဲသည် IT ဆိုင်ရာ အခြေခံဗဟုသုတရှိပြီး IT နည်းပညာနှင့်ဆိုင်သည့် လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသူများအတွက်လည်းကောင်း၊ FE စာမေးပွဲသည် IT ဆိုင်ရာ အခြေခံကျွမ်းကျင်မှုများရှိပြီး ပရိုဂရမ်နှင့် ဆော့ဖ်ဝဲရေးသားသည့် နယ်ပယ်တွင် လုပ်ကိုင်နေသူများအတွက်လည်းကောင်း၊ AP စာမေးပွဲသည် IT နည်းပညာဆိုင်ရာ ဗဟုသုတနှင့် ကျွမ်းကျင်မှုများကို လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်စွမ်းရှိသူများအတွက်လည်းကောင်း ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်များ ရရှိစေမည့် စာမေးပွဲများဖြစ်ကြောင်း သိရသည်။

စာမေးပွဲ သုံးခုလုံးကို ရန်ကုန်မြို့ သခင်မြပန်းခြံအနီးရှိ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၌ အောက်တိုဘာ ၂၇ ရက်တွင် စစ်ဆေးမည်ဖြစ်ပြီး အချိန်များမှာ IT Passport စာမေးပွဲက နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲအထိ၊ FE စာမေးပွဲက နံနက် ၉ နာရီခွဲမှ ၁၂ နာရီအထိနှင့် မွန်းလွဲ ၁ နာရီခွဲမှ ၄ နာရီအထိ၊ AP စာမေးပွဲက နံနက် ၉ နာရီခွဲမှ ၁၂ နာရီအထိနှင့် မွန်းလွဲ ၁ နာရီခွဲမှ ၄ နာရီအထိ ဖြစ်သည်။ စာမေးပွဲကြေးမှာ IT Passport စာမေးပွဲက ကျပ် ၂၀၀၀၀၊ FE စာမေးပွဲက ကျပ် ၃၀၀၀၀ နှင့် AP စာမေးပွဲက ကျပ် ၅၀၀၀၀ ဖြစ်သည်။

စာမေးပွဲများသို့ ကွန်ပျူတာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းဝင်များနှင့် IT နည်းပညာနယ်ပယ်ထဲတွင် လက်တွေ့လုပ်ငန်းလုပ်ကိုင်နေကြသူများ မည်သူမဆို ဝင်ရောက်ဖြေဆိုနိုင်ကြောင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းအနေဖြင့် စာမေးပွဲဖြေဆိုမည့်သူများအတွက် အထောက်အကူပြု သင်တန်းတစ်ခုကိုလည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

စာမေးပွဲများတွင် ဖြေဆိုလိုသူများသည် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဖုန်း- ၀၁-၆၅၂၂၇၆၊ ၀၉-၅၀-၆၇၁၆၈ နှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဖုန်း- ၀၁-၆၅၂၃၀၇ သို့ အောက်တိုဘာ ၂၂ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်းနှင့် စာမေးပွဲနှင့်ပတ်သက်၍ သိရှိလိုသည့် အချက်များကိုလည်း အထက်ပါ ဖုန်းနံပါတ်များတွင် စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# စာအုပ်နှင့် မဂ္ဂဇင်းသစ်များကို အကန့်အသတ်မရှိဖတ်နိုင်မည့် Book Pack ဝန်ဆောင်မှုကို MPT မိတ်ဆက်

**ရန်ကုန် ဩဂုတ် ၁၈**

MPT ဖုန်းကိုသုံးစွဲသူ စာဖတ်ဝါသနာရှင်များအတွက် ဝန်ဆောင်မှုတစ်ခုဖြစ်သော MPT Books အက်ပလီကေးရှင်းတွင် ဒစ်ဂျစ်တယ်စာအုပ်များ၊ မဂ္ဂဇင်းနှင့် ဂျာနယ်များကို လွယ်ကူစွာဖတ်ရှုနိုင်ရန် စုစည်းထားရုံသာမက နှစ်သက်ရာ စာရေးဆရာများ၏ စာအုပ်များနှင့် နောက်ဆုံးထွက် မဂ္ဂဇင်းများကို ပို၍အဆင်ပြေစွာဖတ်နိုင်မည့် Book Pack ဝန်ဆောင်မှုသစ်ကို ဩဂုတ် ၉ ရက်မှစ၍ ထပ်မံတိုးချဲ့ထားကြောင်း သိရသည်။




Book Pack ဝန်ဆောင်မှုကို MPT သုံးစွဲသူတိုင်း အသုံးပြုနိုင်မည်ဖြစ်ပြီး ထိုဝန်ဆောင်မှုအရ အမျိုးအစားစုံလင်လှသည့် ဒစ်ဂျစ်တယ်စာအုပ်နှင့် မဂ္ဂဇင်းပေါင်း ၁၀၀၀ ခန့်ကို တစ်ရက်လျှင် ၉၉ ကျပ်၊ တစ်လလျှင် ၁၉၉၉ ကျပ်နှုန်းဖြင့် စာရင်းသွင်းရယူဖတ်ရှုနိုင်ကြောင်း၊ ဝတ္ထုတိုများ၊ ကာတွန်းများနှင့် မဂ္ဂဇင်းများကို ဖတ်ရှုနိုင်မည့်အပြင် ယခင်လက ထွက်ရှိခဲ့သည့် မဂ္ဂဇင်းများကိုလည်း ပြန်လည်ဖတ်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထူးခြားချက်အနေဖြင့် Book Pack ဝန်ဆောင်မှုကို အကောင့်တစ်ခုဖြင့် စာရင်းပေးသွင်း ရယူထားသူများအနေဖြင့် ဝန်ဆောင်မှုကို ဖုန်း၊ တက်ဘလက်၊ ကွန်ပျူတာစသည့် မတူညီသည့် နေရာငါးခုမှ တစ်ပြိုင်တည်း အသုံးပြု၍ ဝင်ရောက်ဖတ်ရှုနိုင်မည်ဖြစ်ကာ စာအုပ်များကို အွန်လိုင်းမှတိုက်ရိုက်ဖြစ်စေ၊ ဒေါင်းလုပ်ဆွဲထားပြီး အော့ဖ်လိုင်းဖြစ်စေ ဖတ်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Book Pack ဝန်ဆောင်မှုကို ရယူရန်အတွက် MPT အသုံးပြုသူများအနေဖြင့် နံပါတ် 7272 သို့ စာတိုပေးပို့ရမည်ဖြစ်ပြီး နေ့စဉ်စာရင်းသွင်းဝန်ဆောင်မှုအတွက် SUB နှင့် လစဉ် စာရင်းသွင်းဝန်ဆောင်မှုအတွက် SUB MM ဟု ပေးပို့ရမည်ဖြစ်ကြောင်း၊ Book Pack အပြင် Journal Pack ဝန်ဆောင်မှုကို ရယူလိုသူများအနေဖြင့်လည်း နေ့စဉ်စာရင်းသွင်း ဝန်ဆောင်မှုအတွက် 7272 သို့ ON ဟုလည်းကောင်း၊ လစဉ်စာရင်းသွင်းဝန်ဆောင်မှုအတွက် SUB JM ဟုလည်းကောင်း စာပို့၍ ရယူနိုင်ကြောင်း၊ အဆိုပါ Book Pack နှင့် Journal Pack ဝန်ဆောင်မှုကို MPT Books အက်ပလီကေးရှင်းဖြင့် အသုံးပြုရန် အက်ပလီကေးရှင်း မရှိသေးပါက *7272# သို့ ဖုန်းခေါ်ဆို၍ ရရှိလာသည့် လင့်ခ်မှတစ်ဆင့် အက်ပလီကေးရှင်းကို ရယူနိုင်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

# 4K အရည်အသွေး ရိုက်ကူးနိုင်သော Canon Cinema EOS ကင်မရာများ ပြည်တွင်းသို့စတင်ဝင်ရောက်

**ရန်ကုန် ဩဂုတ် ၁၈**

အရည်အသွေးမြင့် ကင်မရာများကို စဉ်ဆက်မပြတ်ထုတ်လုပ်နေသော Canon ၏ စွမ်းဆောင်ရည်မြင့်မားပြီး 4K အရည်အသွေးရုပ်ရှင် ရိုက်ကူးနိုင်သည့် ဗီဒီယိုကင်မရာများကို မြန်မာနိုင်ငံ မြို့ကြီးများ၌ စတင်ဖြန့်ဖြူးနေပြီဖြစ်ကြောင်း Wyndham Hotel ၌ ဩဂုတ် ၁၆ ရက်က ကျင်းပခဲ့သည့် Canon Cinema EOS Experience အခမ်းအနားမှ သိရသည်။

အဆိုပါ 4K UHD ကင်မရာများမှာ တစ်စက္ကန့်လျှင် 120 fps အထိ ရိုက်ကူးနိုင်ပြီး ဗွီဒီယိုဖိုင်များကို တည်းဖြတ်ရာတွင်လည်း အရည်အသွေး ကျဆင်းသွားခြင်းမရှိဘဲ Full HD(1080 Megapixel)ထက် လေးဆကျော် ပိုမိုရုပ်ထွက်ကောင်းမွန်စွာ ရိုက်ကူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

4K UHD ကင်မရာများကို ဩဂုတ် ၁၆ ရက်မှစ၍ နိုင်ငံအတွင်း မြို့ကြီးများ၌ စတင်ဝယ်ယူနိုင်ပြီး စတင်ရောင်းချသည့် တစ်လအတွင်း ဝယ်ယူသူများအတွက် အထူးဈေးနှုန်းအနေဖြင့် အမေရိကန်ဒေါ်လာ ၆၃၀၀ ဖြင့် ရောင်းချသွားမည်ဖြစ်ကာ CFast 128 GB မင်မိုရီကတ်အပြင် အခြား ကင်မရာအသုံးအဆောင် ပစ္စည်းများကိုလည်း လက်ဆောင်အဖြစ် နိုင်ငံတစ်ဝန်းရှိ Canon အရောင်းပြခန်းများတွင် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**4K UHD ကင်မရာများအကြောင်း စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပနေစဉ်။**

ထို့အပြင် Canon အနေဖြင့် အခြား အရည်အသွေးမြင့် Canon EOS C300Mk2, Canon XF 705, XF 405, XF 400, XA 55, XA50, XA40, XA15 နှင့် XA11 ဗွီဒီယိုကင်မရာများကိုလည်း အထူးဈေးနှုန်းများဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းခေတ်၊ ဓာတ်ပုံ - မိုးမခ**

# ချင်းပြည်နယ်၏ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ ဝိုင်းဝန်းကြိုးစားကြပါစို့

**မောင်မော်(ငါးလုပ်ငန်းဦးစီးဌာန)**

မြန်မာနိုင်ငံ၏ ကုန်းမြေဧရိယာသည် ၆၇၆၅၇၈ စတုရန်းကီလိုမီတာရှိပြီး မြောက်ဘက်တွင် ဟိမဝန္တာတောင်တန်းများ၊ တောင်ဘက်တွင် အဏ္ဏဝါဂေဟစနစ်နှင့် သန္တာကျောက်တန်းများ၊ အလယ်ပိုင်းတွင် သစ်တောများနှင့် ပေါများကျယ်ပြန့်သော မြစ်ချောင်းများဖြင့် အမျိုးစုံလင်လှသော ဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြေပေါ်မြေအောက် သက်ရှိသက်မဲ့ သယံဇာတများ ကြွယ်ဝစွာရှိခြင်းသည် နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးအခြေအနေကို ပံ့ပိုးပေးရာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

**ချင်းပြည်နယ်**

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ပိုင်းတွင် တည်ရှိကာ ၃၆၀၁၉ စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။ တောင်ဘက်တွင် ရခိုင်ရိုးမနှင့်ဆက်စပ်နေပြီး အရှေ့ဘက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး၊ အနောက်တောင်ဘက်တွင် ဘင်္ဂလားဒေ့ရှ်၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့နှင့် ဆက်စပ်နေသည်။ ပြည်နယ်အတွင်း လူဦးရေမှာ ၂၀၁၄ စာရင်းဇယားအများအရ ၄ ဒသမ ၇၉ သန်း ရှိသည်။ ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ မတူပီ၊ မင်းတပ်၊ ကန်ပက်လက်နှင့်ပလက်ဝ မြို့နယ်ကိုးခုရှိပြီး မြေမျက်နှာသွင်ပြင်မှာ တောင်တန်းထူထပ်၍ စိုက်ပျိုးမွေးမြူရေးနှင့် ရေအသုံးချနိုင်မှုအတွက် ကန့်သတ်ချက်များရှိနေသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းကဏ္ဍ စီမံခန့်ခွဲမှုများကို ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ငါးလုပ်ငန်းရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေပြီး ငါးရိက္ခာ ဖူလုံစေရန်၊ ငါးလုပ်ငန်းကိုအခြေခံ၍ ကျေးလက်နေပြည်သူများ၏ဘဝမြင့်မားလာစေရန်နှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် မျှော်မှန်းဆောင်ရွက်နေသည်။

တိုးတက်လာသောလူဦးရေနှင့်အညီ ငါးစားသုံးမှု ဖူလုံစေရေး၊ ပိုလျှံသည်များကိုနိုင်ငံခြားသို့တင်ပို့၍ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေရေး၊ ငါးထုတ်လုပ်မှုကဏ္ဍ မြင့်မားလာစေရေးအတွက် သဘာဝ မြစ်၊ ချောင်း၊ အင်းအိုင်များမှ ဖမ်းဆီးထုတ်လုပ်ခြင်းသာမက မွေးမြူရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ငါးထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ ရေရှည်တွင် ငါးမျိုးပြုန်းတီးမှု မဖြစ်ပေါ်စေရေးအတွက် ငါးလုပ်ငန်းဆိုင်ရာဥပဒေများနှင့်အညီ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရေချိုမြစ်ချောင်းအင်းအိုင်များ၊ ငါးသားပေါက်ရာ ရေပြင်ရှိ ရိုးများ ရေရှည်ကောင်းမွန်ရေး၊ ဒီရေတောနှင့် သန္တာကျောက်တန်းများ မပျက်စီးစေရေးတို့အတွက်လည်း အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဒေသအတွင်း ထူးခြားသောငါးများ၊ အလှမွေးငါးမျိုးများနှင့် မျိုးသုဉ်းပျောက်ကွယ်လုနီးလာသော တိုင်းရင်းငါးမျိုးစိတ်များ ထိန်းသိမ်းခြင်းကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်နေသည်။

**ချင်းပြည်နယ်နှင့် ငါးလုပ်ငန်း**

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ချင်းပြည်နယ်အတွင်း ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး၊ တိုင်းရင်းသားများ ငါးစားသုံးမှုမြင့်မားလာစေရေး၊ သဘာဝရာသီဥတုနှင့် ကိုက်ညီသော တိုင်းရင်းငါးမျိုးများ တိုးချဲ့မွေးမြူနိုင်ရေးနှင့် ငါးများ မျိုးသုဉ်းပျောက်ကွယ်မှု မရှိစေရေး စသည်တို့ကို ဆောင်ရွက်နိုင်ရန် ချင်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနကို ၂၀၁၂ ဒီဇင်ဘာ ၂၄ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး ရမ်ထလို(ဖလမ်း)ငါးလုပ်ငန်းစခန်းကို ထိုနေ့တွင်လည်းကောင်း၊ တီးတိန် (ခိုင်ကမ်း) ငါးလုပ်ငန်းစခန်းကို ၂၀၁၃ မတ် ၂၀ ရက်တွင်လည်းကောင်း တည်ထောင်ခဲ့သည်။



ချင်းပြည်နယ်မှ ငါးလုပ်ငန်းစခန်းတစ်ခု၌ ငါးဆေးထိုးသားဖောက်မှု ပြုလုပ်နေစဉ်။

ချင်းပြည်နယ်အတွင်း ၂၀၁၈-၂၀၁၉ ခုနှစ် ငါးထုတ်လုပ်မှုအနေဖြင့် ငါးမွေးမြူရေးလုပ်ငန်းတွင် လျာထားချက်၏ ၇၆ ဒသမ ၅၄ ရာခိုင်နှုန်းနှင့် ဘုံငါးဖမ်းလုပ်ငန်းအနေဖြင့် ၆၁ ဒသမ ၈၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့သည်။ တောင်ပေါ်ဒေသဖြစ်သည့်အတွက် ငါးမွေးမြူမှု နည်းပါးနေသဖြင့် ပညာပေးစည်းရုံးလျက်ရှိသလို ငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍ မြို့နယ်တစ်ခုစီမှ ရွာတစ်ရွာစီ၌ မြစိမ်းရောင် (ငါးကဏ္ဍ)ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။

ချင်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးများ မဖွင့်လှစ်မီက မြို့နယ်လေးခု၌ ငါးမွေးမြူသူ ၁၂၈ ဦး၊ ငါးမွေးကန် ၁၀၇ ဒသမ ၄၈၆ ဧက ရှိခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာန ဖွင့်လှစ်ပြီးနောက် ၂၀၁၈-၂၀၁၉ ခုနှစ်အထိ ငါးမွေးမြူသူ ၆၁၆ ဦးနှင့် ငါးကန် ၃၄၃ ဒသမ ၈၇၂ ဧကအထိ တိုးတက်လာသည်။

မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် သယံဇာတထိန်းသိမ်းရေး အသိပညာများ တိုးတက်လာစေရန်အတွက် အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက် သင်တန်းများဖွင့်လှစ်ခြင်း၊ သယံဇာတထိန်းသိမ်းရေး ပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ ပညာပေးပိုစတာများ စိုက်ထူခြင်း စသည်တို့ကိုလည်း ဆောင်ရွက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အခြေခံ ငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်း ၂၅ ကြိမ်ဖြင့် သင်တန်းသား ၈၉၉ ဦးအား သင်ကြားပေးနိုင်ခဲ့သလို ပညာပေးဟောပြောပွဲ ၆၄ ကြိမ်၊ ပညာပေးပိုစတာများစိုက်ထူခြင်း အကြိမ် ၂၀ ကိုလည်း ပြုလုပ်နိုင်ခဲ့သည်။

**ငါးလုပ်ငန်းစခန်းများ**

ချင်းပြည်နယ်ရှိ ဒေသခံများ၏ ငါးသားပေါက်လိုအပ်ချက်ကို ငါးလုပ်ငန်းစခန်းနှစ်ခုဖြစ်သည့် ရမ်ထလို(ဖလမ်း)နှင့် ခိုင်ကမ်း(တီးတိန်)စခန်းတို့မှ ထုတ်လုပ်ပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ဇွန်လအထိ ငါးသားပေါက်ကောင်ရေ ၁၉ ဒသမ ၆၅၂ သိန်းကို ထုတ်လုပ်နိုင်ခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် တစ်ပိုင်တစ်နိုင် ငါးသားဖောက်စခန်း ရှစ်ခုကို တည်ဆောက်ဖွင့်လှစ်ခဲ့ရာ ဟားခါးမြို့နယ်တွင် တစ်ခု၊ မင်းတပ်မြို့နယ်တွင် သုံးခု၊ ဖလမ်းမြို့နယ်တွင် သုံးခုနှင့် မတူပီမြို့နယ်တွင် တစ်ခု ဖြစ်သည်။ အဆိုပါ ငါးသားဖောက်ရုံများမှ ရွှေဝါငါးကြင်းငါးမှုန် ၂၃ ဒသမ ၅ သိန်းနှင့် ငါးခုံးမကြီးငါးမှုန် ၁၅ သိန်း၊ စုစုပေါင်း ၃၈ ဒသမ ၅ သိန်း ထုတ်လုပ်ပေးနိုင်ခဲ့သည်။

**ပြည်နယ်အတွင်းမှ သဘာဝငါးမျိုးများ**

ချင်းပြည်နယ် မြောက်ပိုင်းရှိ မဏိပူရမြစ်၊ မြစ်သာမြစ်နှင့် ချင်းတွင်းမြစ်တို့တွင် ငါးပနော်၊ ငါးသလဲထိုး၊ ငါးမြွေထိုး၊ ငါးခုံးမ၊ ငါးသစ်တုံး စသည့် ငါးမျိုးစိတ်များကို အများဆုံး တွေ့ရှိရပြီး ပြည်နယ်တောင်ပိုင်းရှိ မုန်းချောင်း၊ မောင်ချောင်းနှင့် ချီချောင်းတို့တွင် အအေးပိုင်းငါးဖြစ်သော ဒေသအခေါ် ငါးရှန်နှင့် ငါးဝိုင်းတို့ကို တွေ့ရှိရသည်။ ငါးရှန်သည် သဘာဝရေပြင်တွင် ၁၅ ပိဿာအထိ ကြီးထွားနိုင်ပြီး မွေးမြူရေးကန်တွင် ၇၀ ကျပ်သားအထိ ကြီးထွားနေသည်ကို တွေ့ရှိရသည်။ ချင်းပြည်နယ်တွင် ဒေသခံများကြိုက်နှစ်သက်သည့် ငါးရှန် (Neolessochillus stracheyi)ငါးမျိုးကို သဘာဝမြစ်ချောင်းများတွင် တွေ့ရပြီး ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ ငါးလုပ်ငန်းဦးစီးဌာန၏ တစ်ပိုင်တစ်နိုင် ငါးသားဖောက်ရုံများတွင် ငါးရှန်ငါးမျိုးများကို စုဆောင်းထားကာ သားဖောက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ငါးဖမ်းဆီးခြင်းကြောင့် လျော့နည်းသွားသည့် ငါးသယံဇာတများကို ပြန်လည်ဖြည့်တင်းနိုင်ရေးအတွက် တိုင်းရင်းငါးမျိုး သားပေါက်များကို သဘာဝရေပြင်၊ ဆည်နှင့် ရေလှောင်တမံများအတွင်းသို့ ၂၀၁၂-၂၀၁၃ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ လွှတ်ပေးလျက်ရှိရာ ဟားခါးမြို့ရှိ တော်လှန်ရေးကန်၊ သီးမစ်ချောင်း၊ ဖလမ်းမြို့ရှိ လိုင်ဗားရေလှောင်တမံနှင့် ရိဒ်ရေကန်၊ ထန်တလန်မြို့နယ်ရှိ သီကီရ်ဆည်နှင့် ဟရိန်ခန်းဆည်နှင့် မကွေးတိုင်းဒေသကြီးမှ တောင်ခရမ်းဆည်များတွင် စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၀ ဒသမ ၈၅ သိန်းကို မျိုးစိုက်ထည့်ပေးခဲ့ပြီးဖြစ်သည်။

၂၀၁၇ ခုနှစ်က ဖလမ်းမြို့နယ်၌ကျင်းပပြုလုပ်သော (၆၉) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီးက ရိဒ်ရေကန်အတွင်းရှိ ငါးသယံဇာတ အရင်းအမြစ်များကို မျိုးစိတ်အလိုက် စနစ်တကျခွဲခြားပြုစု မှတ်တမ်းတင်ထားရန် လမ်းညွှန်မှာကြားချက်အရ ငါးလုပ်ငန်းဦးစီးဌာနက ကွင်းဆင်းအဖွဲ့များ ဖွဲ့စည်း၍ ပထမအကြိမ်အဖြစ် ထိုနှစ် မတ် ၁၁ ရက်မှ ၂၃ ရက်အထိ၊ ဒုတိယ အကြိမ်အဖြစ် ၂၀၁၉ မေ ၂၂ ရက်မှ ၂၈ ရက်အထိ ကွင်းဆင်း သုတေသနပြုလေ့လာမှုများ ဆောင်ရွက်ခဲ့သည်။ သုတေသနပြုချက်များအရ ပထမအကြိမ်တွင် ငါးမျိုးစိတ် ၁၂ မျိုး၊ ဒုတိယအကြိမ်တွင် ငါးမျိုးစိတ် ၂၀ ကို လေ့လာတွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့သည်။

ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကိုယ်တိုင်လည်း ၂၀၁၈ ဇန်နဝါရီလတွင် ချင်းပြည်နယ်မှ ငါးလုပ်ငန်းစခန်းများသို့ ရောက်ရှိခဲ့ပြီး စခန်းများတွင် မျိုးငါး စုဆောင်းထားရှိမှု၊ ငါးသားပေါက်ထုတ်လုပ်မှု၊ မျိုးစိုက်မှုနှင့် ဖြန့်ဖြူးနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး လမ်းညွှန်ခဲ့သည်။ ထို့အပြင် ရိဒ်ရေကန်သို့လည်း သွားရောက်ခဲ့ပြီး ငါးသယံဇာတ အရင်းအမြစ်များ ကွင်းဆင်းမှတ်တမ်းတင်မှု အစီရင်ခံစာပါ လုပ်ငန်းများအပေါ် လမ်းညွှန်ခဲ့သည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ချင်းပြည်နယ်၏ ငါးလုပ်ငန်းကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ငါးသယံဇာတများ ပြန်လည်ပွားများလာပြီး ရေရှည်တည်တံ့စေရန်အတွက် ကောင်းမွန်သောမူဝါဒများ ချမှတ်၍ သယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒေသနှင့်ကိုက်ညီ၍ ဖြစ်နိုင်ခြေရှိသည့် ငါးမွေးမြူရေးနည်းလမ်းများဖြင့် နည်းပညာပေး အကောင်အထည်ဖော်ခြင်းများ ပြုလုပ်သွားပါက များမကြာမီကာလများတွင် ဒေသခံများ၏ ငါးထုတ်လုပ်မှုစွမ်းအားများ တိုးတက်လာပြီး ရေရှည်တွင် ငါးသယံဇာတများ ပိုမိုပွားများလာမည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

# လက်ဖက်ရောင်းအားပိုကောင်းလာ၍ လက်ဖက်စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိ

**ပင်းတယ ဩဂုတ် ၁၈**

လက်ဖက်ရောင်းအား ပိုကောင်းလာခြင်းကြောင့် ရှမ်းပြည်နယ်တောင်ပိုင်း ဒေသများမှ လက်ဖက်စိုက်ပျိုးသူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း လက်ဖက်စိုက်ပျိုးသူအချို့၏ ပြောကြားချက်များအရ သိရသည်။



ပင်းတယမြို့နယ် လက်ဖက်ခြံတစ်ခြံမှ လက်ဖက်ခူးဆွတ်နေကြသည့် တောင်သူများ။

ရှမ်းပြည်နယ်တောင်ပိုင်း ကလော၊ ရွာငံနှင့် ပင်းတယမြို့နယ်ဝန်းကျင်တွင် လက်ဖက်ပင်များကို အများအပြား စိုက်ပျိုးကြကာ လက်ဖက်အစိုတစ်ပိဿာလျှင် ကျပ် ၁၅၀၀ မှ ၂၅၀၀ ခန့်နှင့် လက်ဖက်ခြောက်တစ်ပိဿာလျှင် ကျပ် ၅၅၀၀ မှ ၇၀၀၀ ဈေးနှုန်းဖြင့် ပြည်၊ ပျဉ်းမနား၊ တပ်ကုန်း၊ မန္တလေးနှင့် မြင်းခြံမြို့များသို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ဖက်ရောင်းအားကောင်းလာ၍ စိုက်ပျိုးရောင်းချသူများ အဆင်ပြေကြောင်း ကလောမြို့နယ်မှ လက်ဖက်စိုက်ပျိုးသူ ဦးစိန်ဝင်းက ပြောသည်။

ပင်းတယမြို့နယ် ဒရယ်အင်းရွာမှ လက်ဖက်စိုက်ပျိုးသူ ကိုကြည်စိုးကလည်း “အရင်ထက် ရောင်းအားရော၊ ဈေးရော ပိုတက်လာတယ်၊ လက်ဖက်အစိုထက် လက်ဖက်ခြောက်က ပိုပြီး ရောင်းအားကောင်းတယ်၊ ကျွန်တော်တို့ကတော့ အများအားဖြင့် ပင်းတယနဲ့ အောင်ပန်းကိုပဲ တင်ပို့ရောင်းချတယ်”ဟု ပြောသည်။

လက်ဖက်ပင်သည် နှစ်ရှည်ခံသီးပင် အမျိုးအစားဖြစ်ပြီး မိုးဦးကျကာလဇူလိုင်လနှင့် မိုးဦးစောလျှင် ဇွန်လတွင် စိုက်ပျိုးနိုင်ပြီး လက်ဖက်အစေ့ကို စိုက်ပျိုးခြင်းသည် ပျိုးပင်စိုက်ခြင်းထက် အပင်ရှင်သန်နိုင်နှုန်း ပိုများကြောင်း၊ လက်ဖက်ပင်သည် ဆောင်းရာသီတွင် နှင်းခါးကျရောက်မှုကို ကြောက်သဖြင့် အပင်သက်တမ်း နှစ်နှစ်အထိ နှင်းခါးကျရောက်မှုဒဏ်မှ ကာကွယ်ပေးရကြောင်း သိရသည်။

**တင်ဇာလှိုင်(ပြန်/ဆက်)**

# ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေအရ စိုက်ပျိုးရေးလုပ်ငန်းများ ပြင်ဆင်ထားရန်လိုအပ်

**ဘုတလင် ဩဂုတ် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးတွင်းကာလ မိုးရွာသွန်းမှုနည်းသောကြောင့် မိုးစပါးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေအခက်အခဲ ကြုံတွေ့လျက်ရှိကာ ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေအရ စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် ပြင်ဆင်ထားရန်လိုအပ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တောင်သူများအနေဖြင့် ရာသီဥတုအခြေအနေအရ စပါးကိုအခြောက်စိုက်စနစ် ပြောင်းလဲ ကျင့်သုံးခြင်း၊ မိုးရေ လေလွင့်ဆုံးရှုံးမှုမရှိစေရန်နှင့် ပိုးမွှားအန္တရာယ်ကာကွယ်နှိမ်နင်းနိုင်ရန် နွေထယ်ရေးခံခြင်း၊ သက်တမ်းတို အထွက်ကောင်းသည့် မျိုးများကို ပြောင်းလဲအသုံးပြုခြင်း၊ မျိုးကောင်းမျိုးသန့် သုံးစွဲခြင်း၊ အပင်အတွက်လိုအပ်သော ရေနှင့် အာဟာရဓာတ်ကို အချိန်ကိုက်ဖြစ်အောင် သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ တွဲဖက်အသုံးပြုခြင်း၊ ဇီဝမြေသြဇာ အသုံးပြု၍ မြေကြီးထဲရှိ ရေ၊ ကာဗွန်ဓာတ်နှင့် သက်ရှိအနုဇီဝများ ဖွံ့ဖြိုးတိုးတက်ရန်ဆောင်ရွက်ခြင်း၊ စိုက်ချိန်ပြောင်းလဲခြင်း၊ ရေနည်းလိုသီးနှံဖြစ်သည့် နှမ်း၊ ပဲတီစိမ်းများ စိုက်ခြင်း၊ ရေချွေတာသည့် Drip, Sprinkler နည်းများဖြင့် စိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ စိုက်နည်းစနစ်အတိုင်း စိုက်ပျိုးခြင်း၊ လယ်ယာနှင့် သစ်တော ရောနှောစိုက်ခင်း များ(ဥပမာ-လျှော်ဖြူ၊ နှမ်း၊ သရက်၊ မြေပဲ)ထူထောင်ခြင်း စသည့်အချက်များကို ပြင်ဆင်ထားသင့်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်ချိုချိုမာက ပြောကြားသည်။

ဘုတလင်မြို့နယ်၌ မိုးစပါးစိုက်ပျိုးရာတွင် မိုးရေနှင့်အတူ မြို့နယ်အတွင်းရှိ ဆည်ရေ၊ မြေအောက်ရေ၊ မြစ်ရေတင်များမှ ရေများဖြင့် စိုက်ပျိုးလေ့ရှိပြီး ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ရေရရှိမှုနည်းလမ်းမျိုးစုံဖြင့် မိုးစပါး ၃၅၈၄၉ ဧက စိုက်ပျိုးရန် လျာထားကြောင်းလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဟန်ထွန်း(အင်းဝ)**

## စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းမှ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃၃)အကြီးစားစက်ရုံ(ကျောက်ဆည်)ရှိ တောင်ပေါ်ယာဉ်ရပ်နားစခန်းနှင့် ထုတ်လုပ်ရေးရုံး (၅၀'×၂၀'×၁၄')အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါပုံစံများနှင့် စည်းကမ်းချက်ကို နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်တွင် ၅-၈-၂၀၁၉ရက်မှ ၃-၉-၂၀၁၉ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၃-၉-၂၀၁၉ရက် မွန်းတည့် ၁၂း၀၀နာရီတိတိ နောက်ဆုံးထား၍ တင်ဒါပေးသွင်းရန် ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၆၇-၃၄၀၉၆၁၈၊ ၃၄၀၉၆၃၅**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကျန်းမာကြံ့ခိုင်ပျော်ရွှင်သော လူတစ်ဦးချင်းမှသည် ကျန်းမာကြံ့ခိုင်ပျော်ရွှင်သော နိုင်ငံသားများအဖြစ် ရောက်ရှိစေရေးနှင့် လူတိုင်းလူတိုင်းကျန်းမာကြံ့ခိုင် ပျော်ရွှင်သည့် ဘဝများပိုင်ဆိုင်နိုင်စေရေးအတွက် လိုက်နာကျင့်ကြံဆောင်ရွက်ရန် စားသောက်၊ နေထိုင်၊ ပြုမူလှုပ်ရှားဆောင်ရွက်သင့်သည့် လူနေမှုဘဝပုံစံများအား အသိပညာပေးရေးနှင့် သက်ဆိုင်သည့် (ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ)ပြိုင်ပွဲ ကျင်းပမည်

ယနေ့ခေတ်ဖွံ့ဖြိုးတိုးတက်သော နိုင်ငံအများစုမှာ Active Citizens ဆိုသည့်နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပျော်ရွှင်သောလူနေမှုဘဝများကို ပိုင်ဆိုင်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းများချမှတ် ဆောင်ရွက်လျက်ရှိကြပါသည်။ စင်ကာပူဆိုလျှင်လည်း Active Singapore ဆိုသည့်ဆောင်ပုဒ်ဖြင့် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပျော်ရွှင်ရေးအား စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်း၊ ကိုယ်ပိုင်အားလပ်ချိန်နည်းပါးလာခြင်းတို့ကြောင့် ကိုယ်လက်လှုပ်ရှားမှုနည်းပါးလာပြီး အကျိုးဆက်အဖြစ် ရောဂါဖြစ်ပွားမှုများလည်း ပိုမိုများပြားလာသည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ လူတစ်ဦးချင်းကျန်းမာကြံ့ခိုင်ပျော်ရွှင်သောဘဝကိုပိုင်ဆိုင်နိုင်စေရန်အတွက် နိုင်ငံသားတိုင်း ကျန်းမာရေးအသိနှင့်ယှဉ်သည့် စားသောက်၊ နေထိုင်၊ ပြုမူလှုပ်ရှားလုပ်ကိုင် ဆောင်ရွက်ကြရန် အထူးလိုအပ်ပါသည်။ လူတစ်ဦးချင်းကျန်းမာပျော်ရွှင်သောဘဝကိုပိုင်ဆိုင်ခြင်းမှသည် မိသားစုတိုင်း၊ မိသားစုတိုင်းမှသည် အဖွဲ့အစည်းတိုင်း၊ အဖွဲ့အစည်းတိုင်းမှသည် နိုင်ငံသားတိုင်းအားလုံး ကျန်းမာရေးအသိပညာဗဟုသုတများရရှိပြီး လိုက်နာကျင့်ကြံဆောင်ရွက်ကြခြင်းဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအား များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပြီး ကျန်းမာကြံ့ခိုင်သော နိုင်ငံသားများမှသာ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာပြီး နိုင်ငံဂုဏ်ကို ဆောင်နိုင်ကြမည်ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ပျော်ရွှင်သောဘဝကို ပိုင်ဆိုင်နိုင်စေရေးအတွက်လည်းကောင်း၊ ကျန်းမာကြံ့ခိုင်သောနိုင်ငံသားများဖြင့်သာ နိုင်ငံတော်ကာကွယ်ရေးကုန်ထုတ်စွမ်းအား မြင့်မားစေရေးသာမက အားကစားနည်းအလိုက် ထူးချွန်ထက်မြက်သော မျိုးဆက်သစ်များပေါ်ထွန်းလာစေရေးအတွက်လည်းကောင်း နိုင်ငံသားတိုင်း ကျန်းမာရေးအသိနှင့်ယှဉ်သည့် စားသောက်၊ နေထိုင်၊ ပြုမူလှုပ်ရှားလုပ်ကိုင်ဆောင်ရွက်ကြရန် အထူးလိုအပ်ပါသည်။

သို့ဖြစ်၍ အထက်စာပိုဒ်များပါ အချက်အလက်များပေါ်လွင်စေရန် ကျန်းမာကြံ့ခိုင်ပျော်ရွှင်သော လူနေမှုဘဝပုံစံ၊ စားသောက်၊ နေထိုင်၊ ပြုမူလှုပ်ရှားလုပ်ကိုင်ဆောင်ရွက်နိုင်စေရေးအတွက်(ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ) ပြိုင်ပွဲအား ကျင်းပသွားမည်ဖြစ်ပါသည်။

ဆောင်းပါးပြိုင်ပွဲအတွက်အောက်ပါခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်သွားရမည်ဖြစ်ပါသည်။

(၁) ကျန်းမာကြံ့ခိုင်ပျော်ရွှင်သောမိသားစုဘဝများရရှိဖို့လူနေမှုဘဝပုံစံပြောင်းကြစို့
(၂) ရောဂါကင်းစင်ဥာဏ်ရည်ရွှင်ဖို့နည်းလမ်းအသွယ်သွယ်ဆောင်ရွက်စို့
(၃) ဘက်စုံထက်မြက် မျိုးဆက်သစ်အတွက် ရှေ့သို့လှမ်းချီလှုပ်ရှားမည်
(၄) အဖိုးနည်းဝန်ပါလှုပ်ရှားမှုမှသည် ကျန်းမာကြံ့ခိုင်ပြည့်မဏ္ဍိုင်သို့
(၅) ကျန်းမာစေကြောင်း နည်းလမ်းကောင်းအကောင်အထည်ဖော်ရေးလှုံ့ဆော်ပေး
(၆) ဘဝတစ်သက်တာ ကျန်းမာရေးလူနေမှုဘဝပုံစံပြောင်းလဲပေး
(၇) နုပျိုသက်ရှည်ကျန်းမာရေးကိုယ်လက်လှုပ်ရှားကစားပေး

ဆောင်းပါးပြိုင်ပွဲအတွက် Microsoft Word Software ဖြင့် Unicode Pyidaungsu,Font Size(13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၇) မျက်နှာထက်မနည်း၊ (၈)မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် Microsoft Word Software ဖြင့် Unicode Pyidaungsu,Font Size(13) အရွယ်အစားဖြင့် A4 စာမျက်နှာ(၁၀)မျက်နှာထက်မနည်း၊ (၁၁)မျက်နှာထက်မများ၊ ကဗျာပြိုင်ပွဲအတွက် Microsoft Word Software ဖြင့် Unicode Pyidaungsu, Font Size(13) အရွယ်အစားဖြင့် A4 စာမျက်နှာ (၄) မျက်နှာထက်မနည်း၊ (၅)မျက်နှာထက်မများ ရေးသားယှဉ်ပြိုင်နိုင်သည်။

အထက်ဖော်ပြပါ ဝတ္ထုတို၊ ဆောင်းပါးနှင့် ကဗျာပြိုင်ပွဲဝင်စာမူများကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၀ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး၊ လူထုအားကစားနှင့် ပညာပေးဌာနခွဲ၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း Social Zone၊ နေပြည်တော်သို့လိပ်မူကာ ပေးပို့ကြရန်နှင့် စာမူနှင့်အတူ လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူမှန်(၁)စောင်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်(၁)စောင်တို့ ပါရှိရမည်ဖြစ်ပြီး ရေးသားယှဉ်ပြိုင်သည့်(ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ)များ၏ Soft Copy (၁)ချပ်ကိုပါ ထည့်သွင်းပေးပို့ကြရမည်ဖြစ်သည်။

ပြိုင်ပွဲတွင် လက်ခံရရှိသောစာမူများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါးနှင့်ကဗျာပြိုင်ပွဲများအတွက် ပထမဆုအား ကျပ်(၁၀)သိန်း၊ ဒုတိယဆုအား ကျပ်(၈)သိန်း၊ တတိယဆုအား ကျပ်(၆)သိန်းနှင့် နှစ်သိမ့်ဆုအား ကျပ်(၅)သိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများအား နေ့စဉ်ထုတ်သတင်းစာများနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော စာမူများ၊ သတ်မှတ်ထားသည့်စာရွက်စာတမ်း အထောက်အထားမပြည့်စုံသော စာမူများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၈၁၀၄၃၃၄၊၀၆၇-၈၁၀၄၃၃၅၊ ၀၉-၂၀၀၂၁၉၆တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန Data Center Colocation Service ဝန်ဆောင်မှု လုပ်ငန်းများအတွက် Expression of Interest (EOI) ခေါ်ယူခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအတွက် အသုံးပြုရန်လိုအပ်သော Data Center Colocation Service ဝန်ဆောင်မှုလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဝန်ဆောင်မှုရယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အနိမ့်ဆုံး Tier 3 အဆင့်ရှိ Data Center Colocation Service ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေသူများအနေဖြင့် စိတ်ပါဝင်စားပါက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ကုမ္ပဏီ/အဖွဲ့အစည်း၏ တာဝန်ရှိသူကိုယ်တိုင် (သို့မဟုတ်)ကိုယ်စား လက်မှတ်ရေးထိုး၍ Expression of Interest (EOI) တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်သွင်းရမည့် (EOI) အဆိုပြုလွှာပုံစံများအား တင်ဒါကော်မတီ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၂)၊ နေပြည်တော်တွင် ၂၆-၈-၂၀၁၉ရက်မှ ၃၀-၈-၂၀၁၉ရက်ထိ ရုံးချိန်အတွင်း ရယူနိုင်ပြီး www.motc.gov.mm တွင်လည်း Download ရယူနိုင်ပါသည်။ (EOI) အဆိုပြုလွှာများအား ၂၅-၉-၂၀၁၉ရက် (၁၃း၀၀)နာရီနောက်ဆုံးထား၍ တင်ဒါကော်မတီ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ လိပ်မူ၍ သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလထက်ကျော်လွန်သော (EOI) အဆိုပြုလွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။

၃။ Expression of Interest (EOI) အဆိုပြုလွှာများအား စိစစ်ပြီး အရည်အသွေးပြည့်မီသည့် လုပ်ငန်းရှင်များအား စက်မှုပိုင်းဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့် ဈေးနှုန်းအဆိုပြုလွှာ Request for Proposal (RfP) များကို ဆက်လက်တောင်းခံသွားမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင်စုံစမ်းနိုင်ပါသည်။
တင်ဒါကော်မတီ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊
ရုံးအမှတ်(၂)၊ နေပြည်တော်
ဖုန်း -၀၉-၄၅၀၀၀၀၀၇၀ (ရုံးချိန်အတွင်း)

**တင်ဒါကော်မတီ**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန လျှောက်လွှာခေါ်ယူခြင်း

၁။ အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲနှင့် ထုတ်လုပ်ဌာနခွဲတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) **လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲ**
အနုပညာရှင်(၃) (တီးမှုတ်) (၂) နေရာ

(ခ) **ထုတ်လုပ်ဌာနခွဲ**
ကျွမ်းကျင်(၄) (အတီးအမှုတ်) (၃) နေရာ

၂။ ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ဂီတအထူးပြု (ဆိုင်း၊ စောင်း)ဖြင့် ဘွဲ့ရရှိပြီးသူ သို့မဟုတ် အနုပညာအထက်တန်းကျောင်း(ပန်တျာ) မှ (ဆိုင်း၊ စောင်း)ဖြင့် ကျောင်းဆင်းပြီးသူ ဖြစ်ရမည်။
(ခ) ၁-၉-၂၀၁၉ ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၀) ထက်မကြီးသူ ဝန်ထမ်းဖြစ်လျှင် အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။
(ဂ) ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်သည် ဌာနအကြီးအကဲ၏ ခွင့်ပြုချက်ပါရှိရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးသက္ကရာဇ်၊ လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်း၊ နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန် တယ်လီဖုန်းအမှတ်၊ မိဘအမည်နှင့် ၎င်းတို့၏အလုပ်အကိုင်တို့ကိုဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
(က) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဆိုဒ်အရွယ်ဓာတ်ပုံ(၃)ပုံ
(ခ) သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်းတို့ထံမှ ၁၅-၈-၂၀၁၉ ရက်နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း
(ဂ) ဘွဲ့လက်မှတ်မိတ္တူ သို့မဟုတ် အနုပညာအထက်တန်းကျောင်း ကျောင်းဆင်းလက်မှတ်မိတ္တူ၊ (မူရင်းများကိုလူတွေ့စစ်ဆေးသည့်အခါတင်ပြရမည်)

၅။ လျှောက်လွှာများကို ညွှန်ကြားရေးမှူး(စီမံ)၊ စီမံရေးရာဌာနခွဲ၊ အနုပညာဦးစီးဌာန၊ ရုံးအမှတ် ၃၅၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ နေပြည်တော်သို့ ၃၀-၈-၂၀၁၉ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။

၆။ လျှောက်ထားသူများအား ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှု လက်တွေ့စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းများပြုလုပ်မည်။ စစ်ဆေးမည့်ရက်ကို ထပ်မံအကြောင်းကြားမည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသောလျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ အသေးစိတ်သိရှိလိုပါက အောက်ပါတယ်လီဖုန်းအမှတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။
(က) စီမံရေးရာဌာနခွဲ ဖုန်း- ၀၆၇-၃၄၀၈၀၃၄၊ ၀၆၇-၃၄၀၈၀၃၇
(ခ) လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲ ဖုန်း- ၀၆၇-၃၄၀၈၄၄၃

**အနုပညာဦးစီးဌာန**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6K/3484 Toyota Kluger ACU 20,S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းနိုင်ကြွယ် ၁၂/ကတတ(နိုင်)၀၁၉၀၉၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မန္တလေးအဝေးသင်တက္ကသိုလ်(မကွေးဌာနခွဲ) ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၈ ပညာသင်နှစ်အတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာ/နိုဝင်ဘာလများတွင် ကျင်းပခဲ့သော မန္တလေးအဝေးသင်တက္ကသိုလ်၏ စတုတ္ထနှစ် ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ပဉ္စမနှစ် ဥပဒေပညာ(ဘွဲ့)စာမေးပွဲကိုဖြေဆိုအောင်မြင်ခဲ့ကြသည့် မကွေးတက္ကသိုလ်၊ ရေနံချောင်းဒီဂရီကောလိပ်(အဝေးသင်ဌာနခွဲ)မှ ကျောင်းသား/ကျောင်းသူများသည် (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်သည်။

၂။ လျှောက်လွှာပုံစံတွင် (၂×၁½)လက်မအရွယ် (၆)လအတွင်း ရိုက်ထားသည့် ဓာတ်ပုံ(၅)ပုံနှင့် မှတ်ပုံတင်မိတ္တူ(၁)စုံ ပူးတွဲ၍ ၂၆-၈-၂၀၁၉ရက်မှ ၂၆-၉-၂၀၁၉ ရက်အထိ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၃။ ဘွဲ့နှင်းသဘင်တက်ရောက်ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀/ကျပ် (ကျပ်တစ်ထောင့်ငါးရာတိတိ)နှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀/ကျပ် (ကျပ်တစ်ထောင်တိတိ)ကို ပေးသွင်းရမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာများကိုမကွေးတက္ကသိုလ်/ရေနံချောင်းဒီဂရီကောလိပ် (အဝေးသင်ဌာနခွဲ)များတွင် ရရှိနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံများကို ပြည့်စုံစွာဖြည့်စွက်၍ပေးသွင်းရန်ကျန်ရှိသော အခကြေးငွေများကို ကျေလည်အောင်ပေးဆောင်ပြီးကြောင်း သက်ဆိုင်ရာ မကွေးတက္ကသိုလ်နှင့် ရေနံချောင်းဒီဂရီကောလိပ် (အဝေးသင်ဌာနခွဲ)များမှ ထောက်ခံချက်ရယူပြီး သတ်မှတ်ဘွဲ့နှင်းကြေးများကို ပေးသွင်းလျှောက်ထားရမည်။ သက်ဆိုင်ရာဌာနခွဲများတွင် စိစစ်ခြင်း၊ ကျသင့်ငွေပေးသွင်းခြင်း မပြုလျှင်သော်လည်းကောင်း၊ အချိန်မီ မလျှောက်ထားလျှင်သော်လည်းကောင်း၊ ဘွဲ့လက်မှတ် အပ်နှင်းပေးမည်မဟုတ်ပါ။

၆။ ၂၀၁၈ ပညာသင်နှစ် အောင်မြင်သူများမှ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အမှန်တကယ် တက်ရောက်ယူနိုင်ခြင်းမရှိသူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားကြရန်ဖြစ်ပါသည်။ ၂၀၁၈ ပညာသင်နှစ်မတိုင်မီ ပညာသင်နှစ်များမှ ဝိဇ္ဇာ/သိပ္ပံ/ဥပဒေပညာ(ဘွဲ့) စာမေးပွဲ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၇။ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့လျှောက်ထားခဲ့ပြီး တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးပြီးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**(မောင်အေး)**
**ဌာနမှူး-သင်တန်းရေးရာ**
**မကွေးတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မြစ်ကြီးနားတက္ကသိုလ်(အဝေးသင်သင်တန်း) ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၈ ပညာသင်နှစ်အတွက် ၂၀၁၈ခုနှစ် အောက်တိုဘာလ/နိုဝင်ဘာလများတွင် ကျင်းပခဲ့သော မန္တလေးအဝေးသင်တက္ကသိုလ်၏ စတုတ္ထနှစ်ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)နှင့် ပဉ္စမနှစ်ဥပဒေပညာ(ဘွဲ့) စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသည့် မြစ်ကြီးနား၊ မိုးညှင်းဌာနခွဲများမှ ကျောင်းသား /ကျောင်းသူများသည် မန္တလေးအဝေးသင်တက္ကသိုလ်၏ (၂၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြပါသည်။

၂။ လျှောက်လွှာပုံစံကို (၂×၁½)လက်မအရွယ် ဓာတ်ပုံအသစ်(၅)ပုံနှင့် မှတ်ပုံတင်မိတ္တူ (၁)စုံ ပူးတွဲ၍ ၁၉-၈-၂၀၁၉ရက်မှ ၁၉-၉-၂၀၁၉ရက်အထိ နောက်ဆုံးထား၍ လျှောက်ထားရပါမည်။

၃။ ဘွဲ့နှင်းသဘင် တက်ရောက်ယူလိုသူ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀/ကျပ် (ကျပ်တစ်ထောင့်ငါးရာတိတိ)နှင့် အဝေးရောက်ဘွဲ့ယူလိုသူ ပုဂ္ဂိုလ်များသည် ဘွဲ့နှင်းကြေး ၁၀၀၀/ကျပ် (ကျပ်တစ်ထောင်တိတိ)ကို ပေးသွင်းရပါမည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို မြစ်ကြီးနားတက္ကသိုလ်၊ အဝေးသင်ဌာနတွင် လျှောက်လွှာရယူနိုင်ပါသည်။

၅။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်၍ အဝေးသင်တက္ကသိုလ်သို့ ပေးသွင်းရန်ကျန်ရှိသော အခကြေးငွေများကို ကျေလည်အောင်ပေးဆောင်ပြီးဖြစ်ကြောင်း ထောက်ခံချက်ရယူ၍ သတ်မှတ်ဘွဲ့နှင်းကြေးများကို မိမိစာမေးပွဲအောင်မြင်ခဲ့သည့် ဌာနခွဲတွင် ပေးသွင်းလျှောက်ထားရမည်။

၆။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို သက်ဆိုင်ရာဌာနခွဲသို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ထင်ရှားစွာရေးသား၍ လျှောက်လွှာရှင်အမည်၊ ခုံအမှတ်၊ အထူးပြုဘာသာစသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၇။ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်၍ မိမိတို့နှင့်သက်ဆိုင်ရာဌာနခွဲမှ တစ်ဆင့် စိစစ်ခြင်း၊ ကျသင့်ငွေပေးသွင်းခြင်း မပြုလျှင်သော်လည်းကောင်း၊ အချိန်မီ မလျှောက်ထားလျှင်သော်လည်းကောင်း မြစ်ကြီးနားတက္ကသိုလ်က ဘွဲ့အပ်နှင်းပေးမည်မဟုတ်ပါ။

၈။ ယခင်ပညာသင်နှစ်များမှ ဝိဇ္ဇာ/သိပ္ပံ/ဥပဒေပညာ(ဘွဲ့) စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၉။ ၂၀၁၈ ပညာသင်နှစ်တွင် ဘွဲ့ရရှိသူများမှာ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ (အမှန်တကယ်) ဘွဲ့တက်ရောက်ယူနိုင်ခြင်း မရှိသူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားကြရန်ဖြစ်သည်။

၁၀။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

**(အောင်မြင့်)**
**ဌာနမှူး၊သင်တန်းရေးရာ**
**မြစ်ကြီးနားတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ (၃)လမ်း၊ သစ္စာဥယျာဉ်အိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ် (၂၀၃)၏ တိုက်ခန်းအမည်ပေါက် ဦးကျော်ရှိန် ၁၂/ရကန (နိုင်)၀၂၅၉၂၈မှ သားငယ်ဖြစ်သူ မောင်ယဉ်ဆန်းအား မေတ္တာဖြင့် အပြီးအပိုင်လွှဲပြောင်းပေးသည့် ကတိစာချုပ်အရ မောင်ယဉ်ဆန်း ၁၂/ရကန(နိုင်) ၀၂၅၉၂၆ အမည်သို့ ပိုင်ဆိုင်မှုစာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေနှင့်အိမ်ရာဌာနခွဲ၊ အိမ်ရာ(၂)၊ နေပြည်တော်သို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)နေပြည်တော်**

## မွေးသက္ကရာဇ်အမှန်

ပင်လောင်းမြို့နယ်၊ ကိုးခေါင်ရွာ ဦးမောင်နီ-ဒေါ်လှဝိုင်း တို့၏သမီး နန်းနွံခေး၏ မွေးသက္ကရာဇ် အမှန်မှာ ၁၁-၄-၁၉၇၇ ဖြစ်ပါကြောင်း။

## အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပားလွင်ရွာ၊ ဦးအောင်ငွေ-ဒေါ်စန်းသွေးတို့၏သမီး မငွေးငွေးလှိုင်၏ အမည်မှန်မှာ မငွေးလှိုင်ဖြစ်ပါကြောင်း။ **မငွေးလှိုင်**

## မွေးသက္ကရာဇ်အမှန်

ပင်လောင်းမြို့နယ်၊ တင်းထက်ရွာ ဦးသန်းမောင်-ဒေါ်ရွှေအေးတို့၏သား ခွန်အောင်မိုးအေး၏ မွေးသက္ကရာဇ် အမှန်မှာ ၁၆-၂-၁၉၈၉ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ပင်လောင်းမြို့နယ်၊ ကိုးခေါင်ရွာ ဦးမောင်-ဒေါ်တင် တို့၏သမီး မစိန်ပွင့်၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၆-၁၉၆၉ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

မကွေးမြို့နယ်၊ မူလွန်ကျောင်းဆောင်၊ ဆဋ္ဌမတန်း(သင်ရိုးဟောင်း)မှ မောင်ခန့်သူရဆုပိုင်နှင့် ပထမတန်းမှ မသီဂီဇူးတို့၏ မိဘအမည်မှန်မှာ ဦးမင်းမျိုးမြတ် ၈/မကန(နိုင်)၁၆၆၄၂၄ နှင့် ဒေါ်နွဲ့ရီဝင်း ၈/မကန(နိုင်)၂၁၉၀၂၂ ဖြစ်ပါကြောင်း။

**ဦးမင်းမျိုးမြတ်-ဒေါ်နွဲ့ရီဝင်း**

## ဖခင်အမည်မှန်

မင်းဘူး (စကု) မြို့နယ်၊ အထက(ခွဲ) နန်းတော်ကုန်း၊ ဆဋ္ဌမတန်း (Grade - 6) မှ မောင်ဟန်ဇာလွင်၏ ဖခင်အမည်မှန်မှာ ဦးလွင်လွင်ကို ၈/မဘန(နိုင်)၀၈၃၆၅၇ ဖြစ်ပါကြောင်း။ **ဦးလွင်လွင်ကို**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၅၂၉၁ Honda wave NS 110s ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မိုးသူ ၆/သရခ(နိုင်)၀၈၅၉၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊**

**တိုင်းဒေသကြီးဦးစီးမှူးရုံး(ထားဝယ်)**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ အဋ္ဌမတန်းမှ မဟန်ပွင့်ဖြူ၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးဂင်ရှိန် ၆/တသရ(နိုင်)၀၃၆၉၂၇ ဖြစ်ပါကြောင်း။ **ဦးဂင်ရှိန်**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ အဋ္ဌမတန်းမှ မောင်ဝေယံသိန်း၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဦးမင်းသိမ်း ၁၂/မဘန(နိုင်)၁၀၅၇၅၉ ဖြစ်ပါကြောင်း။

**ဦးမင်းသိမ်း**

## အမည်ပြောင်း

မြိတ်မြို့၊ အထက (၂) နဝမတန်းမှ (ဘ) ဦးအောင်ကိုလတ်၏သား မောင်ကော်လန်ဘော်အား ယနေ့မှစ၍ မောင်ကောင်းထက်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းထက်ဟိန်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဝယ/၃၃၂၇၁ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Shwe Aung Myaing Co., Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဆရာမကြီး ဒေါ်မြရီ (ပေါက်ခေါင်းမြို့)

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက်(၆၈)၊ အခန်း(၄)နေ တိုင်းရင်းဆေးသမားတော်ကြီး ဦးထွဋ်(ပညာရေးအထူး အရာရှိ-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်သွင်သွင်မူ၊ ဒေါက်တာညွန့်အောင် (မျက်စိအထူးကု ဆရာဝန်ကြီး)-ဒေါ်သူဇာမြင့်၊ ဦးဇော်မင်းထွဋ်(ညွှန်ကြားရေးမှူး၊ တ·ဆ·ရ-၆၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ကြည်ကြည်လွင်၊ဦးသန့်စင်ထွဋ်-ဒေါ်မိုးမိုးသူတို့၏မိခင်၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၇-၈-၂၀၁၉ရက် (စနေနေ့) ည ၈း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီ တွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၉ ရက် (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဆရာမကြီး ဒေါ်မြရီ (ပေါက်ခေါင်း)

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၆၈၊ အခန်း ၄နေ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်(တ·ဆ·ရ-၆၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန)-ဒေါ်ကြည်ကြည်လွင်တို့၏ မိခင်သည် ၁၇-၈-၂၀၁၉ရက် (စနေနေ့)ည ၈း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး**
**ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဆရာမကြီး ဒေါ်မြရီ (ပေါက်ခေါင်း) အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖဆပလ ရပ်ကွက်၊ တိုက် ၆၈၊ အခန်း ၄နေ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်(တ·ဆ·ရ-၆၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ကြည်ကြည်လွင်တို့၏ မိခင်သည် ၁၇-၈-၂၀၁၉ရက် (စနေနေ့)ည ၈း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယ ညွှန်ကြားရေးမှူးနှင့် ဇနီး**
**တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဆရာမကြီး ဒေါ်မြရီ (ပေါက်ခေါင်း) အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖဆပလ ရပ်ကွက်၊ တိုက် ၆၈၊ အခန်း ၄နေ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်(တ·ဆ·ရ-၆၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ကြည်ကြည်လွင်တို့၏ မိခင်သည် ၁၇-၈-၂၀၁၉ရက် (စနေနေ့)ည ၈း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(၁)နှင့် ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဆရာမကြီး ဒေါ်မြရီ (ပေါက်ခေါင်း) အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖဆပလ ရပ်ကွက်၊ တိုက် ၆၈၊ အခန်း ၄နေ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်(တ·ဆ·ရ-၆၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ကြည်ကြည်လွင်တို့၏ မိခင်သည် ၁၇-၈-၂၀၁၉ရက် (စနေနေ့)ည ၈း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(၂)နှင့် ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဆရာမကြီး ဒေါ်မြရီ (ပေါက်ခေါင်း) အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖဆပလ ရပ်ကွက်၊ တိုက် ၆၈၊ အခန်း ၄နေ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်(တ·ဆ·ရ-၆၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ကြည်ကြည်လွင်တို့၏ မိခင်သည် ၁၇-၈-၂၀၁၉ရက် (စနေနေ့)ည ၈း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးရုံးဝန်ထမ်းများ**
**တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## Pu Joshua Hau Za Thang(ခ)ဇော်ကြီး

**အသက်(၄၆)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်(၃၉)နေ (ဦးလွန်းကျဲအို)-ဒေါ်သောင်းလျန်းတို့၏သား၊ ဒေါ်လောင်ထွေး-ဦးအောင်မင်း၊ (ဦးလာလ်လျန်ထန်)၊ (ဦးထောင်းလျန်ပုံ)၊ ဒေါ်မော်လီဗျက်ကျော်ဟွယ်၊ ဒေါ်မေရီနီးလျန်ဆုန်-ဦးချစ်ကိုကို၊ ဒေါ်အက်စတာဒုနယ်ကြွယ်၊ ဦးဗင်ဂျမင်လာလ်နိုင်ဆွမ်တို့၏အစ်ကို၊ ညီ၊ မောင်၊ ဒေါ်တီလ်ငွန်ပါရ်၏ချစ်လှစွာသောခင်ပွန်း၊ ဦးဒယ်နီယယ်ကျုံးဗန်ဘွဲ့-ဒေါ်ရွှန်းလဲ့ဝေ၊ မောင်ဆိုင်မွန်စွန်းကျဲထန်နှင့်မောင်ခရစ္စတိုဖာလာလ်ဟူးလျန်တို့၏ချစ်လှစွာသောဖခင်၊ မောင်ဂျိုးဇက်လာလ်ကျုံးလျန်၏အဘိုး၊ ဒေါ်ဗန်ကိပ်ပါရ်၊ ဒေါ်ဗန်နေပါရ်၊ ဦးလျောင်ဒေါ့ထန်း၊ မောင်ဗန်ကျဲအို၊ မောင်ဇကျဲထန်း၊ မဗန်နွန်ကျဲရ်နှင့်မလာလ်ဒင့်ပါရ်တို့၏ဦးလေးသည် ၁၇-၈-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၁း၄၆နာရီတွင် ရန်ကုန်အနောက်ပိုင်းဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၈-၂၀၁၉ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်၊ ချင်းနှစ်ခြင်းအသင်းတော်(CBC)၊ အင်းစိန်(ဘိုကုန်းမှတ်တိုင်)၊ မြောက်ဒဂုံ(၄၆ မှတ်တိုင်)တို့မှ ကားများ နံနက် ၁၁နာရီနှင့် ဆူးလေ (ဇမာနွေလ ဘုရားကျောင်းရှေ့)တို့မှ ကားများ နံနက် ၁၀း၃၀နာရီ တွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဗားကရာတောရကျောင်းတိုက်ကြီး၏ ဩဝါဒါစရိယဆရာတော်

## ဘဒ္ဒန္တကုဏ္ဍောဘာသ (ဝါးခယ်မ)

**(သာသနဓဇဓမ္မာစရိယ)**

**သက်တော်(၉၇)နှစ်၊ သိက္ခာတော် (၇၇) ဝါ**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၂၄၁၊ ဦးဝိစာရလမ်း၊ ဗားကရာတောရကျောင်းတိုက်ကြီး၏ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကုဏ္ဍောဘာသသည် (၁၃၈၁ ခု၊ ဝါခေါင်လပြည့်ကျော် ၂ ရက်) ၁၇-၈-၂၀၁၉ရက် (စနေနေ့) ည ၇း၄၂နာရီတွင် ဗားကရာတောရကျောင်းတိုက်ကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ရက်) ၁၉-၈-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိစျာပန ပူဇာသဘင်ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

(ဗားကရာတောရကျောင်းတိုက်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

**တပည့်သံဃာတော်များနှင့်**
**ဒါယကာ၊ ဒါယိကာမများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နှယ်နှယ်ဝင်း (အလယ်တန်းကျောင်းအုပ်)

**အလက(ဇရပ်ကွင်း)၊ လှည်းကူးမြို့နယ်**

**အသက်(၅၈)နှစ်**

(ဦးပြည်သိမ်း-ဒေါ်ခင်ခင်သိန်း)တို့၏သမီး၊ ဦးလှိုင်ဝင်း[စာတည်းမှူးချုပ်-ငြိမ်း၊ မြန်မာ့အလင်းသတင်းစာတိုက်]၊ (စာတည်းမှူးချုပ်၊ ဒီမိုကရေစီတုဒေးသတင်းစာတိုက်)-ဒေါ်ဖြိုးဖြိုး၊ ဦးမြင့်ဝင်း(ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ငြိမ်း)-ဒေါ်သီတာမြိုင်တို့၏ညီမ၊ ဒေါ်စန်းစန်းဝင်း(အထပြ၊ အထက-၂၊ ရွှေပြည်သာ)-(ဦးလှသိန်း)၊ ဦးနိုင်ဝင်း(မန်နေဂျာ၊ စီမံ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)-ဒေါ်ရွှေကျော့(အလပြ၊ အထက-၁၊ ပျဉ်းမနား)၊ ဦးမင်းဇော်သိန်း(လ/ထ မန်နေဂျာ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း)-ဒေါ်ခင်သန်းဝင်း၊ ဒေါ်မြတ်စိုးစိုးသိန်း(လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ရုံးချုပ်)တို့၏အစ်မ၊ တူ/တူမကိုးယောက်တို့၏အဒေါ်သည် ၁၈-၈-၂၀၁၉ရက်(တနင်္ဂနွေနေ့) ညနေ ၃း၁၅နာရီတွင် အမှတ် ၁၀/၁၀၄၊ ရတနာပုံလမ်း၊ ဆယ်သိန်းရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ရက်(အင်္ဂါနေ့) မွန်းလွဲ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၉ ရက်(စနေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

ရဟန်းဒါယိကာမကြီး

## ဒေါ်သန်းသန်းရီ အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အမှတ် (၁၅၀-ခ)၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်နှင့် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ကရဏာကမ္ဘာ့ဘိုးဘွားရိပ်သာနေ တာဝန်ခံအရာရှိ ဗိုလ်မှူးသောင်းမြင့်(ငြိမ်း)၏ဇနီး၊ ဦးအောင်နိုင်ဦး-ဒေါ်ကေသီမြင့်၊ ဒေါ်ကေသွယ်မြင့်၊ ဗိုလ်ကြီးဟိန်းဝေဖြိုး၊ မောင်ရှိန်းဝေဖြိုး(ရိုးမဘဏ်) တို့၏မိခင်၊ မကြည်လဲ့ရွှန်းတင့်၊ မောင်ရဲလင်းဇော်တို့၏အဘွားသည် ၁၇-၈-၂၀၁၉ရက်(စနေနေ့)ည ၁၀း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၉ရက်(တနင်္လာနေ့)မွန်းလွဲ ၁း၃၀နာရီတွင် နေပြည်တော် ပြည်သူ့ဆေးရုံ(ခုတင်-၁၀၀၀)မှ ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ဦး

**အသက်(၈၁)နှစ်**

နန့်စန်မြို့၊ (၄)ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၄/၁၀၂)နေ (ဦးသိန်းကျော်-ဒေါ်ဒွား)တို့၏သမီး၊ (ဦးသာဆိုင်-ဒေါ်ရီးတီ)တို့၏သမီးချွေးမ၊ (ဦးဘကျော်)၏ဇနီး၊ ဦးအောင်ကျော်ဦး(ဦးစီးအရာရှိ၊ ကညန၊အောင်ပန်း)-(ဒေါ်နုနုသန်း)၊ ဦးစိုးလွင်ကျော်(အထွေထွေမန်နေဂျာ-အင်းဝဘဏ်လီမိတက် ရုံးချုပ်၊ နေပြည်တော်)-ဒေါ်ခင်မမြိုင်၊ ဒုရဲမှူးအောင်ကျော်မိုး(သတင်းတပ်ဖွဲ့-လယ်ဝေး)-ဒေါ်ခင်မေဦး (အထက်တန်းပြ-ငြိမ်း)၊ဦးအောင်ကျော်သန်း(ခ)ကိုသူ(ထူးဆန်း မော်တော်ယာဉ်အသင်း)-ဒေါ်နန်းအေးအေးမြ၊ ဦးတေဇာအောင်(အင်ဂျင်နီယာမှူး၊ ကညန၊ မန္တလေး)-ဒေါ်ဥမ္မာကျော်(စာရင်းကိုင်-၂၊ ကညန၊ ရုံးချုပ်၊ နေပြည်တော်)တို့၏ မိခင်၊ မြေး၁၁ယောက်တို့၏အဘွား၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၈-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် နန့်စန်မြို့ မြို့မသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ငွေငွေဝင်း (တောင်ဥက္ကလာ/ပျော်ဘွယ်/ရေကျော်)

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်(၈)ရပ်ကွက်၊ စပယ်လမ်း၊ အမှတ်(၅)နေ (ဦးမြရှိန်-ဒေါ်ခင်ကြည်)(တောင်ဥက္ကလာ)တို့၏သမီး၊ (ဦးတူး-ဒေါ်ဆောင်း)(ပျော်ဘွယ်)တို့၏သမီးချွေးမ၊ ဦးမြင့်ဝင်း၏ဇနီး၊ သက်ဦးကိုကို (HAN GUK ကိုရီးယားဘာသာစကားသင်တန်း)၊ အောင်ကိုကို၊ မြတ်ခိုင်စိုး-ဆုဝေဖြိုး (တင်းနစ်နည်းပြ)တို့၏မိခင်၊ အောင်ဘုန်းမြတ်၏အဘွား၊ ဦးရွှေသိန်းမင်း-ဒေါ်အေးအေးမြင့်တို့၏ညီမ၊ ဦးဇော်လွင်-ဒေါ်ထူးကေခိုင်ဇော်၊ (ဦးကျော်စွာမြင့်-ဒေါ်နီနီဝင်း)၊ ဒေါ်လှလှဝင်း၊ ဦးအောင်မျိုးသူတို့၏အစ်မသည် ၁၈-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ရက် (အင်္ဂါနေ့) ညနေ ၃း၃၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။( ရေကျော် စပယ်လမ်းမှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၉ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ခင်မာညွန့်

**အသက်(၅၃)နှစ်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ခအုံးမော်ရွာသစ်ကျေးရွာနေ ဦးစံထွန်းအောင်-ဒေါ်အေးလုံ တို့၏သမီး၊ ဦးဝင်းတင့်-ဒေါ်ခင်မာအေးတို့၏ညီမ၊ ဦးအောင်နိုင်ဦး-ဒေါ်ခင်ခင်အေး၊ ဦးတင်ထွန်းအောင်-ဒေါ်ခင်သန်းမြင့်တို့၏အစ်မ၊ ဦးခင်မောင်စိန်၏ဇနီး၊ မထက်ထက်ခိုင်၊ မောင်မင်းထက်လှိုင် တို့၏မိခင်သည် ၁၈-၈-၂၀၁၉ရက် ညနေ၅း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

(ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

သက်တော်ရှည်ကျွဲကူးတောရဆရာတော်ကြီး

## ဘဒ္ဒန္တ နန္ဒောဘာသ

**သက်တော်(၁၀၅)နှစ်၊ သိက္ခာတော် (၈၀)**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ကျွဲကူးကျေးရွာ၊ ကျွဲကူးတောရ (၁၀၁)တပ်ဦးကျောင်း ပဓာနနာယက သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တ နန္ဒောဘာသမဟာထေရ်မြတ်ကြီးသည် (၁၃၈၁ ခု၊ ဝါခေါင်လပြည့်ကျော် ၂ ရက်)၁၇-၈-၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂ း၅၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ခုနှစ် ဝါခေါင်လပြည့်ကျော် ၆ ရက်) ၂၁-၈-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကျောင်းတိုက်ရှေ့ လောင်တိုက်မြေနေရာတွင် အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**တပည့် ဒါယကာ၊ ဒါယိကာမများ**

---

# အနိစ္စ

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)

## ဒေါ်ခင်စန်း

**သက်ကြီးကန်တော့ခံ**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(က+ဂ) ရပ်ကွက်၊ အမှတ် ၃၄၅နေ အသင်းဝင် ဒေါ်ခင်စန်းသည် ၁၆-၈-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၉ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**အမှုဆောင်အဖွဲ့**

---

## ဦးတင်ထွဋ်

**(တပ်မတော်-ရေ၊ ငြိမ်း)**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အရှေ့ခိုင်ရွှေဝါလမ်း၊ အမှတ် ၇၆၄နေ (ဦးမောင်စိန်-ဒေါ်ညွန့်) တို့၏သား၊ ဒေါ်လှလှမြင့်၏ခင်ပွန်း၊ ဦးရဲမင်းသောင်း-ဒေါ်သူဇာခိုင်၊ ဦးပြည့်မိုးခိုင်-ဒေါ်မိုးမဥ္ဇူလွင် တို့၏ဖခင်၊ မောင်ရှန်ဘုန်းပြည့်မော်နှင့်မောင်ဟိန်းသန့်တို့၏အဘိုးသည် ၁၇-၈-၂၀၁၉ ရက် (စနေနေ့) ညနေ ၅း၃၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၉ ရက် (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## ဦးစိုးကိုကို

**အသက်(၃၄)နှစ်**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၅)ရပ်ကွက်၊ အမှတ် ၁၉၃နေ (ဦးကိုကိုလေး) - ဒေါ်ခင်ဝင်းရီ တို့၏သား၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝဇီရာ ၁၀လမ်းနေ (ဦးကျော်ကျော်ဦး)-ဒေါ်စန်းစန်းဝင်းတို့၏သားသမက်၊ ဦးဝိသုဒ္ဓိ၏ညီ၊ မချယ်ရီကိုလေး(ခေတ္တ-ဂျပန်)၊ မလွင်မီမီကိုတို့၏အစ်ကို၊ မဇင်ဇင်ထက်၏ ချစ်လှစွာသောခင်ပွန်း၊ မမှူးမြတ်ဝတီကို၏ဖခင်သည် ၁၈-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ရက်(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

(မြောက်ဥက္ကလာပ နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တ ဉာဏာလင်္ကာရ

**သက်တော်(၉၄)နှစ်၊ သိက္ခာတော် (၇၃)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ ဓမ္မိတိုက်နယ်၊ ကညင်ကောက်အုပ်စု၊ တောရှည်ကျေးရွာ၊ တောရှည်ကျောင်းတိုက် ဦးစီးပဓာနနာယက မဟာထေရ်ဖြစ်တော်မူသော ဘဒ္ဒန္တဉာဏာလင်္ကာရသည် (၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့် ကျော် ၂ ရက်) နံနက်၁၁း၂၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၁ခုနှစ် ဝါခေါင်လပြည့်ကျော် ၆ရက်) ၂၁-၈-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇာသဘင် ကျင်းပမည်ဖြစ် ပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။

**တပည့် သံဃာတော်များနှင့်**
**စျာပန ကျင်းပရေးကော်မတီ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ စေတီ၊ ရေတွင်း၊ ရေကန်၊ ဆေးပေးခန်းဒါယိကာမကြီး

## ဒေါ်ခင်စိန် (အလိန်လည်ကျေးရွာ)

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမ၊ အမှတ်(၉၇)နေ (ဦးသာလှ-ဒေါ်အေးစိန်)တို့၏သမီး၊ (ဦးမောင်ကြိုင်-ဒေါ်မြိုင်)တို့၏သမီးချွေးမ၊ (ဦးချစ်လှိုင်)၏ဇနီး၊ (ဒေါ်ခင်ကြည်)၏ညီမ၊ (ဒေါ်ခင်သီ)၊ (ဒေါ်ခင်ရီ)၊ (ဒေါ်ခင်မြင့်) တို့၏အစ်မ၊ (ဦးမြလွင်)-ဒေါ်မြင့်မြင့်သန်း၊ ဦးအောင်ကြည်-ဒေါ်ချိုချိုသန်း၊ ဦးတင့်ဆွေ-ဒေါ်မြင့်ချိုတို့၏မိခင်၊ မြေးခြောက်ယောယ်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၇-၈-၂၀၁၉ရက် (စနေနေ့) ည ၁၀း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၉ရက် (သောကြာနေ့) နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

## ဦးကျော်ရ (ဝါးခယ်မ) အသက်(၇၇)နှစ်

ဝါးခယ်မမြို့၊ ဆေးရုံရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၁)နေ (ဒေါ်ခင်ခင်)၏ခင်ပွန်း၊ ဦးသန်းဆွေ-ဒေါ်လွင်လွင်မော်၊ မနွေးမြတ်စန္ဒာ-ဦးကိုကိုမောင်(သိန်းနက်ဘယဆေး-၁)၊ ဒေါ်အေးမြတ်သီတာ-(ဦးဇော်မင်းထွန်း)(ဒုမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)(သိန်းနက်ဘယဆေး-၂)၊ မောင်ကောင်းဆက်၊ မဆုလာဘ်ပြည့်၊ မဝတ်ရည်အောင်၊ မောင်အောင်မြတ်စံ၊ မောင်မင်းမော်ဟန်၊ (မောင်ခန့်ဇေ)၊ မခင်ရှင်းသန့်တို့၏အဘိုးသည် ၁၈-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၂း၃၀နာရီတွင် ရန်ကုန်ပြည့်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကုန်မြို့၊ စံပြဖဆပလရပ်ကွက်၊ တိုက်(၇)၊ အခန်း ၂၄ နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၉ရက် (စနေနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန်ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဘငွေး အသက်(၇၁)နှစ်

**မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်(အမှုဆောင်)**
**မန္တလေးတိုင်းဒေသကြီး သေနတ်ပစ်အားကစားဆပ်ကော်မတီ (အမှုဆောင်)**

၁၇-၈-၂၀၁၉ရက် (စနေနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသေနတ်ပစ်အားကစားအဖွဲ့ချုပ်**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးရန်နိုင် အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ နဝရတ်လမ်းသွယ်၊ အမှတ် 9E(1)နေ (ဦးမောင်မောင်လှ) -ဒေါ်ခင်မေ တို့၏သား၊ (ဒုဗိုလ်မှူးကြီးစံညွန့်-ဒေါ်ခင်မေကြည်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်နိုင်၏မောင်၊ ဦးရန်အောင်-ဒေါ်ဒီလိုင်းလာ၊ ဒေါ်မြင့်မြင့်ခိုင်၊ ဦးထင်ကျော်လင်း-ဒေါ်ပိုးအိ ယဉ်မွန်တို့၏အစ်ကို၊ မောင်ခန့်သူနိုင်ဇော်-မပန်ရည်သာ၊ မောင်လှကျော်မျိုးနိုင်၊ မောင်မင်းဆက်အောင် တို့၏ဖခင်၊ မောင်ဘုန်းပြည့်ခန့်၏အဘိုး၊ မသီရိယဉ်မွန်အောင်၏ဘကြီး၊ ဒေါ်တိုးတိုးညွန့်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၈-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အာရှ တော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၈-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၈-၂၀၁၉ရက် (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မြန်မာယူနီကုဒ်စံစနစ်သို့ ကူးပြောင်းရေးလုပ်ငန်းစဉ်များ စတင်ခြင်းအခမ်းအနားတက်ရောက်




ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် တာဝန်ရှိသူများ မြန်မာယူနီကုဒ်စံစနစ်သို့ ကူးပြောင်းရေးလုပ်ငန်းစဉ်များ စတင်ခြင်းအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

**ရန်ကုန် ဩဂုတ် ၁၈**

မြန်မာယူနီကုဒ်စံစနစ်သို့ ကူးပြောင်းရေးလုပ်ငန်းစဉ်များ စတင်ခြင်းအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့ရှိ MICT Park Conference Hall ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံ၏ e-Government လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာယူနီကုဒ်စံစနစ်သို့ ကူးပြောင်းရေးလုပ်ငန်းစဉ် စတင်နေပြီဖြစ်ကြောင်း၊ မြန်မာယူနီကုဒ်ကို ကွန်ပျူတာသုံး မြန်မာစာစံစနစ်အဖြစ် သတ်မှတ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးဌာနများတွင် ဧပြီ ၁ ရက်မှ စတင်၍ ယူနီကုဒ်နိုင်ငံတကာစံ ISO 10646 နှင့် ကိုက်ညီအောင် ဆောင်ရွက်ထားသော Pyidaungsu Font စနစ်ကို အောင်အောင်မြင်မြင် တွင်တွင်ကျယ်ကျယ် အသုံးပြုနေပြီဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းတွင် စံစနစ်ဖြစ်သော မြန်မာယူနီကုဒ်စနစ်ကို ပြောင်းလဲသုံးစွဲနိုင်ရေး ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးနှင့် ဆိုရှယ်မီဒီယာများပေါ်တွင် လက်ရှိ ရေးသားသုံးစွဲလျက်ရှိသည့် မြန်မာစာစနစ်များအစား

စာမျက်နှာ ၇ ကော်လံ ၁ ■

# မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံရွှေခါးပတ်ပြိုင်ပွဲ နောက်ဆုံးအချီတွင် ထွန်းထွန်းမင်းအနိုင်ရ



ပထမတန်းလက်ဝှေ့ချန်ပီယံ တူးတူးနှင့် ဘရာဇီးမွေထိုင်းချန်ပီယံ ဖာဘီရိုဗရာရီ ယှဉ်ပြိုင်ထိုးသတ်စဉ်။
ဓာတ်ပုံ- မင်းထက်

**ရန်ကုန် ဩဂုတ် ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Myanmar Martial Arts Group က စီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကြီးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူရိုးရာလက်ဝှေ့ အားကစားရုံ၌ ကျင်းပရာ ၈၀ ကီလိုတန်းပြိုင်ပွဲ နောက်ဆုံးငါးချီတွင် ထွန်းထွန်းမင်း အနိုင်ရခဲ့သည်။

ပြိုင်ပွဲတွင် ရွှေခါးပတ်ဆုချီးမြှင့်မည့်တွဲဆိုင်း စုစုပေါင်းခြောက်ဆိုင်း ယှဉ်ပြိုင်ထိုးသတ်ကြရာ အမျိုးသား နောက်ဆုံးပွဲ ၈၀ ကီလိုတန်းပြိုင်ပွဲ၌ မြန်မာပြည်ချန်ပီယံဟောင်း ထွန်းထွန်းမင်းနှင့် ရုရှားမွေထိုင်း ချန်ပီယံ မီးခေးလ် ဖက်ထရီလာ(ရုရှား) ယှဉ်ပြိုင်ထိုးသတ်ရာ

စာမျက်နှာ ၈ ကော်လံ ၁ ●

# AA ၊ TNLA ၊ MNDAA လက်နက်ကိုင်အဖွဲ့များက ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တံတားတစ်စင်းကို ထပ်မံမိုင်းခွဲဖျက်ဆီး ကွတ်ခိုင်မြို့အား အဝေးမှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ရန် ချဉ်းကပ်လာသဖြင့် တပ်မတော် စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်ခဲ့မှုကြောင့် အကျအဆုံးများစွာဖြင့် ဆုတ်ခွာထွက်ပြေး

၈ ၁၀

# ၂၀၁၉ အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ မြန်မာအသင်း ကမ္ဘောဒီးယားကို အနိုင်ယူ

**ဗန်ကောက် ဩဂုတ် ၁၈**

၂၀၁၉ အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (ခ) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအမျိုးသမီးအသင်း ဂိုးပြတ်နိုင်ပွဲရယူပြီး ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် ကမ္ဘောဒီးယားအသင်းနှင့် တွေ့ဆုံခဲ့ပြီး ၁၀ ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည်

စာမျက်နှာ ၈ ကော်လံ ၅ ○

## စစ်တောင်းမြစ်ရေ မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၈**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## သံလွင်မြစ်ရေ ဘားအံမြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် ဩဂုတ် ၁၈**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်မည့်အဖွဲ့များအားလုံး
မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပါရန် အကြောင်းကြားခြင်း

(၂၀၁၉-၂၀၂၀) ဗုဒ္ဓဂယာဘုရားဖူးရာသီတွင် ဘုရားဖူးပို့ဆောင်မည့် ခရီးသွားကုမ္ပဏီများ (အသစ်/အဟောင်း)အားလုံး ဗုဒ္ဓဂယာဘုရားဖူးလုပ်ငန်းကော်မတီသို့မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

စတင်ပေးသွင်းရမည့်နေ့(19-8-2019) နောက်ဆုံးပေးသွင်းရမည့်နေ့(2-9-2019)
မှတ်ပုံတင်ကြေး-၅၀၀၀၀ိ/-၊ နှစ်စဉ်ကြေး၅၀၀၀၀ိ/-

လိုအပ်သည့်အချက်အလက်များ
(က) ကိုယ်ရေးမှတ်တမ်းပုံစံအကျဉ်း (၁)စုံ(မူရင်း)
(ခ) ခရီးသွားလုပ်ငန်း Outbound Tour လိုင်စင် (၁)စုံ(မိတ္တူ)
(ဂ) MD (သို့မဟုတ်) Director တစ်ဦးဦး၏ ၂" ဝတ်လည် နောက်ခံအဖြူ ကာလာဓါတ်ပုံ (၇)ပုံ
(ဃ) ကုမ္ပဏီမှတ်ပုံတင် DICA Form (၁)စုံ(မိတ္တူ)
(င) UMTA အသင်းဝင်ကတ်ပြား (၁)စုံ(မိတ္တူ)

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)၊ စာတိုက်မှတ်တိုင်၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်။
09-254441411, 09-420087632, 09-250095318 (AYA Bank Account-0045202010071166)